# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၂၄ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် အစည်းအဝေးကို ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ကြီးကြပ်ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးရဲ့ ၂၄ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၈၉.၉၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအ ဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့ အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(သြဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၄ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိ လျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ပထမဦးစွာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၁၇၁၁၂ ဗိုလ်မှူးကြီးလှထွန်းမှ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၀၆၈ ဗိုလ်မှူး/ဗိုလ်ကြီး စိုးသီဟကျော်၏ ကိုယ်စား ခွင့်တိုင်ကြားဖို့ဖြစ်ပါတယ်။ ဗိုလ်မှူး/ဗိုလ်ကြီးစိုးသီဟကျော်သည် ဖျားနာနေပါသဖြင့် ၂၃-၉-၂၀၁၁ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လျှော က်ထားလာပါသည်။ ယခုခွင့် လျှောက်ထားချက်ကို ဗိုလ်မှူးကြီး လှထွန်းမှ ကိုယ်စားခွင့်တိုင်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဗိုလ်မှူးကြီးလှထွန်း၊ တပ်မတော်သားကိုယ်စားလှယ်** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၇၁၁၂ ဗိုလ်မှူးကြီး လှထွန်း ဖြစ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြ စ်တဲ့ ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၀၆၈ ဗိုလ်မှူး/ဗိုလ်ကြီး စိုးသီဟကျော်ဟာ ဖျားနာနေပါသဖြင့်ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့(၁)ရက် အားခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်းသည် မိသားစုကိစ္စဖြင့် မန္တလေးမြို့သို့ အရေးပေါ်ထွက်ခွာသွားရပါသဖြင့် ၂၃.၉.၂၀၁၁ ရက်နေ့ ခွင့် (၁)ရက်ပေးပါရန် ၎င်း၏ကိုယ်စား ဦးဖေသောင်း၊ ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မှ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်းသည် မိသားစုကိစ္စအရေးပေါ်ရှိတဲ့အတွက် မန္တလေးသို့ ထွက်ခွာသွားပါတယ်။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) ကျွန်တော် ဦးဖေသောင်း က ဦးမြအုန်း အတွက် ၂၃.၉.၂၀၁၁ ခွင့်(၁)ရက် ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဦးမြအုန်း၏ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်းသည် လည်ချောင်းအလွန်နာပြီး နေမကောင်းဖြစ်နေပါသဖြင့်

၂၃.၉.၂၀၁၁ ရက်နေ့ကို ခွင့်ပန်ကြားပါတယ်။ ၎င်း၏ ခွင့်ပန်ကြားချက်ကို ဦးစိုင်းကျော်ဇောသန်း ကိုယ်စား ဦးစိုင်းသန့်ဇင်မှ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစိုင်းသန့်ဇင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်းရဲ့ ကိုယ်စားခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးစိုင်းကျော်ဇောသန်းဟာ လည်ချောင်း အလွန်နာပြီး နေမကောင်းဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ယနေ့ကျင်းပတဲ့ စက်တင်ဘာလ၂၃ ရက် အတွက် ခွင့်(၁)ရက် ပေးပါရန် ဦးစိုင်းကျော်ဇောသန်းရဲ့ ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်းသည် ခါးနာဝေဒနာရောဂါ ခံစားနေရပါသဖြင့်ယနေ့ ၂၃.၉.၂၀၁၁ ရက်နေ့ကို ခွင့်(၁)ရက်အဖြစ်သတ်မှတ်ဖို့ လျှောက်ထားလာပါတယ်။ ၎င်းရဲ့ လျှောက်ထား ချက်ကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်းမှ ခွင့်တိုင်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်းသည် ခါးကိုက်ဝေဒနာကြောင့် ယနေ့ ၂၃-၉-၂၀၁၁ ရက်နေ့ကို ခွင့်(၁)ရက်

သတ်မှတ်ပေးပါရန် ၎င်းကိုယ်စား ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို တက်ရောက် ခွင့်ရှိတဲ့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွ င့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥ ပဒေ(၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြထားသည့် မေးခွန်းများကိုမေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တရားစီရင်ရေးကဏ္ဍတွင် သန့်ရှင်းရေးအတွက် မည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကမေးမြန်းသည့် မေးခွန်းသည်ပြည်ထောင်စုတရားသူကြီးချုပ်ကဖြေကြားမည့်မေးခွန်းဖြစ်ပါတယ်။ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က တရားစီရင်ရေးကဏ္ဍတွင် သန့် ရှင်းရေးအတွက် မည်သို့ ဆောင်ရွက်မည်ကိုသိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ မဏ္ဍိုင်ကြီး(၃) ရပ်ရှိပါတယ်။ ကျွန်တော်မေးမြန်းသည့် မေးခွန်းကတော့တရားရေးမဏ္ဍိုင်နှင့် သက်ဆိုင်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့တရားစီရင်ရေးကဏ္ဍတွင် သန့်ရှင်းရေးအတွက် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းလိုပါသည် ခင်ဗျား။ ကျေးဇူးတင်ပါသည်။

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဖုန်းမြင့်အောင် ၏ မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စု တရားသူကြီးချုပ်က ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဦးထွန်းထွန်းဦး (ပြည်ထောင်စုတရားသူကြီးချုပ်)**။ ။ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားသူကြီးချုပ်ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားပါ့မယ်။

တရားစီရင်ရေးကဏ္ဍသန့်ရှင်းရေးအတွက် တရားစီရင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများအား ပြည်သူတစ်ရပ်လုံး၏ ယုံကြည်ကိုးစားအားထားမှု ခံယူထိုက်တဲ့ တရားသူကြီးကောင်းများ၊ ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ ကြီးကြပ် ခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ဆောင်ရွက်နေပါ တယ်။ ထိုသို့ ဆောင်ရွက်ရာမှာ အမှုမှန်ကန်မြန်ဆန်ရေးကို ထိခိုက်စေသည့် လုပ်နည်းလုပ်ဟန်၊ တာဝန်ယူခြင်းကင်းမဲ့မှု၊ အဂတိလိုက်စားမှုတို့ကိုလည်း အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားရုံးအဆင့်ဆင့်မှာ လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများမရှိရန် ကြိုတင်ကာကွယ်မှုနှင့်အရေးယူမှု အပိုင်းနှစ်ပိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

တရားစီရင်ရေးကဏ္ဍမှာ တာဝန်ယူဆောင်ရွက်နေသူများ၊ တာဝန်ရှိသူများက လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု မကျူးလွန်နိုင်စေရန် ဆောင်ရွက်ရာတွင် ဆောင်ရွက်ရန် သတ်မှတ်ထားသော တာဝန်များအား လုပ်ထုံးလုပ်နည်းများနဲ့အညီ နည်းလမ်းတကျ ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်ရေးကို အဆင့် ဆင့်ကြီးကြပ် ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။ တာ ဝန်ယူခြင်း ကင်းမဲ့မှု၊ အဂတိလိုက်စားမှု အကျင့်ပျက်မှုတို့ ပေါ်ပေါက်ပါက ကျူးလွန်သူကိုသာမက အနီးကပ်ကြီးကြပ်သူကိုပါ အရေးယူသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော တရားသူကြီးများ၊

ဂုန်ထမ်းများ၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှု၊ တာ ဝန်ယူခြင်း ကင်းမဲ့မှုတို့ကို မဖြစ်ပွား စေရန် ကြိုတင်ကာကွယ်ခြင်း၊ ပေါ်ပေါက်ပါက အရေးယူခြင်းဖြင့် တရားစီရင်ရေးကဏ္ဍ သန့်ရှင်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေတို့ကို တိတိကျကျ ကျင့်သုံးမှု ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်း သည့်မေးခွန်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးက ဖြေကြားမည့် မေးခွန်း ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ရွေး ကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေတို့ကို တိတိကျကျကျင့်သုံးမှု ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ် ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကို ယ်စားလှယ် ဒေါက်တာဗညားအောင်မိုးဖြစ်ပါတယ်။ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်မေးရမယ့် မေးခွန်းက ရွေးကောက်ပွဲဥပဒေနဲ့ နည်းဥပဒေကို တိတိကျကျ ကျင့်သုံးမှု ရှိ /မရှိ ဆိုတဲ့ မေးခွန်းဖြစ်တဲ့ အတွက် ပြီးခဲ့တဲ့ ရွေးကောက်ဖွဲမှာတွေ့ရှိရတဲ့ ချို့ယွင်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်လာမည့် ရွေးကောက်ပွဲမှာ ဖြစ်ခဲ့ပြီး တဲ့ မှားယွင်းချက်၊ ချို့ယွင်းချက်များကို ရှောင်လွှဲပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာ များကို အချက်အလက်နဲ့ ပုဒ်မနဲ့ ကျွန်တော်တင်ပြရတဲ့ အတွက် စာဖတ်ပြီး တင်ပြခွင့်ပေးရန် တောင်းဆိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတ ယ်။ အဲဒီနေရာမှာ ဦးဗညားအောင်မိုး အမှု တစ်ခုချင်း။ Case တစ်ခုချင်းကိုတော့ သိရင်တော့ပြောပါ။ မသိရင်တော့ပြောခွင့်မရှိပါဘူး။ ဒါက ရွေးကောက်ပွဲခုံမှာ အမှုတွေ ခုံအဖွဲ့မှာ အမှုတွေ စစ်ဆေးနေပါတယ်။ သိတဲ့ဟာကို တိတိကျကျနဲ့ ဒီအမှားမျိုး မဖြစ်အောင်ဆိုရင် ဘာမှားသလဲ။

**ဦးဗညားအောင်မိုး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒါမျိုးလေးတွေကို ထောက်ပြပြီးတော့ပဲ ဖြစ်ပါတယ်။ Overall ခြုံပြီးတော့ ပြောရင်တော့ ဒါကတော့ မသင့်တော်ပါဘူး။

**ဦးဗညားအောင်မိုး မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)**။ ။ဟုတ်ကဲ့၊အချက်အလက်နဲ့ ကျွန်တော်တင်ပြပါ့မယ်။ ကျွန်တော်အမှုတင်တာ မဟုတ်ပါဘူး ။ ကျွန်တော်ဒီမှာ နောင်ပြင်နိုင်ဖို့ အတွက်ကို ကျွန်တော်အကြုံပြုတဲ့သဘောပါ။ မဲဆန္ဒပေးသူများ စာရင်းပြုစုခြင်း ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးတင်ပြလို ပါတယ်။ မဲပေးနိုင် သူများ မဲဆန္ဒစာရင်းမှာ မပါလာတာ အများအပြားတွေ့ရတယ်။ ဒါကျွန်တော့်ရဲ့ အတွေ့အကြုံအရပဲ။ ရပ်ကွက်/ကျေးရွာမှ ပြည်သူများ အဆိုအရ ငွေကြေးကောက်ခံရာမှာ စာရင်းအမြဲတမ်းယူပါတယ်။ မဲထည့်တဲ့အခါမှာတော့ ဘာကြောင့် စာရင်းမှာ မပါရတာလဲ။ မဲစာရင်းပြုစုတဲ့အခါမှာ မဲစာရင်းပြုစုသူ ထောက် ခံသော ပါတီကို မဲမထည့်သူဟု ယုံကြည်ရသူကို မဲစာရင်းမှာ မထည့်ပေးတဲ့ ပုံပေါ်ပါတယ်။ ဒီအချက်ကို မဲမပေးရ သူများဆီမှ သိရှိရပါတယ်။ ထူးခြားချက်မှာ မှတ်ပုံတင်မရှိသူများကို မဲထည့်ရန်အတွက် ယာယီ မှတ်ပုံတင်လုပ်ပြီး မဲထည့်ခွင့်ပေးတယ်။ တကယ်ရပ်ခံ၊ ရွာခံတွေက မှတ်ပုံတင်ရှိရှိကြီးနဲ့ မဲပေးခွင့် မရကြတော့ စိတ်မကောင်းဖြစ်ကြပါ တယ်။ ဆန္ဒမဲပေးတဲ့နေ့မှာ ဆန္ဒပြချင်တဲ့ အဆင့်ထိရောက် လာတာကို ကျွန်တော်တို့ နယ်မြေမှာ ကျွန်တော်တို့ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ နည်းဥပဒေ ပုဒ်မ ၇၊ ပုဒ်ငယ် (ခ) (၁)အရ တပ်ဖွဲ့၊ တပ်ဌာနများဟာ ရပ်ကွက်၊ ကျေးရွာ မဲရုံမှာ မဲထည့်ရန် အတွက် ရပ်ကွက်/ကျေးရွာမဲစာရင်းမှာ မထည့်ကြဘဲ သီးခြား မဲရုံဖွင့်တာရှိတယ်။ မလိုအပ်ဘဲနဲ့ ကြိုတင်မဲပေးကြတယ်။ ဖြစ်သင့် တာကတော့ အ များပြည်သူနဲ့အတူ နည်းဥပဒေအရ ရပ်ကွက်/ ကျေးရွာမဲရုံမှာ မဲထည့် သင့်ကြပါတယ်။ တကယ်လိုအပ်သော ကြို တင်မဲကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာမဲရုံမှာဘဲ ပို့သင့်ပါတယ်။ ရပ်ကွက်ကျေးရွာမှာ အိမ်ခြေစာရင်း၊ အိမ်ထောင်စု စာရင်း ပြု လုပ်ရာမှာ လျှော့ ပြီး ပြုလုပ်လေ့ရှိတယ်။ မုဆိုးမအိမ်၊ သက်ကြီးရွယ်အိုအိမ်၊ အလွန်

ဆင်းရဲနွမ်းပါးသူများရဲ့ အိမ်ကို ငွေကြေးအမျိုးမျိုး ကောက်ခံရာမှာ လွတ်ကင်းနိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာမှာ အိမ်ထောင်စုစာရင်း ချန်လှပ်ထားတတ်ပါတယ်။ တကယ်မှာတော့ ထိုသူများမှာလည်း မဲဆန္ဒပေးရန် အခွင့်အရေးရှိပါတယ်။ မချန်လှပ်ထားသင့်ပါ၊ ရပ်ကွက်၊ ကျေးရွာ ငွေကြေးကောက်ခံတဲ့အခါမှာ ငွေပိုရန်အတွက် အိ မ်ထောင်စုစာရင်း၊ အိမ်ခြေစာရင်းလျှော့ပြီး တင်ပြတတ်ပါတယ်။ ငွေကြေးကောက်ခံရာမှာ အိမ်ခြေအပြည့်ကောက်ခံပြီး၊ အိမ်ခြေလျှော့သော စာရင်းများအရ ငွေပြန် အပ်လျှင်ငွေပိုတာကို သုံးစွဲနိုင်ဖို့ အတွက်ဖြစ်တယ်။ မဲစာရင်းဒီလိုမချန် ထားရန် အရေးကြီးပါတယ်။ အချို့ ရပ်ကွက် ကျေးရွာအိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီးနဲ့ ဇနီး စုစုပေါင်း (၂)ယောက်သာလျှင် မဲစာရင်းမှာပါပြီး အိမ်ထောင်စုမှာ အခြားမဲပေးနိုင်သူတို့ မဲစာရင်းမှာ မပါခဲ့တာတွေ့ရပါတယ်။ မဲစာရင်းကို နည်းဥပဒေ ပု ဒ်မ ၈ အရ ကြိုတင်ပြီး လူမြင်တဲ့နေရာမှာ ကပ်ထားဖို့ဖြစ်ပေမယ့် အချို့က အဲဒါမကျင့်သုံးဘူး။ မဲစာရင်းများကို သိမ်းထားတယ်။ တကယ်ဖြစ်သင့်တာက ကြော်ငြာဖိတ်ခေါ် ပြီး ရပ်ကွက်၊ ကျေးရွာပြည်သူများကို လာရောက်စစ်ဆေးစေသင့်တယ်။ ဖြစ်ပုံက မဲပေးတဲ့နေ့မှာမှ နာမည်နဲ့ မဲစာရင်းနံပါတ် ကို ရှာကြတော့ အချိန်ကုန်တယ်။ ပြဿ နာလည်း တက်ကြတယ်။ မဲစာရင်းမှာ မပါ သူများကို နည်းဥပဒေပုဒ်မ ၉ အရ ရပ်ကွက် /ကျေးရွာ ကော်မရှင်က ထပ်မံတင်ပြပေးဖို့ ဆောင်ရွက် ပေးတာ နည်းတယ်။ ရပ်ကွက်၊ ကျေးရွာကော်မရှင်မှာ မဲပေးသူများ စာရင်းပါရှိပြီး မဲပေးသူ နံပါတ်ရရှိပြီးသော်လည်း မဲရုံမှူးမှာရှိတဲ့ မဲစာရင်း မှာမပါလို့ မဲပေးခွင့် မရတာလည်း ရှိတယ်။ တကယ်မဲပေးခွင့်ရှိသူကို မဲပေးရန် အခွင့်အရေးပေးသင့်ပါတယ်။ ဒါကြောင့် မဲစာရင်းပြုစု ရာတွင် ဥပဒေပုဒ်မ ၅ အရ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများ သည် တာဝန်ပေးအပ်ခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များက ပြုစုထားသော မဲစာရင်း အချက်အလက်ကို အခြေခံ၍ မဲဆန္ဒအသီးသီးအတွက် မဲစာရင်းများကို ပြုစုရမည်ဟု ပါရှိရာ ရပ်ကွက်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ စာရေးကသာ ပြုစုပေးပို့ပြီး သေသေချာချာ မစစ်ဆေးပါက အမှားအယွင်း အများအပြား ရှိနိုင်ပါတယ်။ ဤပုဒ်မကို အားထားဖြစ်ရလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဥပမာ မဲစာရင်းပြုစုရာမှာ အများပြည်သူ သိအောင်ကြော်ငြာပြီး ရပ်ကွက် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့ ပူးပေါင်းပြီး မဲစာရင်း ပြုစုဆောင်ရွက်ရန်လိုအပ်ပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ ပုဒ် မ ၈ အရ မဲစာရင်းကို ကြိုတင် ကြေညာခြင်းကို သေသေချာချာလုပ်ရန်၊ မဲစာရင်း သေသေချာချာ လူမြင်ကွင်းမှာ ကပ်ရန် နှင့်

ပုဒ်မ ၉ အရ မဲစာရင်းတွင် နာမည်မပါသော ဆန္ဒမဲပေးခွင့်ရှိသူများကို အမည်စာရင်းထပ်သွင်းရန် တောင်းဆို သည့်ကိစ္စကို သေသေချာချာ ဆောင်ရွက်ပေး ရန် လိုအပ်နေပါတယ်လို့ ကျွန်တော် မြင်ပါတယ်။

နံပါတ်(၂) အနေနဲ့ နောက်တစ်ခုအနေနဲ့က ကြိုတင်မဲကို ဥပဒေနဲ့ နည်းဥပဒေအတိုင်း လိုက်နာရန်နှင့် ပ တ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးချင်ပါတယ်။ ဥပဒေအရ ကြိုတင်မဲပေး သင့်သူကိုသာလျှင် ကြိုတင်မဲပေးဖို့လိုအပ်ပါတယ်။ မဲထည့်တဲ့နေ့မှာ သွားမထည့်ရအောင် သွားပြီး တန်းမစီရအောင်၊ အချိန်မကုန်အောင် အမျိုးမျိုးအကြောင်းပြပြီး စည်းရုံးပြီး ကြိုတင်မဲထည့်ခိုင်း တာရှိတယ်။ ပါတီ တစ်ခုခုကို ထောက်ခံအကျိုးပြုသူတို့က ဆောင်ရွက်ကြ တယ်။ ထည့်လိုက်တဲ့ ကြိုတင်မဲများအားလုံးဟာ ကြိုတင်မဲလိုက်ကောက်သူတို့ရဲ့ ဆန္ဒအတိုင်း ဖြစ်သွားကြတယ်။ ဒါဟာ အများအပြားဖြစ်ခဲ့ပါတယ်။ ရပ်ဝေးကလာတဲ့ ကြိုတင်မဲများ၊ ပုံစံ (၁၅)၊ ပုံစံ (၁) မရှိ။ ကြိုတင်မဲ လက်မှတ်ဖြတ်ပိုင်းမရှိ။ မတိမကျဖြစ်နေတယ်။ ဘယ်ကလာသော ကြိုတင်မဲမှန်း၊ မသိရှိ၊ လေ့လာ ရသလောက် လုပ်ဇာတ်ကြိုတင်မဲများတာ တွေ့ရပါတယ်။ ကြိုတင်မဲကို သက်ဆိုင်ရာ မဲရုံတွင် ပုဒ်မ ၄၅(က) အရ မဲရုံ စဖွင့်ချိန်မှာ အရေအတွက်ယူပြီး မှတ်သားထားခြင်းမရှိဘဲ မဲရုံမှာ မဲပုံးမှ မဲများကို ရေတွက်ပြီးမှ ကြိုတင်မဲကို ရေတွက်ကြတယ်။ အချို့မဲရုံမှာ ကြိုတင် မဲကို အထုပ်လိုက် တစ်ထုပ်ပြီး တစ်ထုပ်ထုတ်ယူလာတာ တွေ့ရပါတယ်။ မဲရုံမှာ မဲရေတွက်ပြီး မဲအရေအတွက် စာရင်းကို မဲ ရုံပေါင်းစုံမှ ရပြီးလောက်တဲ့အချိန်မှာ စာရင်းဇယားအထောက်အထား မတိကျတဲ့ ကြိုတင်မဲအမြောက်အများကို မြို့နယ်ကော်မရှင်မှာ ထပ်ပေါင်းထည့် နည်းဥပဒေ ၄၅(ဂ) အတိုင်း မဖြစ်တာရှိတယ်။ အဆိုးဆုံးမှာ ညမှာ မဲစာရင်းများ ပေါင်းပြီး မနက်ပိုင်း မှာ အချိန်နှောင်းမှ ရောက်လာကာ အချိန်နောက်ကျ ၊ နည်းဥပဒေ ပုဒ်မ ၄၅(ဃ)အရ မဟုတ်ပဲ၊ ကြိုတင်မဲထပ် ပေါင်းတော့ နိုင်သူပြန်ရှုံးတာလည်း ရှိခဲ့ပါတယ်။ ဆန္ဒရှင်တစ်ဦးတည်းက မဲတစ်မဲထက်ပိုပြီးပေးတဲ့ ကိစ္စကိုလည်း ကျွန်တော်တို့တွေ့ရှိခဲ့ပါတယ်။ မဲပေးသူနဲ့ မဲရုံမှူးတို့ နားလည်မှုယူပြီး တစ်ခါတည်း မဲအများအပြားထည့်ခြင်း၊ မဲဆန္ဒရှင် တစ်ဦးတည်း ထပ်ကာထပ်ကာ မဲပေးခြင်းများ ရှိတာကို တွေ့ရတယ်။ ရပ် ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ဘက်လိုက်တဲ့ ဖြစ်ရပ်လည်းရှိခဲ့ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး အချို့မှာ ပါတီတစ်ခုကို ကိုယ်စားပြုပြီး ပြည်သူကို ခြိမ်းခြောက် နှောင့်ယှက်ခြင်း၊ အခြားပါတီရဲ့ စည်းရုံးရေးကို နှောင့်ယှက်တားဆီးခြင်းမျိုးများ ရှိခဲ့တယ်။ တချို့မှာ ကော်မရှင်နဲ့ မဲရုံအဖွဲ့တို့ကို လွှမ်းမိုးခြယ်လှယ်ပြီး ဘက်လိုက်အာဏာသုံးမှုများရှိခဲ့ပါတယ်။ ဒီကိစ္စမှာ

ကျွန်တော်တို့ ကိုယ်တိုင် တွေ့ကြုံရတဲ့ အတွက်ကြောင့် အမှုစွဲပြီးတော့ တရားခံဟာ အမှုကို ရင်မဆိုင်ရဲဘဲ ယနေ့အထိ ဂရမ်းပြေး ဖြစ်နေတာလည်း ရှိပါတယ်။ မဲရေတွက်ရာတွင် နည်းလမ်း မကျတာရှိပါတယ်။ မလိုအပ်ဘဲ ပယ်မဲလုပ်တာ များတယ်။ မဲဆန္ဒပေး သူ၏ ဆန္ဒအမှန် ပေါ်လွင် နေလျက်နဲ့ အမှန်လက္ခဏာခြ စ်တာ တိုလွန်း၊ ရှည်လွန်း၊ ကောက်တယ်၊ ဘာတယ်၊ ညာတယ်နဲ့ ပယ်မဲလုပ်ကြတာများတယ်။ မဲဆန္ဒလက်မှ တ်ကို အများမြင်အောင် ရှင်းရှင်း လင်းလင်းမပြဘဲ ရေတွက်တာရှိတယ်။ ကြို တင်မဲလက်မှတ်ကို ရေတွက်ရာ မှာ လက်မှတ်ရဲ့ လက်ခံဖြတ်ပိုင်း မပြဘဲ ရေတွက်ခြင်း၊ ကြိုတင်မဲပေးသူအားလုံး ပြည်ပရောက်သူများ၊ ရပ်ဝေးကျောင်းသား၊ ဝန်ထမ်းများ၊ အခြား မဲဆန္ဒရှင်များ တပ်မတော်သား နှင့် မိသားစု များ အားလုံးတို့သည် သက်ဆိုင်ရာ ကျေးရွာ၊ မဲရုံ၊ ရပ်ကွက်၊ ကျေးရွာမဲ ရုံများ ရှိတဲ့အတွက် နည်းဥပဒေ ၆၅(က)အရ ကျင့်သုံးရန် မလိုဘဲ သက်ဆိုင်ရာမဲရုံတွင် ပုံစံ ၁၅ မဲလက်မှတ်ဖြတ်ပိုင်း၊ စာရင်းဇယားအတိုင်း ရေတွက်သင့်ပါတယ်။ အချို့နေရာတွင် မဲရုံမှူးများ အတွေ့အကြုံမရှိတာ၊ မကျွမ်းကျင်တာလည်း တွေ့ပါတယ်။ ရပ်ကွက်/ ကျေးရွာမှာရှိတဲ့ မဲရုံတို့ က ဆန္ဒမဲကိုမဲရုံမှာ မရေတွက်ဘဲ ၊ ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲ မြို့နယ်ကော်မရှင်ရုံးသို့ယူလာပြီး ရေတွက်တာရှိပါတယ်။ လမ်းခရီးမှာ မဲဆန္ဒ အပြောင်း အလဲ ဖြစ်သွားနိုင်ပါတယ်။ တကယ်စစ်မှန်တဲ့ ကြားနေသူများအဖြစ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ မဲရုံမှူးများနဲ့အဖွဲ့ကို ဖွဲ့စည်းဖို့ အထူးလိုအပ်ပါတယ်။ အထူးသဖြင့် မြို့နယ်နဲ့ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲတို့ဟာ လက်တွေ့ကျကျ ရွေးကောက်ပွဲကို ကြပ်မတ်ရမယ့်လူများ ဖြစ်တဲ့အတွက်ကြောင့် တကယ်စစ်မှန်တဲ့ ကြားနေသူများအဖြစ် ဖွဲ့စည်းသင့်ပါတယ်။ လေးစားအပ်ပါ သော ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ နော င်လာမည့် ရွေးကောက်ပွဲမှာ ပိုမိုတရားမျှတပြီး ပြည်သူများမဲဆန္ဒ ပေးခြင်းဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးဖြင့် တာဝန်သိသိ တိုင်းပြည်ကို အကျိုးပြုနိုင်ရန်အတွက်နှင့် စစ်မှန်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ပြည်သူ့ကိုယ်စားပြုနိုင်ရန် ရည်မှန်းပြီး ဤမေးခွန်းကို မေးမြန်း လိုက်ရခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းကတော့ (၁) အောက်ခြေမှာ ရွေးကောက်ပွဲ ဥပဒေ အတိုင်း မှန်မှန်ကန်ကန် မကျင့်သုံးမှု အတော်များများ ရှိခဲ့သည်ကို ရွေးကောက်ပွဲကော်မရှင်က သိရှိပါသလား။ (၂) မဲစာရင်းပြုစုရာတွင် ပိုမိုတိကျပြည့်စုံရန်ရွေးကောက်ပွဲကော်မရှင်မှ မကြပ်မတ် သင့်ဘူးလား။ (၃) ကြိုတင်မဲကို ပိုမိုတိကျမှန်ကန်စေရန် နည်းဥပဒေများ ပြင်ဆင်ဖြည့်စွက်ပြီး ပိုမို မကြပ်မတ်သင့်ဘူးလား။ (၄) မဲရုံမှူးများ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ

လွှန်ခဲ့တဲ့ရွေးကောက်ပွဲမှာထက်ပိုမိုပြီး အလုပ်လုပ်တတ်လာရန်နှင့် မျှတမှု ပိုမိုရှိလာရန် အသိပညာ ပိုမိုမပေးသင့်ဘူးလား။ ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဥက္ကဋ္ဌ၊** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၇။**

**ဦးတင်အေး(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ သပါတယ်။ မွန် ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာဗညားအောင်မိုးရဲ့မေးခွန်းကို ကျွန်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမအကြိမ် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ များကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ် ပေးခဲ့ပါသည်။ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၈)ရက်နေ့တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ ကို ပြဋ္ဌာန်းပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၁၇)ရက် နေ့ တွင် သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယင်းသို့ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ မဲစာရင်းပြုစုခြင်းနှင့် စပ် လျဉ်း၍ သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေ အခန်း (၆)၊ ပုဒ်မ ၁၃ မှ ၂၁ အထိလည်းကောင်း၊ နည်းဥပဒေ အခန်း (၃)၊ နည်းဥပဒေ ၄ မှ ၁၅ အထိ လည်းကောင်း ထည့်သွင်း ပြဋ္ဌာန်းထားပါတယ်။

နည်းဥပဒေ ၅ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများသည် တာဝန် ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ်ပုဂ္ဂိုလ်များက ပြုစုထားသော အချက်အလက်များကို အခြေခံ၍ မဲဆန္ဒနယ်အသီးသီးတွင် မဲစာရင်းများကို ပြုစုရမည်ဟု ပြဋ္ဌာန်းထားရာယင်းပြဋ္ဌာန်းချက်အရ လက်တွေ့ ဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အတွင်းရေးမှူး (ရ.ယ.က စာရေးများ)နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့က ပေါင်းစပ်လျက် မြေပြင်တွင် အမှန်တကယ်ရှိနေသည့် ရွေးကောက်ပွဲ ဥပဒေ အခန်း(၄)ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမကျန်ရစ်စေရန် စနစ်တကျ မဲစာရင်းပြုစု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အိမ်ထောင်စုတွေ ပိုပြ၊ ငွေတွေပိုကောက်၊ လှည့်စား၊ လောင်းကစားပြုလုပ်ခြင်းမှာ ရွေးကောက်ပွဲကော်မရှင်နှင့် မသက်ဆိုင်ကြောင်း ဖြေကြားလိုပါတယ်။ ထို့ပြင် နည်းဥပဒေ ၈ အရ ရွေးကောက်ပွဲမကျင်းပမီ ကော်မရှင်က သတ်မှတ်ပေးတဲ့ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ရက်နေ့တွင် ပြုစုထားသည့် မဲစာရင်းများကို အများပြည်သူသိရှိအောင် ကြိုတင်ကပ်ထား ကြေညာခဲ့ပါတယ်။ ယင်းသို့ကြေညာရာတွင် မဲစာရင်း၌မပါဝင်သေးပါက ထည့်သွင်းပေးရန် ပုံစံ (၃)ဖြင့်တောင်းခံနိုင်ကြောင်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်နေပါ က ပုံစံ(၄)ဖြင့်ကန့်ကွက်နိုင်ကြောင်း ဖော်ပြထားတဲ့ ကြေညာစာ ပုံစံနှစ်စောင်ကိုပါ တစ်ပါတည်း ကပ်ထားကြေညာခဲ့ခြင်းဖြစ်ပါတယ်။ အလားတူ ပုံစံ (၃)ဖြင့် မဲစာရင်း ထည့်သွင်းပေးရန် တောင်းဆိုတင်သွင်းသူများကိုလည်း နည်းဥပဒေ၉ နဲ့အညီ မဲစာရင်း၌ ဖြည့်စွက်ဖော်ပြစေခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရဲ့ မဲစာရင်းထည့်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို မကျေနပ်ပါက (၃)ရက်အတွင်း သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ နည်းဥပဒေ ၁၂(ဂ)အရ အယူခံနိုင်ခွင့်ရှိသဖြင့် ယင်းပြဋ္ဌာန်းချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်စေခဲ့ပါသည်။ သို့ဖြစ်၍ မဲစာရင်းပြုစုရာတွင် ဥပဒေအရ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများ ကျန်ရစ်နေခြင်းရှိ/မရှိမှာ ဥပဒေပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွင် တာဝန်ရှိသကဲ့သို့ကာယကံရှင်(မဲဆန္ဒရှင်များ)ရဲ့ သိရှိလိုက်နာ ဆောင်ရွက်မှုအပေါ် တွင်လည်း မူတည်ကြောင်း ဖြေကြားအပ်ပါတယ်။

တပ်ရင်း/တပ်ဖွဲ့ဌာနချုပ်များအတွင်း မဲရုံဖွင့်လှစ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ၃၆၊ နည်းဥပဒေ ၃၉(က)တို့အရ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူဦးရေနှင့် ဒေသအခြေအနေကိုမူတည်၍ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့က သင့်လျော်သလို သတ်မှတ်နိုင်ကြောင်း၊ မဲရုံနေရာများ သတ်မှတ်မှုကို မြို့နယ် ကော်မရှင်

အဖွဲ့ခွဲက သတ်မှတ်ဆောင်ရွက်နိုင်ကြောင်း၊ မဲဆန္ဒရှင်များလွယ်ကူစွာ မဲပေးနိုင်ရေးနှင့် လျှို့ဝှက် ဆန္ဒပြုနိုင်ရေးတို့ကို ရှေးရှု၍ မဲရုံတစ်ရုံစီတွင် မဲပေးရမည့်ဦးရေနှင့် မဲရုံအရေအတွက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လိုအပ်သလို သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် တပ်ရင်း/တပ်ဖွဲ့ဌာနချုပ်များအတွင်း မဲရုံဖွင့်လှစ်လောက်သည့် မဲဆန္ဒရှင်အရေအတွက် ရှိပါက မဲရုံတည်ဆောက်၍ မဲ ပေးခွင့်ပြုခြင်းမှာ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း သာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ကြိုတင်မဲကိစ္စနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေများတွင် ပုဒ်မ ၄ (၄၅) (က) ၌ မဲဆန္ဒနယ် ပြင်ပသို့ရောက်ရှိနေသောတပ်မတော်သား၊ကျောင်းသား၊ ကျောင်းသူများ၊သင်တန်းသား၊ အချုပ်ခံနေရသူ၊ ဆေးရုံတက်ရောက်ကုသနေသူများအတွက် သက်ဆို င်ရာ တပ်မှူးကဖြစ်စေ၊ ပုံစံ(၁၅)ဖြင့်ဖြစ်စေ၊ တောင်းခံလာသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေများ နှင့်အညီ ဆောင်ရွက်ပေးရန်ကိုလည်းကောင်း၊ ပုဒ်မ ၄၅(ခ)နှင့် (ဂ)တို့အရ သက်ဆိုင်ရာ မဲဆန္ဒနယ် အတွင်း၌ရှိသော်လည်း ရွေးကောက်ပွဲနေ့တွင် ခရီးသွား ရန်ရှိခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်း၊ သားဖွားနေခြင်း၊ အနာရောဂါပြင်းထန်စွာ ခံစားနေရခြင်း၊ အချုပ် ကျနေခြင်း၊ ဆေးရုံ၌အတွင်း လူနာဖြစ်နေခြင်းနှင့် ယာယီ တာဝန်သွားရောက် ထမ်းဆောင်ရခြင်းတို့ကြောင့် မဲရုံသို့ ကိုယ်တိုင် မလာရောက်နိုင်သူများအတွက် ပုံစံ(၁၅)ဖြင့် တောင်းခံရန် မလိုအပ်ဘဲ ကြိုတင်မဲပေးနိုင်ရန် ခွင့်ပြု ထားသည့် ပြဋ္ဌာန်းချက်များလည်းရှိပါတယ်။ သို့ရာတွင် ယင်းသို့ကြိုတင်မဲပေးပြီး သူများစာရင်းကို ပုံစံ(၁)ဖြင့် သီးခြားရေးမှတ်ထားရန်၊ နည်းဥပဒေ ၅၆(က)(၃)(၄)နှင့် နည်းဥပဒေပုဒ်မ ၅၆(ခ) တို့တွင်လည်းကောင်း၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ ပုဒ်မ ၄၇ နှင့် နည်းဥပဒေ ပုဒ်မ ၅၇ တို့တွင်လည်းကောင်း အသီးသီးပြဋ္ဌာန်းထားပြီး အလားတူ ကြိုတင် မဲပေးသူစာရင်းကို ပုံစံ (၁)ဖြင့် သီးခြားရေးမှတ်ထားရန် နည်းဥပဒေ ၅၇(ဂ)(၁)တွင် လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်၍ ကြိုတင်မဲပေးခြင်းကိစ္စကို ဥပဒေ၊ နည်းဥပဒေ များနှင့် အညီ ဆောင်ရွက်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ပေးလျက်ရှိပါတယ်။ ထို့အပြင် သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုဆန္ဒမဲပေးပြီး ပြီးခြင်း မဲရုံ၌ပင် မဲရုံအဖွဲ့ဝင်များ၊ အများ ပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်စာရင်းပြုစုရန် ဥပဒေပုဒ်မ ၄၈(ခ)နှင့် နည်းဥပဒေပုဒ်မ ၆၅ တို့တွင် ပြဋ္ဌာန်းထားပါတယ်။ အလားတူ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများသည်

ရွေးကောက်ပွဲကျင်းပသည့် နေ့(၄)နာရီ(မဲရုံပိတ်ချိန်)မတိုင်မီရောက်ရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုသာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အများပြည်သူများ ရှေ့မှောက်တွင် ရေတွက် စာရင်းသွင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် ကြိုတင်မဲပေးခွင့်ရှိသူ၊ ကြိုတင်မဲပေးသည့်နည်းလမ်း၊ ကြိုတင်မဲရေတွက်ခြင်း၊ ပြုစုခြင်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက တိကျစွာ လိုက်နာဆောင်ရွက်စေရန် ကော်မရှင်က ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မဲဆန္ဒရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း များနှင့် ကော်မရှင်ခွဲများကလည်း ရှင်းလင်းစွာ နားလည်သဘောပေါက် လိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြေကြားလိုပါတယ်။

မဲဆန္ဒရှင်တစ်ဦးက တစ်ကြိမ်ထက်ပို၍ မဲပေးမှုပြုခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေ၄၃နှင့် နည်းဥပဒေ၃၉(ဆ)တို့အရ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးပြီးသူမှအပ မဲဆန္ဒရှင်များသည်မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးရမည်ဖြစ်ပြီး ကိုယ်စားလှယ်စေလွှတ်၍ မဲဆန္ဒပေးခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ရာတွင် နည်းဥပဒေ ၄၂ နှင့် ၄၃ တို့အရ ဆန္ဒမဲပေးသူသည် မဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ သတ်မှတ်သည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်ဖြစ်စေ၊ မျက်မမြင်ဖြစ်လျှင်ဖြစ်စေ၊ ကျန်းမာသန်စွမ်းမှု မရှိလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ မဲဆန္ဒရှင်၏ မိဘ ၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ အရင်းတစ်ဦးဦး က မဲဆန္ဒရှင် ညွှန်ကြားသည့်အတိုင်း ဆန္ဒမဲပေးခြင်းကို ကူညီဆော င်ရွက်ပေးနိုင်ပြီး ယင်းကဲ့ သို့ ဆွေမျိုးရင်းချာ များ မရှိလျှင် မဲရုံမှူးက ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်များရှိသဖြင့် မဲဆန္ဒရှင်ကိုယ်စား စေလွှတ်၍ မဲပေးစေခြင်းမဟုတ်ဘဲ လိုအပ်ချက်အရ ဥပဒေနှင့် အညီ ကူညီဆောင်ရွက်ပေး ရခြင်းသာ ဖြစ်သည်ဟုဖြေကြားလိုပါသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ယခင်(ရယက)ဥက္ကဋ္ဌများကဘက်လိုက်ခြင်း ပါတီ၏စည်းရုံးရေး လုပ်ငန်းများကိုနှောင့်ယှက်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံအဖွဲ့တို့ကို လွှမ်းမိုးခြယ်လှယ်ခြင်းတို့ မရှိနိုင်စေရန်လည်း ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သို့ ဥ ပဒေနှင့် အညီတိကျစွာ ဘက်မလိုက်ဘဲ ဆောင်ရွက်ကြစေရန် ကြပ်မတ်ညွှန်ကြားထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆန္ဒမဲရေတွက်ရာတွင် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ အခန်း ၁၀နှင့် နည်းဥပဒေ အခန်း ၁၂ တို့တွင် အသေးစိတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ အထူးသဖြင့် ဆန္ဒ မဲ၊ ကြိုတင်မဲလက်မှတ်များကို မဲရုံတွင်ရေတွက်ပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ အများ

ပြည်သူများရှေ့မှောက်တွင် ရေတွက်စာရင်းပြုစုခြင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်ရသည့် ကြိုတင်မဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်တွင် ရေတွက်ခြင်းပြုရန် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းချက်များရှိပြီး ဖြစ်ပါသည်။

ပယ်မဲများခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၆၉ အရ မဲလက်မှတ် သို့မဟုတ် ကြိုတင်မဲလက်မှတ်တစ်ခု ခိုင်လုံခြင်း၊ မခိုင်လုံခြင်းကို မဲရုံတွင်ရေတွက်ခြင်းဖြစ်ပါက မဲရုံမှူးက ဆုံးဖြတ်ရမည်ဖြစ်ပြီး မြို့နယ် ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်မဲဖြစ်ပါက မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ယင်းကော်မရှင် အဖွဲ့ခွဲ၊ မဲရုံမှူးနှင့် မဲဆန္ဒရှင်များကိုယ်တိုင်ပယ်မဲများကို သတ်မှတ်ဆုံးဖြတ်နိုင်ရန် နည်းဥပဒေ ၆၆(ဂ)နှင့်(ဃ)တို့တွင် ပယ်မဲသတ်မှတ်ရမည့် မဲလက်မှတ်၊ ကြိုတင်မဲလက်မှတ် အမျိုးအစားများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးထားပြီး ရွေးကောက်ပွဲမတိုင်မီ နေ့စဉ်ထုတ်သတင်းစာများတွင် ရှင်းလင်းစွာ အသိပေးကြေညာထားပြီးဖြစ်ကြောင်းနှင့် ပယ်မဲများမဖြစ်စေရန် မဲဆန္ဒရှင်များမှလည်း ကြိုတင်လေ့လာဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဖြေကြားလိုပါသည်။ မြို့နယ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၈(ဂ) ပါ လုပ်ပိုင်ခွင့်အရတိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဥက္ကဋ္ဌအပါအဝင် အများယုံကြည်လေးစားခြင်းခံရသူ(၆)ဦးနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သောဌာနဆိုင်ရာဝန်ထမ်း (၉)ဦး တို့ဖြင့် ဥပဒေနှင့် အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် ဤကော်မရှင်၏ ညွှန်ကြားချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများက ရပ်ကွက်နှင့်ကျေးရွာအုပ်စုရှိ မဲဆန္ဒရှင်နှင့် မဲရုံအရေအတွက်ပေါ်မူတည်၍ ဥက္ကဋ္ဌအပါအဝင် အများယုံကြည် လေးစားခြင်းခံရသော ပုဂ္ဂိုလ်အနည်းဆုံး (၂)ဦး မှ (၁၇)ဦး အထိနှင့် အတွင်းရေးမှူးအဖြစ် (ရ.ယ.က စာရေး) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ မဲရုံအဖွဲ့များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာရွေးကောက်ပွဲနည်းဥပဒေ၃၉(ဂ)နှင့် (ဃ)တို့ပါအတိုင်း သင့်လျော်သော နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံအများ ယုံကြည်လေးစားခြင်းခံရသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဖြစ်ပါတယ်။ အများယုံကြည်လေးစားခြင်း ခံရသောပုဂ္ဂိုလ်များကို စိစစ်ရာတွင် ပါတီနိုင်ငံရေးကင်းရှင်းပြီး အများပြည်သူအကျိုးကို ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာ

ကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့်က ထောက်ခံတင်ပြလာသူကိုသာ ရွေးချယ်တာဝန်ပေးအပ်ခြင်း ဖြစ်ပါသည်။ ထို့အပြင် ဥပဒေဖိုမ ၈၂(ဃ)တွင် ကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့်အပါအဝင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် တာ ဝန်ဝတ္တရားများ ထမ်းဆောင်သော ပုဂ္ဂိုလ်များ သည် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆော င်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရန်၊ ဘက်မလိုက်ရန် ပြဋ္ဌာန်းထားပါသဖြင့် နိုင်ငံတော်အကျိုးအတွက် စေတနာမှန်ဖြင့် တာဝန်ထမ်းဆောင်သွားသူများကိုသာ ရွေးချယ်တာဝန် ပေးအပ်ခဲ့ပါကြောင်း ဖြေကြားလိုပါသည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ဥပဒေများကို နိုင်ငံတော်က ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပြီး ကော်မရှင်ကရွေးကောက်ပွဲ ကျင်းပမည့်ရက် ကို ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက် နေ့တွင် ကြေညာကာ ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ရ ခြင်းဖြစ်ပါတယ်။ အချိန်အားဖြင့် (၈)လ ခန့်သာ ရရှိခဲ့ပါတယ်။ ယင်းသို့တိုတောင်းသည့် အချိန် ကာလအတွင်း အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ ခွဲများကို ဖွဲ့စည်းခြင်း၊ ဥပဒေ၊ နည်း ဥပဒေ ပြဋ္ဌာန်းချက်များကို လေ့ကျင့်သင်ကြား ပို့ချပေးခြင်း၊ ပါတီများတည်ထောင် မှတ်ပုံတင်ခွင့်ပြုခြင်း ကိစ္စဆောင်ရွက်ပေးရခြင်း၊ ပါတီများအား စည်းရုံးဆောင်ရွက် ခွင့်ပြုပေးခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်းစသည့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန် များပြားလှသော လုပ်ငန်းတာဝန်များကို ဆောင်ရွက် ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာအောင်မြင်သည့် ရွေးကောက်ပွဲဖြစ်သော်လည်း အားနည်းချက်/ချွတ်ယွင်းချက်များ အနည်းငယ် ရှိကောင်းရှိမည်ဖြစ်ပါသည်။ နောင်တွင်(၅)နှစ်လျှင်တစ်ကြိမ် ပုံမှန်ရွေးကောက်ပွဲများ၊ လိုအပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ် ရမည်ဖြစ်၍ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများအပေါ် ပြင်ဆင်သင့်သည့် အချက်များကို ပြင်ဆင်၍လည်းကောင်း၊ နိုင်ငံရေး ပါတီများမှ ကောင်းသောအကြံပြုချက်များကို လက်ခံ၍လည်းကောင်း၊ ပါတီ အချင်းချင်းထိန်း ကျောင်းသောစနစ်ဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲ များနှင့် မဲရုံအဖွဲ့များအား ကျွမ်းကျင်မှု ရှိအောင် ပိုမိုလေ့ကျင့်ပညာပေး၍လည်းကောင်း လွတ်လပ်၍ တရားမျှတသောရွေး ကောက်ပွဲများ ဖြစ်စေရန် ဥပဒေနှင့်အညီ ကြိုးကြပ် ဆောင်ရွက်သွားပေးမည်ဖြစ်ကြောင်း အသိပေးပြောကြား လိုပါသည်။ သို့ ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာဗညားအောင်မိုး ရဲ့

မေးခွန်းပါ အောက်ခြေအဖွဲ့အစည်းများက ရွေးကောက်ပွဲဥပဒေအတိုင်း မှန်မှန်ကန်ကန် ကျင့်သုံး ဆောင်ရွက်စေရန်ကိုလည်းကောင်း၊ မဲစာရင်းများကို တိကျမှန်ကန်စွာပြုစုစေရန်ကို လည်းကောင်း၊ ကြိုတင်မဲ ကိစ္စများတွင် ဥပဒေပြဋ္ဌာန်းချက် နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရန်ကို လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲများနှင့် မဲရုံအဖွဲ့များကို ဥပဒေနှင့် အညီ လုပ်ငန်းကျွမ်းကျင်မှု ရှိလာစေရန်ကိုလည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အလေးထားကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ (ဩဘာသံများ)

**ကချင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ၏ လူနေမှု ဘဝလုံခြုံရေးနှင့် ဒေသအ တွင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမယ့် မေးခွန်းသည် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားမယ့်မေးခွန်း ဖြစ်ပါတယ်။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ က ကချင်ပြည်နယ်ရှိ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝလုံခြုံရေးနှင့် ဒေသအတွင်းဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကြွရောက်ဖြေကြားပေးပါသော ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဌာနမှ အကြီးအကဲများ၊ သတင်းဌာနမှ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)(ပူတာအိုခရိုင်၏မြို့များဖြစ်ကြသော ဆွမ်ပရာဘွမ်၊ပူတာအို၊မချမ်းဘော၊ခေါင်လန်ဖူး၊ နောင်မွန်၊ ပန်နန်းဒင် မြို့နယ်ခွဲများ) ရဲ့ ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိမိရဲ့ ပထမဦးဆုံးသော တင်ပြခွင့်ကိုရရှိတဲ့ အတွက်ကြောင့်မို့လို့ ရှေးဦးစွာ ကျွန်တော်ကျေးဇူးတင်စကားတစ်ခုကို အရင်ပြောပါရစေ၊ ကျွန်တော်တို့ ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးသန်း ရွှေ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး နှင့် အခုဒီမှာ ရှေ့မှာ ကြွရောက် ပေးပါသော ယ ခင်နိုင်ငံတော်

ကောင်စီဝင်များအားလုံးကို အထူးကျေးဇူးတင်ကြောင်း ဦးစွာကျွန်တော်ပြောကြားလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲများရဲ့အမြော်အမြင် ကြီးမားမှု၊ မေတ္တာစေတနာသဘောထားကြီးမားမှုကြောင့် ကျွန်တော်တို့တောင်ပေါ်လျှိုမြောင်ဒေသမှာ မှီတင်းနေထိုင်နေကြတဲ့ ကျွန်တော်တို့တိုင်းရင်းသားများလည်းအခုလို ပြည်ထောင်စုလွှတ်တော်၊အမျိုးသားလွှတ်တော်မှာ ပါဝင်ခွင့်ရရှိအောင် စီစဉ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်း(၄)ခု မေးခွင့်ပြုပါ။ ပထမတစ်ခုမှာတော့ ကျွန်တော်တို့ ပူတာအိုခရိုင်မှာ အဓိကလမ်းမကြီး (၃)ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးနဲ့တော့ သိပ်တော့မဆိုင်ပါဘူး။ ဒါပေမယ့် အဲဒါကို အရေးကြီးတာ ဖြစ်နေပါတယ်။ ဘာကြောင့်လဲ ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုများဟာ အင်မတန်ခက်ခဲတဲ့ ကြမ်းတမ်းတဲ့ဘဝနဲ့ ရင်ဆိုင်နေကြရပါတယ်။ ကျွန်တော်တို့ဆီမှာ ကားလမ်းမပေါက်တဲ့ နေရာတွေ အများကြီးရှိပါတယ်။ ကျွန်တော်ရဲ့ သူငယ်ချင်းတချို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တချို့သည် အဆင့်မြှင့်တင်ရေးတွေ နိုင်လွှန်ကတ္တရာလမ်းတွေဖြစ်တဲ့အခါ ကျွန်တော်အများကြီး ဝမ်းနည်းကြေကွဲရပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာဆိုရင်လမ်းမှာလမ်းပျောက်နေတယ်။ နဂိုလမ်းအူကြောင်းတွေလည်း မရှိတော့ပါဘူး။ ပြိုပျက်ပြီးမှ ကုတ်ခြစ်သွားလာနေရပါတယ်။ ကျွတ်တွေ၊ ဒက်တွေ၊ မျှော့တွေပေါ့လေ။ တစ်မိုင်သွားလိုက်တာနဲ့ အကောင်ပေါင်းလေးငါးဆယ်ကောင်၊အဲဒီလိုပေါ့ တစ်နေကုန်သွားလိုက်ပြီဆိုရင်၁၀ မိုင်လောက်ပဲ သွားနိုင်တဲ့ဘဝ၊ ကျွန်တော်တို့ ဒီလိုဖြစ်နေတဲ့ ခက်ခဲကြမ်းတမ်းတဲ့ ဒေသတွေ၊ ရှေ့တန်းပေါ့လေ၊ မျက်နှာစာပုံစံပေါ့လေ အဲဒီလိုဖြစ်နေတဲ့ ကျေးရွာ၊ ရပ်ရွာတွေအများကြီး ရှိပါတယ်။ ဒါကြောင့်မို့လို့ ဈေးနှုန်းသည်လည်း အင်မတန်မြင့်မားနေပါတယ်။ ပါရာစီတမောတစ်လုံးဟာ ခေါင်လန်ဖူးဒေသမှာဆိုရင် တစ်လုံးကို (၂၀၀) ကျပ်ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီကနေမိုင် (၆၀ - ၇၀) လောက်ဝေးတဲ့နေရာမှာ ဆိုရင်တစ်လုံးကို(၅၀၀)ကျပ်ဖြစ်ပါတယ်။ နောက်ပြီးတော့ ဆား ခဲတစ်ပိဿာဆိုရင် (၅၀၀၀)ကျပ် ဖြစ်ပါတယ်၊ ဒါတောင်မှရှာလို့မရတဲ့နေရာတွေရှိပါတယ်။ နောက်ပြီးတော့ ဆန်တစ်တင်းဆိုရင် ကျွန်တော်တို့ တောင်ယာဆန်ပေါ့လေ (၇၅၀၀၀)ဆိုရင်တောင်မှ ဘယ်သူမှ မရောင်းသေးပါဘူး။ နောက် ကိုယ့်အသိဆွေမျိုးတွေဖြစ်လို့သာ ဒီလိုကျွေးမွေးဧည့်ခံတာရှိပါတယ်။ ဆန်ကနပ်မှန်မစားပါဘူး။ ကျွန်တော်တို့ တစ်ရက်မှာ တစ်ခါလောက်ပဲ စားတဲ့နေရာတွေ အများကြီးရှိပါတယ်။ အဲဒီနေရာတွေကို ကျွန်တော်အနည်းငယ် ဖော်ပြရမယ်ဆိုရင် ပူတာအို၊ မချမ်းဘော ၊ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲများကနေ ကတ္တရာလမ်းကို ကျွန်တော်တို့ရှိသွားပါပြီ။ နောက်ဘော်ဂျက်လည်း

အများကြီး ချပေးထားပါတယ်ဆိုတာကို ကျွန်တော်တို့ ကုန်ကျပြီးသွားခဲ့ပြီ ဆိုတာကို သိရလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ လက်လှမ်းမမီတဲ့နေရာတွေ ဥပမာ မချမ်းဘောကနေစထွက်ပြီ ဆိုရင် နောင်မွန်၊ နောင်မွန် ကနေ စထွက်ပြီဆိုရင် ကျွန်တော်တို့ ဒီက ဝိုင်က ဇုန်တန်းဒီ တိဘက် နယ်စပ်အထိပေါ့လေ။အဲဒီနေရာတွေဟာ အင်မတန်ခက်ခဲတဲ့နေရာတွေဖြစ်ပါတယ်။နောက်ပြီးတော့ နောက်လမ်းကြောင်း တစ်ခုကတော့ နောင်မွန်၊ ခေါင်လန်ဖူး၊ ခေါင်လန်ဖူးကနေ ကျွန်တော်တို့ ဇန်ကရေဆီတို့ ယခင်ခေါ်ဘူးတဲ့မြို့နယ်ပေါ့လေ။အဲဒီကနေ အဲလိုအဲ့ဒီလမ်းကြောင်းက ဟိုရှင်းခုန်ဖေ့ါ အဲကျွန်တော်တို့ မြန်မာ -တရုတ် ကျောက်တိုင်အမှတ်(၃၁)(၃၂)ရှိရာနေရာပေါ့၊ စုစုပေါင်းဆိုရင် မိုင် ၂၄၀ လောက်ရှိပါတယ်။ အဲဒီမှာနေထိုင်တဲ့ လူတွေလည်း အင်မတန်ခက်ခဲကြပါတယ်။ နောက်ပြီးတော့ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မြစ်ကြီးနားလမ်းကိုလည်း နိုင်ငံတော်အနေ နဲ့ ကျွန်တော်တို့ အထူးဦးစားပေးပြီးမှ ဆောင်ရွက်ပေးနေတာလည်းတွေ့ရပါတယ်။ နောက်ပြီးတော့ ဆက်လက်ပြီးမှ ကွန်ကရစ်သံကူလမ်းတံတားတွေလည်း ဆောက်လုပ်မယ်ဆိုတာကို သိရတဲ့အတွက် ကျွန်တော်တို့ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျွန်တော်တို့ရဲ့ ခက်ခဲနေတဲ့ဈေးနှုန်း အလုပ်လက်မဲ့ပြဿနာတွေပေါ့လေ၊ အဲဒီထဲမှာ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးခြင်း ရှိမလားဆိုပြီး ကျွန်တော်မေးမြန်းလိုခြင်းဖြစ်ပါတယ်။ နောက်အထူးတင်ပြချင်တာ တစ်ခုရှိပါတယ်။ ဒုတိယမှာ မူးယစ်ဆေးဝါးပြဿနာမေးချင်ပါတယ်။ ဒီမူးယစ်ဆေးဝါးဟာဆိုရင် ကျွန်တော်တို့ လူတိုင်းလည်း ပြောနေပါတယ်။ မြစ်ကြီးနား၊ ပူတာအိုပဲ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးပါပဲ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကျတော့ တကယ် ပဲလက်တွေ့ တွေ့ကြုံခံစားနေရတာမို့လို့၊ မိသားစုမှာလည်း ကျွန်တော်ညီလေးပေါ့၊ ကျွန်တော်တို့ညီအစ်ကို(၂)ဦးထဲပါ။ တစ်ဦးကတော့ အခုမူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဖြစ်ပြီးမှသူရယ်၊ သူ့သူငယ်ချင်းအိမ်နီးနားချင်းသူငယ်ချင်းကို ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဒီဘိန်းစခန်းပေါ့လေ၊ ဘ ဂသစ်စီမံကိန်းမှာ ကျွန်တော်တို့ပို့ထားပါတယ်။ ဘိန်းပြဿနာနဲ့ဘိန်းရဲ့ ဆိုးကျိုးကြောင့် ဆုံးပါးသွားတဲ့မိသားစုမှာ တစ်ဦးမှ မကျန်တော့တဲ့ မိသားစုတွေအ များကြီးရှိပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကလေးသူငယ် ဟိုးအငယ်လေး ပဲရှိတဲ့၊ အရွယ်မရောက် သေးတဲ့ (၈)နှစ်၊ (၉)နှစ်သား အရွယ်တွေတောင်မှ မူး ယစ်ဆေးဝါး သုံးစွဲနေကြတာကိုတွေ့တော့ အင်မတန်မှ ရင်လေးမိပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ဆီမှာက ဘိန်းဆိုတဲ့အရာဟာ ဘိန်းမဲကတော့ နဂိုကတ ည်းက သုံးလာကြတာပေါ့ လေ။ ဒါပေမဲ့ အခုက အင်မတန်ထူး ဆန်းတဲ့ ထူးခြားတဲ့ ဒီရာမပေါ့။ YW ဆေးပြားတွေ နောက်ပြီးတော့ အက်ဖတမင်းတွေဖေါ်မြူလာ ဒါတွေက

ယောကျ်ား၊မိန်းမ အကုန်သုံးလာကြတာကို တွေ့ရတယ်။ နောက်ကလေးတွေ ဆိုင်ကယ် လေလာထိုးတယ်။ ပိုက်ဆံအိတ်ဖွင့်လိုက်တာနဲ့ ဒီဆေးပြားတွေကျလာတယ်။ပစ္စည်းချန်ထားခဲ့လို့ ဖြန့်စစ်ဆေးပြီးတဲ့ အချိန်မှာ ဒီလို မျိုးဖော်မြူလာတွေလည်း ပါနေတာကိုတွေ့ရပါတယ်။ ဘိန်းဖြူ ကလည်း အင်မတန်မှ ကျွန်တော်တို့ ကြောက်ခမန်းလိလိပေါ့လေ။ ဒါကျွန်တော်တို့ဆီမှာ ဖြစ်လာလို့ကျွန်တော့် အနေနဲ့ တကယ်ခံစား နေမိရပါတယ်။ မိသားစုမှာ ကျွန်တော့် ညီလေးတစ်ဦးလဲ ဒီလိုဖြစ်တာ ကျွန်တော်တို့မိသားစုမှာတကယ်ပဲ ဘေးဒုက္ခကြီးခံစားနေရသလို ခံစားရပါတယ်။ ကျွန်တော့်အတွက် ညီလေးက သုံးနှစ်စွဲသွားပါပြီ။ ကျွန်တော့်အနေနဲ့ မေးချင်တာကတော့ ကျွန်တော်တို့နောက်ကွယ်မှာ ငွေအရင်းအနှီးထုတ်ပေးသူများ ထုတ်လုပ်သည့် ပင်ရင်းဌာနများ၊ ခိုင်းစေသူများ၊ ဘိန်းစိုက်ခင်းလုပ်သူများ၊ သယ်ယူပို့ဆောင်ရောင်းချသူများ၊သုံးစွဲသူများအား နိုင်ငံတော်ကနေထိထိရောက်ရောက် နှိမ်နင်းရေးဥပဒေနဲ့အညီအရေးယူပေးနိုင်ခြင်းအထူးအစီအစဉ်များရှိပါသလား။ နောက်နိုင်ငံတော်မှ ဘိန်းစွဲနေသူလူငယ် မောင်မယ်ကျောင်းသူ ကျောင်းသားလေးများအား အရေးယူထောင်ချပြစ်ဒဏ်ပေးခြင်းထက် ပြုစုပျိုးထောင်လေ့ကျင့်ရေးကျောင်းများဖွင့်၍ ကယ်တင်ပေးစေလိုပါတယ်။ ဤပြုစုပျိုးထောင်ရေးကျောင်းများကို ကျန်းမာရေးဌာနတွင်သာမက မှတ်ပုံတင်၍ ဘုန်းကြီးကျောင်းများ ဘာသာရေးအဆောက်အဦကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ NGOကျောင်းအဖွဲ့အစည်းများမှာလည်း ခွင့်ပြုပေးရန်အစီအစဉ် ရှိ/မရှိပေါ့လေ။ ကျွန်တော်ဒါကိုမေးချင်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ကျွန်တော်တို့ အခုသတင်းမှာကျတော့ မြန်မာနိုင်ငံက ဘိန်းအထုတ်လုပ်ဆုံးစာရင်းကို ရောက်ရှိလာတယ်။ ရောက်ရှိလာတော့ ကျွန်တော့် အနေနဲ့ UNတို့၊ နေတိုးတို့ ကအရေးယူမယ့်ဟာကို ကြောက် တာထက် ကျွန်တော်တို့ကို ဘိန်း ဝါးမြိုသွားတဲ့ ဥစ္စာကို ပိုကြောက်ပါတယ်။ ကျွန်တော်တို့ ဒါကြောင့် ရှေ့ရေးအတွက် မေးမြန်းခြင်း ဖြစ်ပါတယ်။

နောက်ဆုံးမေးခွန်းလည်း အခုနက ဘိန်းနဲ့ နည်းနည်းဆက်သွယ်နေပါတယ်။ အခု ကျွန်တော်တို့ဆီမှာ ဒီအလုပ်လက်မဲ့ပြဿနာပေါ့လေ ဒီဟာရှိနေပါတယ် ဒီအလုပ်လက်မဲ့ ပြဿနာကိုလည်း နိုင်ငံတော်က အလုပ်လက်မဲ့ လျှော့ချပေးမယ်ဆိုတာကို ဥပဒေ ပုဒ်မ ၃၂ မှာ ဖော်ပြထားတာရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ကျွန်တော်တို့ကို ဒီဆင်းရဲနွမ်းပါးမှုလျှော့ချသွားပေးမယ်ဆိုတဲ့ အစီအစဉ်နဲ့ကျွန်တော်တို့ ဝန်ကြီးဌာနတိုင်းကလည် ကျွန်တော်တို့ကို ပြုစုပျိုးထောင်ဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ အထူးသဖြင့် သမဝါယမဝန်ကြီးဌာနမှလည်း ကျွန်တော်တို့ကို အမျိုးမျိုးလမ်းညွှန်ဦးဆောင်နေတာ တွေ့ရပါတယ်။ အဲဒီအချိန်မှာ ဘာ့ကြောင့် အလုပ်လက်မဲ့

ပြဿနာတွေ ကျွန်တော်တို့ဆီမှာ ဖြစ်လာပါသလဲဆိုရင် ပထမဆုံးပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ Hydro Power၊ ကျွန်တော်တို့ မြစ်ဆုံ လည်းပါ ပါတယ်။ နောက် မြစ်ဆုံကို ဗန်းပြပြီး တရုတ်ကုမ္ပဏီတချို့ဟာ စက်မှုဇုန်လုပ်ဖို့ဆိုပြီး နေရာအများကြီးတို့ ဝယ်ထားတာကိုတွေ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများဟာ စားကျက်ပျောက်သွားပါတယ်။ နေရာ၊ တောင်ယာအခင်းတွေ၊ နောက် လက်ဖက်ခြံ၊ လယ်ယာ တွေလည်း ပျောက်သွားပါတယ်။ နောက် ကျွန်တော်တို့ ဖားကန့်တို့ ဒီရေချော်းတစ်လျှောက်မှာလည်း အရင်းအနှီးကြီးမားတဲ့ ကုမ္ပဏီကြီးတွေ၊ အထူးသဖြင့် တရုတ်ကုမ္ပဏီတွေ များများဝင်သွားပြီး စက်ယန္တရားတွေနဲ့ တူးနေပါတယ်။ ပြည်သူလူထုသည် အလုပ်မရတော့ဘူး။ နော က် တ စ်သီးပုဂ္ဂလ တစ်နိုင်တစ်ပိုင် တူးမယ်ဆိုရင်လည်း ဒါကို ကုမ္ပဏီက ဆက်ကြေးကောက် အမျိုးမျိုးနဲ့ ကျွန်တော်တို့ မတူးနိုင်ကြတော့ ခုနကပြောတဲ့ မူးယစ်ဆေးဝါးစိုက်ပျိုးတဲ့၊ ဘိန်းစိုက်ပျိုးတဲ့ဥစ္စာကို ဆက်နွယ်နေတာ အဲဒီလိုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အလုပ်လက်မဲ့ကိစ္စကို ကျွန်တော်တို့နိုင်ငံတော်မှ မည်သို့စီစဥ်လျှော့ချပေးမည် နည်းဆိုတဲ့မေးခွန်းကိုလည်းမေးချင်ပါတယ်။ နောက်ပြီးတော့ခုနက ကုမ္ပဏီများနဲ့ အများကြီးပတ်သက်နေတယ်လို့လည်းထင်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုတွေ တွေ့ ကြသလောက်၊ ကျွန်တော်ကိုယ်တို င်လည်း ကျွန်တော့်မျက်စိနဲ့လည်းတွေ့ပါတယ်။ တရုတ်ပြည်ကို ကားတန်း ကြီးများနဲ့ အင်မတန်ကြီးမားတဲ့ သစ်ပင်တွေ တစ်တုံး၊ တစ်တုံး၊ တစ်ဖြတ်၊ တစ်ဖြတ်ပဲ သယ်နိုင်တဲ့ ကားကြီးတောင်မှ ဒီလောက်ကြီးမားတဲ့သစ်ပင်တွေနောက်သစ်မြစ်တွေ၊ မြေကြီးတွေ၊ ရွှံ့မြေတွေ၊ သဲကျောက်တွေကပ်ပါလျက်နဲ့ တရုတ်ပြည်ကိုသွားတာ၊ သယ်သွားတာတွေကို လွန်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ဒီကိုမလာခင်မှာတွေ့ရပါတယ်။ အထူးသဖြင့် ညနေပိုင်း၊ ညပိုင်းဆိုရင် အိပ်လို့ ကိုမရဘူး။ သယ်သွားကြပါတယ်။ ဒါတွေကို ကျွန်တော့်အနေနဲ့ကတော့ ၊ ကျွန်တော့်တစ်ဦးတည်း အနေနဲ့တော့ စစ်ဆေးခွင့်လည်းမရှိဘူး။ သွားရောက်ခွင့်လည်း မရှိပါဘူး။ Worksite မှာပေါ့လေ။ ဒါဟာလည်း ပြည်သူတွေကို ပိုပြီးတော့ရင်နာစေပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီသိမ်းသွားပြီဖြစ်တဲ့နေရာမှာတင် ဒီမိုင်းတွင်းလုပ်တာတွေကို ကိုယ်တိုင်တော့ မလုပ်ဘူး။ ကိုယ်တိုင်တော့ ပြောင်းသွား ရတယ်။ ဒါပေမယ့် ကိုယ်စွန့်ခဲ့ရတဲ့ ၊ ကိုယ်ရဲ့မိဘ၊ ဘိုးဘွား အမွေအနှစ်လက်ရာ၊ ခြေ ရာတွေကို စက်ယန္တရားတွေနဲ့ တူးလိုက်တော့ သူတို့ရသွားတာပေါ့လေ။ အဲဒါတွေလည်း ကျွန်တော်တို့ ခံစား နေကြရပါတယ်။ ဒါကြောင့် နောက် ဒီ ရှားပါးတိရစ္ဆာ န်များဖြစ်တဲ့ ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံတွေ၊ မျောက်လွှဲကျော်၊ နောက် ခွေးတူဝက်တူ၊ နောက် တောက်တဲ့က အစပေါ့လေ။ ဒီသင်းခွေချပ်တွေ

ကအစ ဟိုဘက်တရုတ်ပြည်ကို အများကြီးပါသွားတာကို ကျွန်တော်တို့အထူးသဖြင့် ဒီနှစ်ပိုင်းမှာတွင် တွေ့ရပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ဘယ်လို ကာကွယ်ပေးဖို့ အစီအစဉ် ရှိပါသလဲ ဆိုတာကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၈။**

**ဦးသိန်းထိုက် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော်သည် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီကချင်ပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူက ကျွန်တော်တို့ ကို ဖြေကြားပေးပါလို့ဆိုတဲ့ သူရဲ့မူလမေးခွန်းမှာကတော့ဖြင့် ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝလုံခြုံရေးနှင့် ဒေသတွင်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းသာဖြစ်ပါတယ်။ သို့သော်ဒီနေ့ ဦးဂျေယောဝူ က အမျိုးသားလွှတ်တော်ကြီးမှာမေးသွားတဲ့ မေးခွန်းကတော့(၄)မျိုးတောင်ဖြစ်ပြီးတော့မှ အမျိုးအစားအားဖြင့် ပူတာအိုမြို့နယ်မှာ လမ်းတွေ မကောင်းတာ၊ဒီလမ်းတွေမကောင်းတာကြောင့်လမ်းမကောင်းမှုပေါ် မူတည်ပြီးတော့ဒေသတွင်းမှာ ကုန်ဈေးနှုန်းတွေကြီးမြင့်နေတာ၊ လမ်းတွေကပူတာအိုမြို့မှာ သာမကတော့ဘဲနဲ့ ဒီပူတာအိုကနေ မချမ်းဘော၊ အဲဒီကနေသွားတဲ့ နောင်မွန်နောင်မွန်ကနေ-သဇွန်းတန်း-သဇွန်းတန်းကနေ နောင်မွန်-ခေါင်လန်ဖူး၊ ဒီလို တရုတ်နယ်စပ်အထိ လမ်းတွေမကောင်းတာ၊ ဒါတွေကို သူမေးသွားတာ ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့မှ ပြဿနာတွေဖြစ်နေတယ်။ ကချင်ပြည်နယ်မှာ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံက မူးယစ်ဆေးဝါးတွေကို နည်းမျိုးစုံနဲ့သုံးစွဲနေတယ်။ ဒါ့အပြင် ဒေသမှာလည်း နည်းမျိုးစုံ ထုတ်လုပ်တယ်။ ရောင်းချတယ်။ သုံးစွဲတယ်။ ဒါတွေနဲ့ ပတ်သက်

ပြီးတော့မှ ဘယ်လိုထိန်းသိမ်းမယ်၊ ကာကွယ် မယ်ဆိုပြီးတော့မှ ဒါတွေမေးသွားတာတွေ့ရပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါး မှုလျှော့ချရေး၊ အဲဒါနဲ့ တ စ်ဆက်တည်းပဲ အလုပ်လက်မဲ့ ပပျောက်ရေးဆိုတာတွေကိုလည်း မေးသွားတာ ကျွန်တော်တွေ့ရပါတယ်။ နောက် စတုတ္ထအချက်ကတော့ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဂျေယောဝူ က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကြားရသူများက စိတ်ထဲမှာဂရုဏာသက်လာအောင် ကချင်ပြည်နယ်မှာရှိတဲ့ သစ်ပင် တွေ၊ တိရ စ္ဆာန်တွေကို တရုတ်ပြည်ကို သယ်နေပါတယ်ဆိုတဲ့ မျက်မြင်ကိုယ်တွေ့ တွေ့ပါတယ်ဆိုပြီးတော့မှ တင်ပြသွားတာ၊ မေးသွားတာလည်း ကျွန်တော် တွေ့ ရပါတယ်။ ကျွန်တော့် အနေ နဲ့တော့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူရဲ့ မူလ မေးခွန်းကို အခြေပြုပြီးတော့မှ ထပ်ဆင့်မေးလာတဲ့မေးခွန်းများကိုလည်း ကျွန်တော့်အနေနဲ့ အလျဉ်း သင့်သလိုဖြေသွားမှာ ဖြစ်ပါတယ်။

တချို့သော မေးခွန်းတွေမှာ လမ်းနဲ့ ပတ်သက်တာဆိုလို့ရှိရင် သက်ဆိုင်ရာလမ်း နဲ့ ပတ်သက်တဲ့ ဝန်ကြီးဌာနကို မေးမြန်းသင့်ပါတယ်။ ကုန်စျေးနှုန်းကြီးမြင့်ခြင်းနဲ့ ပတ်သက်လို့ရှိရင် လည်း ကုန်စျေးနှုန်းကြီးမြင့်တာနဲ့ပတ်သက်တဲ့ ကုန်စျေးနှုန်းများကို တာဝန်ယူ ဆောင်ရွက်နေရတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနကိုသာ မေးသင့်ပါတယ်။ နောက် မူးယစ်ဆေးဝါး ထုတ်လုပ် နေတယ်ဆိုတာနှင့် ပတ် သက်လို့လည်း ဒီမူးယစ်ဆေးဝါးများ ထုတ်လုပ် ရောင်းချသုံးစွဲသူများကို နိုင်ငံတော်ကတရားဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူနေတယ် ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကို မရှင်းလို့ မေးချင်တယ်ဆိုလို့ရှိရင် လည်း သက်ဆိုင် ရာ တာဝန်ယူနေရတဲ့ ပြည်ထောင်စုအဆင့်ဌာနများကိုသာ မေးသင့်ကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတ ယ်။ ကျန်တာများကိုတော့ ကျွန်တော်ဆက်စပ်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမူလမေးခွန်းဖြစ်တဲ့ ဦးဂျေယောဝူ ရဲ့ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသား ပြည်သူများရဲ့ လူနေမှုဘဝလုံခြုံရေး၊ ဒေသမှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုတာနဲ့ ပတ်သက်ပြီး ဦးတည်ပြီး ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကချင်ပြည်နယ်ဟာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံမှာမြောက်ဘက်မှာရှိတဲ့ ပြည်နယ်ကြီးဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအများစု နေထိုင်ပါတယ်။ လူဦးရေကိုတွက်ချက်မယ်ဆိုရင် ကချင်ပြည်နယ်လို့ ခေါ်သော်လည်းပဲ ဒီကချင် ပြည်နယ်မှာ အများ ဆုံးသောလူများက ရှမ်းတိုင်းရင်း သားများသာဖြစ်ပြီးတော့မှ ဒုတိယကတော့

မြန်မာတိုင်းရင်းသားများဖြစ်ပြီး ဒေသခံကချင်တိုင်းရင်းသားများကတော့ လူဦးရေအားဖြင့် တတိယ အများဆုံးသာ ဖြစ်ပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ လူနေမှု ဘဝလုံခြုံနိုင်ရေးနဲ့ ဒေသအတွင်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုတာမှာ ကချင်ပြည်နယ်မှာနေတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ ဒေသအတွင်း လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေး၊ စီးပွားရေး အခွင့်အလမ်း များကို ရရှိပြီးတော့မှ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် ဦးတည်ပြီး မေးတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ကချင်ပြည်နယ်အတွင်းမှာ လွတ်လပ် ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီတူ အခွင့်အရေးများ ရပြီးတော့မှ လောကပါလတရားနှင့် အညီ ပြည်မ၊ ပြည်နယ် မခွဲခြားဘဲနဲ့ပြည်ထောင်စုသားညီအစ်ကိုများအားလုံး၊ ကချင်ပြည်နယ်နေ တိုင်းရင်းသား ညီအစ်ကိုများအားလုံး၊ ပြည်သူများအားလုံးဟာ၊ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင် စားသောက်နိုင်တဲ့ လူနေမှုဘဝရရှိဖို့ ဒီကချင်ပြည်နယ်ဒေသအတွင်းမှာ လက်ရှိဖြစ်နေတဲ့လက်နက် ကိုင်ဆူပူမှုတွေ အမြန်ဆုံး ချုပ်ငြိမ်းပြီးတော့ အချို့သောနေရာဒေသအချို့က တိုင်းရင်းသားပြည်သူ လူထုတွေဟာစစ်ပြေးဒုက္ခသည်တွေဖြစ်နေရတယ်။ဒါတွေအမြန်ဆုံးအေးချမ်းသာယာပြီး ကိုယ့်ဒေသကို ပြန်နေနိုင်ဖို့ ကိုယ့်မြေပေါ်မှာ လုံခြုံအေးချမ်းစွာနေနိုင်ပြီး လုပ်ကိုင်စားသောက်နိုင်ဖို့ ကျောင်းသား/ ကျောင်းသူတွေ အားလုံး ပညာကို ဖြောင့်ဖြောင့်တန်းတန်း သင်ကြားခွင့် ရပြီးတော့ စီးပွားရေး ကောင်းမွန်ဖို့ဒေသမှာ စက်မှု ပညာတွေထွန်းကားလာပြီးတော့ လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆိုတာတွေကို တင်ပြထားကြောင်း တွေ့ရပါတယ်။ ဒီမေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ဒီလိုဖြစ်ရတဲ့ ကချင်ပြည်နယ်မှာဖြစ်နေရတဲ့ မအေးချမ်းမှု၊ မတည်ငြိမ်မှု၊ တချို့သောဒေသတွေမှာ ပြည်သူလူထု တွေဟာ စစ်ပြေးဒုက္ခသည်တွေ လိုဖြစ်ပြီးတော့မှ မိမိနေရပ်ဒေသ ကနေပြီးတော့မှ သင့်လျော်တဲ့ လုံခြုံတဲ့ဒေသတွေမှာ သွားရောက်ခိုလှုံနေရမှု ဒါတွေ ဖြစ်ရတဲ့ အခြေခံအကြောင်းအရင်းကတော့ ကချင်ပြည်နယ်မှာ မြန်မာနိုင်ငံက အခြားသောဒေသများနည်းတူ တည်ငြိမ်အေးချမ်းမှုနှင့် တရား ဥပဒေစိုးမိုးမှုအပြည့်အဝရရှိရေး တစ်နည်းအားဖြင့် အေးချမ်းသာယာရေး အားနည်းနေသေးတယ် ဆိုတာ ဖော်ပြနေတာပဲဖြစ်ပါတယ်။ ဒါတွေဖြစ်ဖို့ဟာဒေသမှာ တည်ငြိမ် အေးချမ်းပြီးတော့ တရား ဥပဒေစိုးမိုးမှု အပြည့်အဝအရ တစ်နည်းအားဖြင့် အေးချမ်းသာယာ ငြိမ်းချမ်းရေး ရနေမှသာလျှင် ဖြစ်မယ်ဆိုတာ ဖြေရှင်းပြောကြား လိုပါတယ်။ ကချင်ပြည်နယ် ဒေသခံ တိုင်းရင်းသားပြည်သူများ အေးအေးချမ်းချမ်း၊ လွ တ်လွတ်လပ်လပ် လုံခြုံစိတ်ချစွာ လုပ်ကိုင်စားသောက်နိုင်မှု၊ စီးပွားရေး တိုးတက်ဖို့ ပညာရေး၊ ကျန်းမာရေး၊ လုပ်ငန်းတွေ တိုးတက်ဖို့ အချို့သော ဒေသတွေကို ရောက်ရှိ

နေရတဲ့ စစ်ပြေးမိသားစုတွေကို မိမိနေရပ်ကို အေးအေးချမ်းချမ်းနဲ့ပြန်ရောက်ပြီးတော့မှ နေထိုင်ဖို့ အခြေအနေကတော့ ဒီနေ့ ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး အေးချမ်း သာယာပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းရှိဖို့က အလိုအပ်ဆုံး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စရပ်ကို တပ်မတော်အစိုးရလက်ထက်တွေမှာ ယခင်အစိုးရ အဆက်ဆက်က ကျင့်သုံးခဲ့တဲ့ နည်းဗျူဟာနှင့်မတူဘဲ တပ်မတော်အစိုးရက နည်းဗျူဟာတွေ ပြောင်း လဲကျင့်သုံးပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပြည်တွင်းငြိမ်းချမ်းရေးရအောင် ကြိုးပမ်းဆောင်ရွက်နိုင် ခဲ့တယ် ဆိုတာကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများအားလုံး အသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း အတည်ပြု နိုင်ခဲ့ပြီးတော့ ယင်းနောက်ပိုင်းမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ နဲ့အညီ ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးသို့ အသွင်ပြောင်းလဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဆက်လက် ကြိုးပမ်းတည်ဆောက် အကောင်အထည် ဖော်ခဲ့ပါတယ်။ ယခင် တပ်မတော်အစိုးရလက်ထက် ကလည်း ဆက်လက်ဆောင်ရွက်ခဲ့ပြီးတော့ ယခုလည်းဆက်လက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဒီနေ့အချိန်မှာ အဖွဲ့ကြီး /အဖွဲ့ငယ်(၃၅)ဖွဲ့ဟာ အခြေခံဥပဒေနှင့် အညီ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းနိုင်ခဲ့ပြီး အေးအေးချမ်းချမ်းနဲ့ ပြည်ထောင်စုကြီးရဲ့ ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါတယ်။ ဒီလို ပြောင်းလဲနိုင်ဖို့အတွက်အဖွဲ့(၅)ဖွဲ့သာ အသွင်ကူးပြောင်းရန် ကျန်ပါတော့တယ်။ ဒီအဖွဲ့တွေထဲမှာ အခြေခံဥပဒေနဲ့အညီ အသွင်ကူး ပြောင်းရေးကို လက်မခံနိုင်သေးတဲ့ ကချင်ပြည်နယ်မှာရှိတဲ့ KIO,KIA အဖွဲ့တွေလည်း အပါအဝင် ဖြစ်ကြောင်း အားလုံးအသိဖြစ်ပါတယ်။ လတ်တလော လက်ရှိအခြေအနေမှာ မြန်မာ့တပ်မတော်နှင့် KIO, KIA တို့အကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခများနှင့် ပတ်သက်ပြီးတော့လည်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ကျင်းပပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံတော်အဆင့် တာဝန်ရှိ သူများက အခြေအနေမှန်တွေကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းကတော့ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် KIO,KIA နဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် နိုင်ငံတော်ကမှန်ကန်တဲ့ စေတနာ၊ မြော်မြင် သည့်အသိ၊ နားလည်စာနာတဲ့ စိတ်ထားတွေနဲ့အစွမ်းကုန် အဖက်ဖက် မှ လိုက်လျောဆောင်ရွက်ခဲ့ပြီးတော့ဖိတ်ခေါ် ဆောင်ရွက်ခဲ့သလိုဆက်လက်ပြီးတော့လည်း ဆောင်ရွက်ဖို့ ဖိတ်ခေါ် နေဆဲပဲဖြစ်ပါတယ်။ ဒီ KIO,KIA သာမကပဲနဲ့ အခြားသော နယ်စပ်တွေမှာ ကြွင်းကျန်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း အခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်များ

သာမက အခြေခံဥပဒေနဲ့အညီအသွင်ကူးပြောင်းခြင်းမပြုကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးကိုလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ်(၁/၂၀၁၁)နဲ့ ထုတ်ပြန်ပြီးတော့ ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။ ဒီကမ်းလှမ်းချက်ပါအတိုင်း လက်ခံဆွေးနွေး ညှိနှိုင်းပြီးတော့ ပထမဦးစွာ ယာယီ အပစ်အခတ်ရပ်ဆိုင်းရေး၊ ၎င်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက် ဖော်ဆောင်၊ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်း ရေးတည်ဆောက်ခြင်း၊ ဆွေးနွေးခြင်း လုပ်ငန်းဆိုတာ တစ်ဖက်တည်းက တစ်ဖက်သတ်ဆောင်ရွက်၍ ရနိုင်တဲ့လုပ်ငန်းမျိုးမဟုတ်ပါ။ပက်ဆိုင်တဲ့နှစ်ဖက်စလုံးက ငြိမ်းချမ်းရေး အတွက် အမှန်တကယ်လိုလားပြီး စစ်မှန်သေစိတ်ထားဖြင့်အမြင်မတူသည်များကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်ခြင်းပြုမှသာ အောင်မြင်မှုရနိုင်တဲ့လုပ်ငန်းစဥ် ဖြစ်ပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဂျေယောဂူ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့်နိုင်ငံတော်အတွင်းမှာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး စစ် မှန်သောစိတ်ထားဖြင့် ရိုးသားစွာ ဆွေးနွေးညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်လိုသည့် သဘောထားရပ်တည်ချက် များဖြင့် ငြိမ်းချမ်းရေးစား ပွဲဝိုင်းသို့ ရောက်ရှိလာအောင် ဝိုင်းဝန်း တိုက်တွန်းခေါ်ဆောင်ပေးကြဖို့ လိုအပ်နေကြောင်း နှိုးဆော်အပ်ပါတယ် ။ ကျွန်တော်တို့ ပြည်သူများ ကိုယ်တိုင်ကလည်း ပြည်သူ အများစု ငြိမ်းချမ်းရေးလိုလားချက်ဆန္ဒအမှန်များကို ဖော်ထုတ်ပြသပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဆွေးနွေးသည့် အဝန်းအဝိုင်းသို့ ဝင်ရောက်လာအောင် ဆွဲဆောင် တွန်းအားပေး ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒီKIO, KIA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် စပ်လျဥ်းပြီး တို့တာဝန်အရေးသုံးပါးကို အာမခံနိုင်တဲ့မူဘောင်အတွင်းမှ စစ်မှန်သောစိ တ်ထားဖြင့် လိုက်လျောနိုင်သမျှ လိုက်လျောပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြား လိုပါတယ်။ ကျွန်တော်တို့ ဒီကချင်ပြည်နယ်အတွင်းမှာ အေးချမ်းသာယာ ပြီး ငြိမ်းချမ်းရေးရတာနဲ့ တစ်ပြိုင်တည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဂျေယောဂူတင်ပြတဲ့ ကချင်ပြည်နယ်နေ ပြည်သူများ အေးချမ်းတည် ငြိမ်စွာ လုပ်ကိုင်စားသော က်နိုင်တဲ့ လူနေမှုဘဝရရှိဖို့၊ စစ်ပြေး

ဒုက္ခသည်တွေ၊ တစ်နည်းအားဖြင့် ဒီစစ်ပြေးဒုက္ခသည်အဖြစ်မှ အမြန်ဆုံးလွတ်မြောက်ပြီး မိမိတို့ နေရပ်ကို အေးချမ်းစွာ ပြန်လည်နေထိုင်ပြီးတော့ ကိုယ့်မြေပေါ်မှာလုံလုံခြုံခြုံနဲ့ လုပ်ကိုင်စားသောက် နေထိုင်နိုင် ဖို့ ကျောင်းသား၊ ကျောင်းသူတွေပါ မိမိတို့ရဲ့ သင်ကြားလိုသော ပညာရပ်တွေကို ဖြောင့်ဖြောင့်တန်းတန်းသင်ကြားခွင့် ရရှိဖို့ဆိုတဲ့အချက်တွေဟာ ကာလတိုအတိုင်းအတာ အတွင်းမှာ အလျင်အမြန်နဲ့ တိုးတက်ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ်အတွက်စိုက်ပျိုးရေးနှင့် ပတ်သက်ပြီးတော့လယ်လုပ် သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိပါတယ်။ ဒါ့အပြင် လိုအပ်သည့် ဥပဒေများကိုလည်း အချပြင်ဆင်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။လယ်လုပ်နေတဲ့သူများအတွက်လည်း စိုက်ပျိုးစရိတ်များကိုသက်ဆိုင်ရာ ဝန်ကြီးဌာနမှ လယ်စိုက်ဧက (၁)ဧကကို ကျပ် (၄၀၀၀ဝ/-)နှုန်းဖြင့် ထုတ်ပေးလျက်ရှိပါတယ်။ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် အောင်လည်း အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဒါ့အပြင်ကချင်ပြည်နယ် အတွင်းမှာ သစ်တော စိုက်ခင်းများ ဖွံ့ဖြိုးတိုး တက်လာအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ပုဂ္ဂလိကသစ်တောစိုက်ခင်းတွေ ထူထောင်လုပ်ကိုင်ခွင့်ကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါကို ကချင် ပြည်နယ်နေ တိုင်းရင်းသားပြည်သူများအားလုံးက လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်နိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ ဒါ့ အပြင်ကျွန်တော်တို့ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍအနေနဲ့ ကချင် ပြည်နယ်အတွင်းမှာ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ကိုလုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို လုပ်ငန်းများလုပ်နိုင် ဖို့လည်း ကူညီပံ့ပိုးပေးလျက်ရှိပြီးတော့မှ ဆက်လက်ကူညီပံ့ပိုးဖို့လည်း အဆင်သင့်ရှိပါတယ်။ ကျွန်တော်တို့ ဒီကချင်ပြည်နယ်ကြီးဟာ အဖိုးတန်ဓာ တ်သတ္တု သယံဇာတတွေများစွာပေါ်များတဲ့ ပြည်နယ်ကြီး ဖြစ်ပါတယ်။ ဒါကြောင့်ကချင်ပြည်နယ်မှာ ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ဖို့အတွက် ကျွန်တော်တို့ အကြီးစား ထုတ်လုပ်ဖို့က ခွင့်ပြုမိန့်(၅)ခုပဲ ပေးပါတယ်။ လူလတ်တန်းစားများနှင့် စုပေါင်းပြီး ထုတ်လုပ်နိုင်ဖို့အတွက် အသေးစားထုတ်လုပ်မှုကို ခွင့်ပြုမိန့်(၃၇၇)ခု ပေးထားပါတယ်။ ဒါ့အပြင် လုပ်ကိုင်လိုသူများအတွက်လည်း စမ်းသပ်ခိုင်းတာမို့ ခွင့်ပြုမိန့် (၈၆)ခု ပေးထားပါတယ်။ ဒီခွင့်ပြုမိန့်တွေကလည်းဒေသမှာ ကျောက်မီးသွေး၊ ကျောက်ဂွမ်း၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ ဆာပင်တီနိုက်၊ ထုံးကျောက်၊ သွပ်၊ သံ၊ သတ္တုရိုင်း၊ မာဘယ်လ်ကျောက်၊ တန်ဖိုးကြီးတဲ့ မော်လစ်ဒီနမ် ဒီသတ္တုတွေ ထုတ်လုပ် ခွင့်ပြုပေးထားတာ ဖြစ်ပါတယ်။ ဒါတွေကို ကချင်ပြည်နယ်နေ လူတန်းစားပေါင်း စုံက

ထုတ်ယူနိုင်ပါတယ်။ အဲဒီထဲမှာ ဥစ္စာခနေကြွယ်ဝတဲ့ အင်အားကောင်းတဲ့ လုပ်ငန်းရှင် ကုမ္ပဏီများ ပါသလို၊ အလယ် အလတ်လုပ်ငန်းစားများလည်းပါဝင်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဖားကန့်ရတနာမြေမှာလည်း ကျောက်စိမ်း၊ ကျောက်မျက်တွေ တူးဖော်ဖို့ အတွက် လုပ်ကွက်တွေ ခွင့်ပြုပေးထားပါတယ်။ အဲဒီ လုပ်ကွက်ခွင့်ပြုထားတဲ့အထဲမှာ အင်အား ကောင်းတဲ့၊ ဥစ္စာခနေပြည့်ဝတဲ့၊ အားရှိတဲ့ လုပ်ငန်းရှင်များအပြင်၊ အသေးစား၊ အလတ်စား၊ ဒေသခံ တိုင်းရင်းသားများကိုလည်း လုပ်ခွင့်ပေးထားတာဖြစ်ပါတယ်။ အထူးသဖြင့် ရွှေသတ္တုတူးတာတွေ လည်းရှိပါတယ်။ ကချင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ခြင်းနှင့် ရွှေသတ္တုတူးဖော်ခြင်းတွေဟာ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတွန်းအား ဖြစ်နေပါတယ်။ လက်ရှိအခြေအနေမှာတော့ အဓိကတွန်းအားပဲဖြစ်ပါတယ်။ ဒီလိုသတ္တုမျိုးစုံ ထုတ်တဲ့အခါမှာ ကျွန်တော်တို့က တို င်းရင်းသားလုပ်ငန်းရှင်များကိုသာ ဦးစားပေးဆောင်ရွက် စေလျက်ရှိပါတယ်။ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂျေယောဝူ တင်ပြသွားတဲ့ နောက်ကွယ်က အခြားသော နိုင်ငံခြားသားများ ပါဝင်တယ်ဆို တာကိုလည်း ကျွန်တော်တို့ စိစစ် ဖော်ထုတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြ င် သတိပြုမိဖို့ လိုအပ်တာ ကတော့ ကချင် ပြည်နယ်ရဲ့ အချို့သော နယ်စပ်ဒေသတွေမှာ ကျွန်တော် တို့နိုင်ငံရဲ့ တန်ဖိုးရှိတဲ့ သတ္တုမျိုးစုံကို KIO, KIA ဒီအဖွဲ့အစည်းတွေက တစ်ဖက်နိုင်ငံသားလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး တရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများ ရှိနေတယ်ဆိုတာ သိရပ ါတယ်။ ဒါကို မေးခွန်းရှင် ဦးဂျေယောဝူ သိမယ်လို့ ယူဆပါတ ယ်။ ဒါတွေကို ကျွန်တော်တို့ကလည်း တရားဝင်ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ဒီလို သတ္တုတူးဖော်ရေးလုပ်ငန်းတွေကိုတည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်း နဲ့အညီ စနစ်တကျဆောင်ရွက် ခွင့်ပြုနေတာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုကရတဲ့ အချိုးအဆ အခွန်အခများကို နိုင်ငံတော်က ရယူပြီးတော့မှ နိုင်ငံတော်အကျိုး ၊ ပြည်ထောင်စုအကျိုးအတွက် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒါဟာဖြင့် လျှင် ကချင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ဒေသကြီးများကို မျှဝေခံစားနေတာပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာလည်း သတ်မှတ်တဲ့ စည်းမျ ဥ်းစည်းကမ်းအတိုင်း ဆောင်ရွက်စေ ပြီးတော့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီး ဌာနနဲ့လုပ်ငန်းစာချုပ်အရ လုပ်ကိုင်တဲ့ လုပ်ငန်းသေး၊ လုပ်ငန်းကြီးလုပ်တဲ့ ကုမ္ပဏီအားလုံးကို စာချုပ်ချုပ်တဲ့အခါမှာ စာချုပ်ပါစည်းမျဉ်းစည်းကမ်း အတိုင်းလိုက်နာပြီးဆောင်ရွက်ဖို့ တိတိကျကျ

သတ်မှတ်ပေးထားတာ ရှိပါတယ်။ သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေးကို အလေးထားသတ်မှတ်ပေးထားတာ ရှိပါတယ်။ သို့သော်လည်း ထုတ်လုပ်တဲ့ ကုမ္ပဏီကြီး၊ ကုမ္ပဏီငယ်များ က လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားလုပ်ဆောင်ရန် အားနည်းလျက်ရှိနေတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒီလိုအားနည်းချက်တွေရှိနေတာကို ကချင်ပြည်နယ်ပြည်သူလူထု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ပူးပေါင်းပါဝင်မှုနဲ့ အနီးကပ် ကြီးကြပ်ပြီး ဆက်လက်ပြုပြင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ပြည်နယ်ဒေသခံ လူထုကလည်း ခေတ်သတ္တုအသေးစား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင် ရွက်လိုပါက ကျွန်တော်တို့ ဂန်ကြီးဌာနက လွယ်ကူရှင်းလင်းမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒေသခံလူထု သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုး အမြတ်များကိုလည်း ဒေသခံလူထုကတောင်းဆိုပါက ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေ၊ လုပ်ထုံး လုပ်နည်းတွေကို ကျွန်တော်တို့ ဌာနမှ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များကိုစေလွှတ်ပြီးတော့ ရှင်းလင်းဆွေးနွေးပူးပေါင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ကိုယ်စားလှယ်တော်ကြီး ဦးဂျေယောဝူရဲ့တင်ပြချက်အရ ဒေသအတွင်းမှာ ဘိန်းစိုက်ပျိုးမှုများ ရှိပြီးတော့ မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းတို့ အထိုက်အလျောက် ရှိနေကြောင်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီလိုပြဿနာမျိုးကို ဒေသခံများက ဒေသ ခံ အသိနဲ့ ဆောင်ရွက်မှသာလျှင် ပြီးတော့မှာဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဝန်ကြီးဌာနကလည်း ဒီလို လုပ်ငန်းမျိုးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ သတ်မှတ်ပြီးတော့ ပြင်းပြင်းထန်ထန် ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုနှင့်အတူ ဒေသမှာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမှုအစား ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက သတ္တုတူးဖော်ရေးလုပ်ငန်းများ ထူထောင်ပေးရန်ကိုလည်း စီမံထားပါတယ်။ ဒေသကတောင်းဆိုလာပါက ၎င်းဖွဲ့စည်းပေးထားတဲ့ အဖွဲ့များကို သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စေလွှတ်ပေး သွားမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဒီနှစ်အတွင်းမှာ ရှမ်းပြည်နယ်အတွင်းမှာ ဘိန်းအစားထိုး သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုပြီးတော့ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကို ကချင်ပြည်နယ်အတွင်းမှာ ဆောင်ရွက်လိုပါကလည်း ဆောင်ရွက်ပေးနိုင်ရန် စီမံထားရှိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတာ အကန့်အသတ်ဖြင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတာ၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာတွေဟာ ကချင်ပြည်နယ် ဒေသ ဆုတ်ယုတ်ပျက်စီး စေရန် မဟုတ်ကြောင်း ဒီလို လုပ်ခြင်းဖြင့် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပြီးတော့မှ ပြည်နယ်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက်သာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ လက်ရှိ ကချင်ပြည်နယ်အတွင်း မြို့နယ်အလိုက် ရရှိထားတဲ့ မြို့ပြတွေစည်ပင်လာနေမှု ၊ ဖွံ့ဖြိုးတိုးတက်လာမှုတွေဟာ လက်ရှိမျက်ဝါးထင်ထင် မြင်နေရပါတယ်။ ဒါတွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်လို့ အထိုက်အလျောက် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ရောင်းချလို့ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ ရွှေတူးဖော်ရေး လုပ်ငန်းများက ဖြစ်ထွန်းလာလို့သာလျှင်အခုလို မြို့ပြတွေစည်ပင်လာနေတယ်ဆိုတာ ငြင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လုပ်ငန်းတွေကိုတော့ ကျွန်တော်တို့စနစ်တကျနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်သွားဦး မှာဖြစ်ပါတယ်။ သို့သော် ဒီလုပ်ငန်းတွေကြောင့် အချို့သော နေရာတွေမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ရှိတာတွေကိုလည်း တစ်စတစ်စ နဲ့ လျော့နည်းသွားအောင် ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကောင်းမွန်လာအောင် တိုးတက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ဒ့ါအပြင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဂျေယော ဝူ ပြောသွားတဲ့ အိမ်နီးချင်းနိုင်ငံအတွင်းမှ တရားမဝင်လူတွေ ဝင်ရောက်မှု၊ လူမှောင်ခိုကူးတာတွေကို လုပ်ဆောင်မှု၊ သယံဇာတတွေ ခိုးထုတ်နေမှု၊ ရှားပါးတိရ စ္ဆာန်တွေကို တ စ်ဖက်နိုင်ငံကို တရားမ ဝင်မှောင်ခို ခိုးထုတ်နေမှု၊ ဒ့ါအပြင် သစ်တောသစ်ပင်တွေပါ အလုံးလိုက်သယ်မှု ဆိုတာတွေကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများက အလေးထားကြပ်မတ် တားမြစ်ဆောင်ရွက် နေပါတယ်။ ဒီလို ဝန်ကြီးဌာနတွေက ဆောင်ရွက်နေသော်လည်း ဒီလိုလုပ်ငန်းတွေလုပ်ဖို့ အတွက် တာဝန်မဲ့တဲ့ ဒေသခံများက ဒီလို လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လို့သာလျှင် ဒီလိုလုပ်ငန်းတွေက တရားမဝင် ဖြစ်ထွန်းနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူလူထု ကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပြည်ထောင်စုအဆင့် အစိုးရဝန်ကြီးဌာနများနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့ လိုအပ်နေကြောင်းဖြေကြားအပ်ပါတယ်။ ဒီတရားမဝင်လုပ်ရပ်တွေဟာ တကယ်တော့ နှစ်နိုင်ငံနယ်စပ်ဒေသတွေကို အခြေပြုပြီးတော့ ပေါ်ပေါက်နေတာဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ တရားဥပဒေစိုးမိုးရေး ရရှိမယ်ဆိုလို့ရှိရင် ဒါမျိုးတွေဟာလျော့နည်းပပျောက် သွားမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီဒေသတွေမှာ တရားဥပဒေစိုးမိုးရေးကို ရရှိအောင် အရင်ဆောင်ရွက်သွားဖို့ လိုအပ်ပါကြောင်း ဖြေကြားလိုပါတယ်။

ဒါကြောင့် ဒါတွေကို တရားဥပဒေစိုးမိုးရေးနယ်စပ်ဒေသပါမကျန် ရောက်ရှိလွှမ်းမိုးနေအောင် ဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့ အပြင် ကချင်ပြည်နယ်အနေနဲ့ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတွေအတွက်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသ၊ အလိုက် နိုင်ငံတော်က တစ်ပြေးညီ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဝန်ထမ်းတွေအတွက်အခက်အခဲရှိတဲ့ဒေသတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆက်လက်တင်ပြသွားရန်သာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော် အခြေပြမိန့်ခွန်းမှာ ပြောကြားချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ မိုက်ခရိုစီးပွားရေး၊ ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ပြီးတော့မှ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ နိုင်ငံတော်တစ်ရပ်လုံးနဲ့ဆို င်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုအတွက် မိုက်ခရိုစီးပွားရေးမူ ဝါဒကိုလည်း လက်တွေ့ကျကျ ပြုပြင်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ထင်သာမြင်သာအောင် ကျွန်တော့်အနေနဲ့ ရှင်းပြရမယ်ဆိုလို့ရှိရင် ကုန်သွယ်မှုဆိုင်ရာအခွန်အခတွေ ပြောင်းလဲလျှော့ပေါ့ ပေးတာတွေပြုလုပ်ခဲ့ပါပြီ။ ဒါ့အပြင် ဥပဒေပြုပြင်ရေးကဏ္ဍ မှာလည်း ပြုပြင်သင့်သည်များကို ပြုပြင်နိုင်ရေး၊ ဖြည့်စွက်ရေး၊ ပယ်ဖျက်သင့်သည်များကိုပယ်ဖျက်၍ အသစ်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ အပြင် လူမှုရေးအတွက် ပင်စင်လစာ တိုးမြှင့်ပေးမှုကို ဆောင်ရွက်ပေးခဲ့ပြီးတော့ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ပြု ပြင်တိုးမြှင့် ဖော်ဆောင်ပေးမှု များကိုလည်း ပွင့်ပွင့်လင်းလင်း ဆောင်ရွက်ပေး နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ဒါ့ အပြင် နိုင်ငံ ရေးကဏ္ဍမှာလည်း ယခင်ကထက် ပိုမို လွတ်လပ်ပွင့်လင်းမှုကို ပြသပြီးတော့ သဘောထားကြီးစွာနဲ့ ပူးပေါင်းဆောင်ရွက်နေတာကို ကိုယ်စားလှယ်တော်ကြီးများအသိပဲဖြစ်ပါတယ်။ အခြားသောကဏ္ဍများမှာပါ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုတွေရှိနေပြီးတော့မှ နိုင်ငံတော်အစိုးရရဲ့ မှန်ကန်တဲ့ စေတနာနဲ့လုပ်ရပ်ကို လက်တွေ့ဖော်ဆောင်ပြသလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဤကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲရေးများကို အားတက်သရော ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံး ဆောင်ရွက်ချက်ပင်ဖြစ်ပါတယ်။တစ်ဘက်ကလည်း ပွင့်လင်းမြင်သာမှုတာဝန်ခံမှု

ပြည်သူ့ဆန္ဒကို အလေးထားမှု၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်တဲ့ ဦးတည်လုပ်ဆောင်မှုများဖြင့် မြန်မာ့ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု ဖြစ်စဉ်ကို မှ နိကန်သည့်လမ်းကြောင်းအတိုင်း ရှေးရှုပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ နိဂုံးချုပ်အားဖြင့် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဂျေယောဝူ ရဲ့ မေးခွန်းပါ ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူတွေ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် လုံခြုံစိတ်ချစွာ လုပ်ကိုင်စားသောက်နိုင်ရေး၊ စီးပွားရေး၊ လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အစစအဆင်ပြေချောမွေ့စေရေး၊ ဒေသမှာ တည်ငြိမ်အေးချမ်းစေရေး၊ ဒီလုပ်ငန်းစဉ်များအားလုံးကို နိုင်ငံတော်အစိုးရသည် ဘက်စုံထောင့်စုံမှာ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိပါကြောင်းနှင့် ဒီလုပ်ငန်းတွေဟာ ဒေသအတွင်း တည်ငြိမ် အေးချမ်းမှု၊ ဖော်ဆောင်မှုနှင့် အတူတည်ငြိမ်အေးချမ်းအကောင်အထည်ဖော်လာတာနှင့်အမျှ ဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်းမေး တဲ့ ဦးဂျေယောဝူရဲ့ မေးခွန်းပါပူတာအိုမှာ လမ်းမကောင်းတာတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်တာတွေ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်တာတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးပတ်သက်တာတွေ ဒါတွေကိုတော့ ဖြင့်ရင် မေးခွန်းရှင်အနေနဲ့သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများထံသို့ ဆက်လက်မေးမြန်းသင့်ပါကြောင်းဖော်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကို လွတ်လပ်စွာ ရောင်းဝယ်ခွင့် ရှိ/မရှိနှင့်စစ်ဆေးရေး ဂိတ်များမှ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့်မေးခွန်းဖြစ်ပါတယ်။ ယခုရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်က ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကို လွတ်လပ်စွာရောင်းဝယ်ခွင့် ရှိ/မရှိ နှင့် စစ်ဆေး ရေးဂိတ်များမှ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးခင်မောင်လတ် ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်ပြခွင့်ပြုပါ။

**အချိန်၊ ၁၁း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စစ်ကြိုခေတ်ကတည်းက က မ္ဘာမှာ ဆန်စပါးအများဆုံးတင်ပို့ နိုင်တဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာလည်းပဲ ဧရာ ဝတီတိုင်းဒေသကြီးနှင့်အတူ အဲဒီ အချိန်တုန်းက မြန်မာနိုင်ငံရဲ့ စပါးကျီဒေသတစ်ခုဖြစ်ခဲ့ပါတယ်။ စစ်တွေဆိပ်ကမ်းဆိုရင် အဲဒီအချိန်တုန်းက တစ်နှစ်မှာ ဆန်တန်ချိန်(၁)သန်းကျော်တင်ပို့ပြီးတော့ ကမ္ဘာမှာ ဆန်အတင်ပို့နိုင်ဆုံးဆိပ်ကမ်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အခုကတော့ မဟုတ်တော့ပါဘူး။ ဆန်စပါးလုပ်ငန်းကလည်း တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ထဲမှာရှိ တဲ့ အချို့မြို့နယ်တွေကတော့ ဆန်စပါးပိုလျှံစွာ ထွက်ရှိနေပါသေးတယ်။ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်တို့မှာ ဆန် စပါးပိုလျှံစွာ ထွက်ရှိပါတယ်။ အဲဒီ ပိုလျှံတဲ့ ဆန် စပါးတွေကို အဲဒီဒေသအတွင်းက ကုန်သည်ကလေးတွေ က စုဆောင်းကောက်ယူပြီးတော့ ဆန် စပါး ချို့တဲ့တဲ့ ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်နဲ့ ပုဏ္ဏားကျွန်းမြို့နယ်မြောက်ပိုင်းဒေသတွေကို မော်တော်ဘုတ်တွေနဲ့ သွားပြီးတော့ ရောင်းရပါတယ်။ သူတို့ မော်တော်ဘုတ်တွေကလည်း များများစားစား မတင်နိုင်ပါဘူး။ ဆန်အိတ်(၃၀)(၄၀)ဆိုတာ အများဆုံးပါပဲ၊ တချို့ မော်တော်ဘုတ်တွေကျတော့ ဆန်အိတ်(၂၀)လောက်ပဲ တင်နိုင်တဲ့ မော်တော်ဘုတ်တွေ ပါ ပါတယ်။ အဲဒီလိုသူတို့သွားရောက် ရောင်းချတဲ့အခါမှာ လုံခြုံရေးအရ စစ်ဆေးရေးဂိတ်စခန်းတွေကို ဖြတ်သန်းရပါတယ်။ အဲဒီဂိတ်စ ခန်းတွေကတော့ ပေါက်တောမြို့နယ်မှာ တောင်ဖျာဇိတ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ ပလီပေါက်ဂိတ်၊ စစ်တွေမြို့နယ်မှာ အမြင့်ကျွန်းဂိတ်၊ ရသေ့တောင်မြို့နယ်မှာ ခြေတော်ရာဂိတ်၊ ဘူးသီးတောင်မြို့နယ်မှာ

ခွဆုံဂိတ်၊ ညောင်ချောင်းဂိတ်၊ ဝါးရင်းကျွန်းဂိတ်၊ အိမ်တော်ဂိတ်တို့ဖြစ်ပ ါတယ်။ လုံခြုံရေးအရ စစ်ဆေးတာတော့ ကောင်းပါတယ်။ ပြည်သူလူထုလည်းလုံခြုံမှုအရ အများကြီး အကျိုးရှိပါတယ်။ ခံစားရပါတယ်။ ဒါပေမယ့် ငွေပိုက်ဆံ တွေကောက်တာကျတော့ သူတို့ထိခိုက်ပါတယ်။ မကောင်းပါဘူး။ ဂိတ်စခန်းတစ်ခုကို ဖြတ်သန်းတဲ့အခါမှာ အဲဒီဘုတ်တစ်စီးကို အနည်းဆုံးငွေ (၅၀၀၀၀) လောက် ပေးဆောင်ရပါတယ်။ အခုဆိုရင် (၁၀၀၀၀၀)တောင်မှ သူတို့တောင်းနေကြပါတယ်။ ဆန်သယ်တဲ့ မော်တော်ဘုတ်တွေမှ မဟုတ်ပါ ဘူး။ ဒေသထွက်ကုန်ဖြစ်တဲ့ သရက် သီးတို့၊ ဒညင်းသီးတို့၊ ဝါးတို့၊ အုန်းတို့၊ ကြက်တို့၊ ဝက်တို့ သယ်ဆောင်တဲ့ မော်တော်ဘုတ်တွေ ၊ ကူးတို့ဘုတ်တွေကအစ အနည်းအများတော့ ပေးကြရပါတယ်။ အဲဒီလိုပေးပြီးသွားတာတောင်မှ ဖမ်းဆီးမှုတွေရှိပါတယ်။ ၂၀၁၀ခုနှစ်၊ နွေရာသီပိုင်မှာ ဆိုလို့ရှိရင် ဆန်ဘုတ်တစ်စင်းက ဆန်အိတ်(၃၀၀)ကို ဘူးသီးတောင်မြို့ ဆိပ်ကမ်းမှာ ဖမ်းဆီးတဲ့ အမှုတစ်ခု ရှိခဲ့ပါတယ်။ နောက်အခု နှစ်မှာလည်း ၆ လပိုင်း ၁၈ ရက်နေ့ ၂ နာရီမှာ အဲဒီ ဆန်သယ်ဘုတ်တစ်စီးဆီကနေ ငွေ (၂)သိန်းနဲ့ (၁၀)အိတ်၊ (၁၀) အိတ်ဆိုတာက ငွေ ၂ သိန်းခွဲ လောက်ရှိပါတယ်။ အဲဒါတွေကို ကောက်ယူပြီးတော့ သိမ်းထားလိုက်တာတွေရှိပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာဆန်စပါးကို အဓိကထားပြီး စိုက်ပျိုးရောင်းဝယ်မှီခို စားသောက်နေရတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်၊ ယနေ့ လယ်ယာလုပ်ငန်းဆိုတာဟာလည်း မိသားစုစရိတ်တွေ အ လွန်ကြီးမားပြီးတော့ အမြတ်အစွန်း သိပ်မရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရာသီဥတု ဖောက်ပြန်ပြီး ပျက်စီးမှုများတဲ့နှစ်ဆိုရင် နောက်တစ်နှစ် စိုက်ဖို့တောင်မှ ငွေအရင်းတော်တော်ရှာရတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဟိုတစ်ချိန်တုံးက ကမ္ဘာမှာ ဆန်စပါးအတင်ပို့ဆုံး ဖြစ်တဲ့ စစ်တွေဆိပ်ကမ်း မှာ Export မလုပ်နိုင်တာလည်း တော်တော်ကြာပါပြီ။ ကျွန်တော်တို့ ဆီကို ဆန်စပါးအထူးပြု ကုမ္ပဏီကြီးတွေလည်း မလာပါဘူး။ ချေးငွေပေးမယ့် ကုန်သည်ကြီးတွေ ကျွန်တော်တို့ ဆီမှာမရှိပါဘူးဆိုတော့ ဒီလိုအခြေအနေမျိုးမှာ ဆန်ကုန်သည်ကလေးတွေရဲ့ ဒေသတွင်းမှာ လှည့်လည်ရောင်းဝယ်နေတဲ့ ရောင်းဝယ်ဖောက်ကား ပေးနေတာကို အတားအဆီးတွေ လုပ်ပေးနေရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ လယ်ယာလုပ်ငန်းဟာ ကျဆင်းလာမှာ အမှန်ပါပဲ။ ဆင်းရဲမွဲတေ မှုဟာလည်း မြင့်တက်လာမှာ အမှန်ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်မေးလိုတဲ့ မေးခွန်း များကတော့ ရခိုင်ပြည်နယ်အတွင်းမှာ ဆန်စပါးကို လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့်ရှိပါသလား။ စစ်ဆေးရေးဂိတ်တွေမှာငွေကောက်ခံနေတာတွေကို ဟန့်တားပေးနိုင်ပါ့မလားဆိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၉။**

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒတွေပြည့်ဝပါစေလို့ ဆု တောင်းမေတ္တာပို့သ အပ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အခုလိုကျွန်တော့်အနေနဲ့ဖြေကြားခွင့်ရတဲ့အတွက်လည်း အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးမှာ ကျရာတာဝန်များကို ထမ်းဆောင်ဖို့နဲ့ ပြည်သူတွေရဲ့အသံနဲ့ဆန္ဒတွေကိုလည်း ဖြည့်ဆည်းပေးဖို့ အသင့်ရှိပါကြောင်း ကတိပြု ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ် အမှတ် (၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် တင်ပြတဲ့ ရခိုင်ပြည်နယ် အတွင်း ဆန်စပါးကိုလွတ်လပ်စွာ ရောင်းဝယ်ခွင့် ရှိ /မရှိနှင့် ပေါက်တောမြို့နယ် တောင်ဖျားဂိတ်၊ ပုဏ္ဏားကျွန်းမြို့နယ် ပလီပေါက်ဂိတ်၊ စစ်တွေမြို့နယ် အမြင့်ကျွန်းဂိတ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ခြေတော်ရာ ဂိတ်၊ ခွဆုံဂိတ်၊ ညောင်ချောင်းဂိတ်နှင့် အခြားဂိတ် နှစ်ဂိတ်များမှာ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးနိုင်ခြင်း ရှိ /မရှိ မေးမြန်းတင်ပြချက်နဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဦးခင်မောင်လတ်ရဲ့ ပထမမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကိုလွတ်လပ်စွာ ရောင်းဝယ်ခွင့် ရှိ /မရှိ မေးမြန်းချက်နဲ့ စပ်လျဉ်းလို့ တင်ပြရရင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီလက်ထက်မှာ နိုင်ငံတော်အတွင်းမှာ တောင်သူလယ်သမားပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ရည်ရွယ်ပြီး နိုင်ငံတော်ရဲ့ အဓိကသီးနှံဖြစ်တဲ့ ဆန်စပါးကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် စပါး ရာသီမှစပြီး အစိုးရက တိုက်ရိုက် ဝယ်ယူခြင်း မပြုတော့ဘဲ

လွတ်လပ်စွာ ရောင်း ဝယ်ဖောက်ကားခွင့်ပြုတဲ့ ဆန်စပါးရောင်း ဝယ်ရေး မူ ဝါဒသစ်ကို ကျင့်သုံး သွားမည်ဖြစ်ကြောင်း ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ နိုင်ငံတော်က အတိအလင်း ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်အရ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအပါအဝင် ဆန်စပါးလုပ်ငန်းရဲ့ ဆက်စပ်နေတဲ့ ပြည်သူများအားလုံးအနေနဲ့ ဆန်စပါးရောင်း ဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း လုပ်ငန်းများကို လွ တ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ခွင့် ရရှိခဲ့ပြီး ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းအပြီးမှာ ဆန် စပါး အဓိကထွက်ရှိရာ ဒေသဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ အားလုံးသိတဲ့ အတိုင်းပါပဲ။ ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ပြည်တွင်းဆန်စီးဆင်းမှုတွေ အဟန့်အတားဖြစ်ခဲ့ ရပါတယ်။ အဲဒီအချိန်မှာပဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကိုယ်တိုင် ဒေသအာဏာပိုင်များနဲ့ သွားရောက်တွေ့ဆုံပြီးတော့ ဒေသအလိုက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲမှု၊ စားသုံးမှုနဲ့ ပိုလျှံမှုအ ခြေအနေများကို ရှင်း လင်းတင်ပြပြီးတော့ ဆန်ပိုတိုင်း ဒေသကြီး/ပြည်နယ်တွေက နေပြီးတော့ ဆန်လိုတိုင်းဒေသကြီး/ပြည်နယ်များကို ဆန်စပါးများ စီးဆင်းမှု ရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဒေသအာဏာပိုင်များနဲ့ ညှိနှိုင်းချက်အရ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ဆန်စီးဆင်းရန် လိုအပ်ချက်ကတော့ တစ်လမှာ ဆန်အိတ် (၂၀၇၀၀၀၀)ကျော် (အိတ် သိန်း ၂၀ ကျော်)၊ တစ်နှစ်မှာ ဆန်အိတ်(၂၄၈သိန်းကျော်) စီးဆင်းရန်လိုအပ်ကြောင်း တွက်ချက်ရရှိခဲ့ပါတယ်။ အဲဒီ တွက်ချက်တဲ့အတိုင်း အပြည့်အဝ စီးဆင်းနိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဝန်ထမ်းအဆင့်အဆင့်ကနေပြီးတော့ Monitoring ပြုလုပ်ပြီးတော့ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ကုန်သည်အသင်းအဖွဲ့များ၊ ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များနဲ့ ဆန် အထူးပြုကုမ္ပဏီများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆန်စီးဆင်းမှုများကို ကြည့်မယ်ဆိုရင် ၂၀၀၈ ခုနှစ်၊ ဇွန်လကနေပြီး ဒီဇင်ဘာလအထိ ဆန်အိတ်ပေါင်း (၁၄၀.၅၈)သိန်း၊ တစ်လ ပျမ်းမျှ စီးဆင်းမှု (၂၀.၀၈)သိန်း၊ ၂၀၀၉ ခုနှစ် တစ်နှစ်လုံးမှာ ဆန်အိတ်ပေါင်း (၂၃၁.၈၄)သိန်း၊ တစ်လပျမ်းမျှ စီးဆင်းမှု (၁၉.၃၂)သိန်း၊ ၂၀၁၀ ခုနှစ်မှာ (၂၂၀.၅၉)သိန်း၊ တစ်လပျမ်းမျှ စီးဆင်းမှု (၁၈.၄၇)သိန်း၊ အသီးသီး တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ စီးဆင်း ခဲ့ပါတယ်။ ယခု ၂၀၁၁

ခုနှစ်မှာတော့ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ (၈)လ အတွင်းမှာ ဆန်အိတ်ပေါင်း (၁၆၄.၈၇) သိန်း စီးဆင်းခဲ့တာကြောင့် တစ်လပျှမ်းမျှ စီးဆင်းမှု အနေနဲ့ ဆန်အိတ်ပေါင်း (၂၀.၆၁)သိန်း စီးဆင်းခဲ့ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့နှစ်အလိုက် ဆန်စီးဆင်းမှုများကိုကြည့်ရင် ဆန်ပို ဒေသမှ ဆန်လိုဒေသများ သို့ လွတ်လွတ်လပ်လပ်နဲ့ စီးဆင်း နေကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ဆန်စီးဆင်းမှုကို ကြည့်မယ်ဆိုရင်လည်းပဲ ဈေးကွက်ဝယ်လိုအားနဲ့ ဈေးနှုန်း ဖြစ်ပေါ်မှုများအရ အခြားတိုင်းဒေသကြီး / ပြည်နယ်များသို့ အခါအားလျော်စွာ စီးဆင်းမှုများရှိခဲ့တာ တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောမယ်ဆိုရင် ၁၉၈၉ ခုနှစ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံဖက်စပ်ကော်ပိုရေးရှင်း အမှတ် (၂) ဥက္ကဋ္ဌအဖြစ် ကျွန်တော်တာဝန်ယူခဲ့ရပါတယ်။ အဲဒီ အချိန်တုန်းက ရခိုင်ပြည်နယ်က ဆန်ပို့ပါတယ်။ အဲဒီအတွက်ပဲ ရဆိုင်မှာ ကျွန်တော်တို့ ရခိုင် Trading ဆိုပြီးတော့ ဥက္ကဋ္ဌ ဦးခင်မောင်အေး ပါဝင်ပြီးတော့ ရခိုင်က ဆန်တွေကို ရန်ကုန်ကို ပို့ခဲ့ပါတယ်။ သို့သော်လည်းပဲ တဖြည်းဖြည်းနဲ့ စောစောကအောင်ပြသွားသလိုပါပဲ။ တဖြည်းဖြည်းနဲ့ ဆန် Quality ကျသွားတယ်။ စိုက်ပျိုးတဲ့ မြေတွေလည်း နည်းနည်းလျော့သွားတဲ့ အနေအထားမျိုးရှိပါတယ်။ အဲဒီအတွက်လည်းပဲ ကျွန် တော်တို့ အခုချိန်မှာ ဒါအထူးပြု ကုမ္ပဏီများ၊ စောစောက တင်ပြသွားတာ ရှိပါတယ်။ ရခိုင် မှာ အထူးပြုကုမ္ပဏီတွေ မရောက်သေး ဘူးဆိုရင်လည်းပဲ ကျွန်တော့်အနေနဲ့ အထူးပြုကုမ္ပဏီတွေ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်ပေးတဲ့ ဝန်ကြီးဌာနလည်း ဖြစ်တဲ့အတွက် ကျွန်တော်ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမယ်လို့လည်း ပြောကြားလိုပါတယ်။ရခိုင်ပြည်နယ်ရဲ့ ဆန်စီးဆင်းမှုကို ကြည့်မယ်ဆိုရင်လည်းပဲ ဈေးကွက်ဝယ်လိုအားရဲ့ ဈေးနှုန်းဖြစ်ပေါ်မှုအရ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ အခါအားလျော်စွာစီးဆင်းခဲ့တာ ရှိပါတယ်။ ဒီလိုစီးဆင်းနေတာဟာ ဈေးကွက်သဘောတရားအရ ကုန်သည်များအနေနဲ့ လွတ် လွတ်လပ်လပ် ရောင်းဝယ် စီးဆင်းခွင့်ရရှိနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဦးခင်မောင်လတ်ရဲ့ ပထမမေးခွန်းအပေါ်မှာ ဖြေကြားရရင် ရခိုင်ပြည်နယ်အတွင်း မှာဆန်စပါးကို လွတ်လွတ်လပ်လပ် ရောင်း ဝယ်ခွင့်ရှိပါကြောင်းနှင့် နိုင်ငံတော်အတွင်းမှာရှိတဲ့ ကျန်တဲ့တိုင်းဒေသကြီး/ပြည်နယ်များအားလုံးမှာလည်းလွတ်လွတ်လပ်လပ် ရောင်းဝယ်စီးဆင်းခွင့်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဦးခင်မောင်လတ် ရဲ့ ဒုတိယမေးခွ န်းဖြစ်တဲ့ စစ်ဆေးရေးဂိတ်များမှာ ငွေကောက်ခံနေခြင်းကို ဟန့်တားပေးနိုင်ခြင်း ရှိ /မရှိ ဆိုတဲ့အချက်အပေါ် သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းခဲ့ ရာမှာ ပြန်လည်ဖြေကြားမှုကို ကျွန်တော့် အနေနဲ့ ဆက်လက်တင်ပြ သွားမှာ

ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ဆန်စပါးဖူလုံတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ဆန်စပါး သယ်ယူရောင်းချမှုနဲ့ ပတ်သက်လို့ ယခင်ကတည်းက ပြည်နယ်အတွင်းမှာ လွတ်လွတ်လပ်လပ် ရောင်းဝယ်ခွင့်ရှိပါကြောင်းနဲ့ ယခုကာလမှာလည်း ပဲ ပြည်နယ်အတွင်းမှာ လွတ်လွတ်လပ်လပ် ရောင်းဝယ်လျက်ရှိပါတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်ဟာ အိမ်နီးချင်း တစ်ဖက်နိုင်ငံရဲ့ ဆန်စပါး လိုအပ်ချက်များကြောင့် ပြည်နယ်အတွင်း မှာရှိတဲ့ ဆန်စပါးများ တရားမဝင် မှောင်ခိုသယ်ယူ ရောင်းချမှုမရှိစေရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ကာလ အတွင်းမှာ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် များ တစ်ဖက်နိုင်ငံသို့ တရားမဝင် နည်းလမ်းဖြင့် တင်ပို့နေကြောင်း သတင်းရရှိခဲ့တဲ့အတွက် တရားမဝင်နည်းလမ်းဖြင့် မှောင်ခိုမထွက်ရေးအတွက် အထူးကိစ္စတစ်ရပ်အနေဖြင့် တားဆီးကာကွယ်ပိတ်ဆို့ရန် မြို့နယ်များကို ညွှန်ကြားဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၀ ပြည့်နှစ် မတ်လအတွင်း မြောက်ဦးမြို့ နယ်မှ ဆန်အိတ်များကို ရသေ့တောင် မြို့နယ်၊ ဘူးသီးတောင်မြို့နယ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ရောင်းချဖို့ရည်ရွယ်ချက်ဖြင့် သယ်ယူလာတဲ့ ဆန်အိတ်(၅၅၀)ပါ စက်လှေတစ်စီးကို စစ်တွေမြို့နယ် အမြင့်ကျွန်း ရဲစခန်းမှ ဖမ်းဆီး အရေးယူ ဆောင်ရွက်ခဲ့ရပါတယ်။

ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံနဲ့ နီးကပ်စွာတည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် လက်နက်နဲ့ ဖောက်ခွဲရေးပစ္စည်းများ တရားမဝင်မှောင်ခိုဝင်ရောက်မှု မရှိစေရေး၊ နိုင်ငံခြားသား များ တရားမဝင် ဝင်/ထွက်မှု မရှိစေရေး၊ နိုင်ငံတော်မှ တားမြစ်ထားတဲ့ ကန့်သတ်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေး၊ တရားမဝင် မှောင်ခိုထွက်ရှိမှု မရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ သ က်ဆိုင်ရာ မိတ်ဖက်ဌာနများပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ စစ်တွေမြို့နယ်၊ ကျောက်တန်းကျေးရွာမှာလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သက်သက်ဖြင့် စစ်တွေမြို့နယ် အမြင့်ကျွ န်းကျေးရွာမှာ မင်းချောင်းတံတား လုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေပြီးတော့ ပေါက်တောမြို့နယ် တောင်ဖျား၊ ပုဏ္ဏားကျွန်းမြို့နယ် ပလီပေါက်၊ ရသေ့တောင်မြို့နယ်ခြေတော်ရာ၊ ဘူးသီးတောင်မြို့နယ် ခွဆုံ၊ ညောင်ချောင်း စသည့်နေရာများမှာ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိမှု မရှိတာကို ပြန်ကြားထားပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ မေးခွန်း(၂)ရပ်နဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အတွင်းမှာသာမက တစ်နိုင်ငံလုံးမှာ ဆန်စပါးကို ပြည် တွင်းပြည်ပသို့ စားသုံးရန်အတွက် လွတ်လွတ်လပ်လပ်ရောင်းဝယ်ခွင့် စီးဆင်းခွင့်ရှိပါကြောင်း၊ တရားမဝင် တင်ပို့ရောင်းချမှုများ မဖြစ်စေရေးအတွက် ဒေသအာဏာပို င်များရဲ့ အစီအစဥ်နဲ့ စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အဆိုပါဂိတ်များမှ ငွေကောက်ခံနေမှုများ အပေါ် ဒေသအာဏာပိုင်များအနေဖြင့် ဟန့်တားပေးခြင်း၊ တိတိကျကျ တိုင်ကြားလာပါက စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ပေးမယ်လို့ သိရှိရပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ယခုလို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ဧည့်သည်တော်များကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသည့် ဉာဏ်ရည်ထက်မြက်သော ကျောင်းသားကျောင်းသူများအား အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ကျောင်းသားဦးရေ ခွဲတမ်းစနစ် Student Quota System ဖြင့် ဆေး တက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ခွင့်ပြုသည့်စနစ်တစ်ခု ဖော်ဆောင်ပေးရန်နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၉။**

**ဒုတိယဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး က မေးမြန်းတဲ့ မေးခွန်းသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရော်မံ ခေါ် ဦးဌေးဝင်းက နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသည့်ဉာဏ်ရည်ထက်မြက်သော ကျောင်းသားကျောင်းသူများအား အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် ကျောင်းသားဦးရေခွဲတမ်းစနစ်Student Quota System ဖြင့် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ရောက် ပညာသင်ကြားခွင့်ပြုသည့် စနစ်တစ်ခု ဖော်ဆောင်ပေးရန်နှင့် စပ်လျဥ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခို င်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ မေးခွန်းနဲ့ ပတ်သက်ပြီး အကျဉ်းချုံးရှင်းလင်းချက်ကို ဖတ်ကြားခွင့်ပြုပါရန်နှင့် အင်္ဂလိပ်စာလုံး အနည်းအကျဉ်းပါတာကို ဖတ်ရှုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများတွင် ဉာဏ်ရည်မြင့်မားသော ကျောင်းသား/ကျောင်းသူများရှိနေသော်လည်း နယ်စပ်ဒေသများနှင့် သဘောသဘာဝအရ မြို့ကြီးပြကြီးများနှင့် နှိုင်းယှဉ်လျှင် သင်ထောက် ကူပစ္စည်းအားနည်းမှု၊ စီးပွားရေးမပြေလည်မှု၊ အထွေထွေချို့တဲ့မှုများကြောင့် ရသင့်ရထိုက်သော အသက်မွေး ဝမ်းကျောင်းတက္ကသိုလ် ဝင်ခွင့်ရမှတ်များ မမီဘဲဖြစ်နေမှုကို တွေ့ရှိရပါတယ်။ ဒါက မြို့ကြီးပြကြီးများနဲ့ နယ်စပ်ဒေသတောရပ်ကျေးရွာများ၏ ခြားနားမှုကို တင်ပြချင်ပါတယ်။ အကယ်၍ အထူးအခွင့်အရေးတစ်ရပ်ပေးသည့်အနေနှင့် ကျောင်းသားဦးရေခွဲတမ်းစနစ် (Student Quota System) ဖြင့် အထူးအကောင်အထည်ဖော်နိုင်ပါက ထိုစနစ်မှ မွေးထုတ်ပေးမည့် ဒေသခံ ဇာတိဖွား ဆရာဝန်များနှင့် အခြားပညာတတ်များသည် မိမိမွေးရပ်ဒေသတွင် နိုင်ငံ့ ဝန်ထမ်းအဖြစ် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင် မှာ ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် မိမိရရှိသော ဝင်ငွေကို ဒေသခံပီပီ မိမိဒေသမှာပင် ပြန်လည်ရင်းနှီးမြှုပ်နှံရင်း လူ မှုစီးပွားကဏ္ဍအသီးသီးတွင် အပြန် အလှန်အကျိုးဖြစ်ထွန်းမှု (Double In pack ) ဖြင့် နိုင်ငံတော်၏ မြို့ရွာနှင့် ကျေးလက် ဖွံ့ဖြိုးမှု တစ်ပြေးညီဖြစ်စေရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူ ပြုမည်ဖြစ်ပါသည်။ ဆင်းရဲမွဲတေမှုပပျောက်ရေးကိုလည်း အားပေးအားမြှောက်ပြုမည်ဖြစ်သည်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အထူးသဖြင့် ချင်းပြည်နယ်မှ ကိုယ်စားလှယ်တော်ကြီးတွေ အထူးကုဆရာဝန်များ အခက် အခဲဖြစ်တယ်ဆိုတာ

အမြဲတမ်း ကျွန်တော်တို့ လွှတ်တော်မှာ တင်ပြပါတယ်။ ကျွန်တော်တို့ရဲ့ ပထမအကြိမ်အမျိုးသား လွှတ်တော်ပထမပုံမှန်အစည်းအဝေး၊ဒုတိယပုံမှန်အစည်းအဝေးတွေမှာ အသီးသီးတင်ပြတောင်းဆို တာတွေကို တွေ့ရပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း နယ်စပ်မြို့ကလေးမှာ မွေးဖွားပြီး ကြီးပြင်း လာခဲ့ရတဲ့အတွက် အမြဲတမ်း သူတို့ကို ကိုယ်ချင်းစာပါတယ်။ ၂၀-၉-၂၀၁၁ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမြတ်ကို ကလည်း မြို့နယ်ခွဲ တစ်ခုကနေ တစ်ခုကို သွားဖို့ရာမှာ (၅)ရက်ကနေ (၇)ရက်ထိ ကြာလေ့ရှိတာကို သိရှိရ ပါတယ်။ ဒါကြောင့် မြို့ကြီးပြကြီးနှင့် ဆရာဝန်ကြီးများ၊ အခြား ဝန်ထမ်းများ၊ နယ်စပ်ဒေသများ၏ သဘာဝ အရ ဘာသာစကားအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲ၊ အထွေထွေအဆင်မပြေမှုများကြောင့် အဲဒီနယ်စပ်ဒေသတွေကို သွားရောက် တာဝန်ထမ်းဆောင်လိုတဲ့ ဆန္ဒအင်မတန်နည်းပါးတာ ကို တွေ့ရှိရပါတယ်။ သူ တို့အခက်အခဲတွေကိုလည်း ကျွန်တော်တို့က နားလည်ပေးပါတယ်။ သို့ပါ၍ ဤအခက်အခဲများကို ပြေလည်စေနိုင်မယ့် ကျောင်းသားဦးရေ ခွဲတမ်းစနစ် (Student Quota System)တစ်ခုဖြင့် ဆေးတက္ကသိုလ်၊ သွားဘ က်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုသည့်အထူးစနစ်တစ်ခုကိုဖော်ဆောင်ပေးနိုင်ပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် တစ်ဝန်း နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသည့် ဉာဏ်ရည်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများအား အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ကျောင်းသား ဦးရေ ခွဲတမ်းစနစ် (Student Quota System)ဖြင့် ဆေးတက္ကသိုလ်၊ သွားဘ က်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ခွင့် ပြုသည့် စနစ် သစ်တစ်ခုဖော်ဆောင်ပေး ရန် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၄၄။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန)** ။အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဝင်း တင်သွင်းတဲ့ (Student Quota System)နှင့် ပတ်သက်လို့ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးတဲ့ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပြီးတော့ခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တွေဟာ ရှေးယခင် ကျွန်တော်တို့ အင်္ဂလိပ်အစိုးရလက်ထက်အောက်မှာ ရှိလာခဲ့တဲ့ ဆေးကောလိပ် ခေါ်မယ်။ ဆေးပညာမဟာဌာနခေါ်မယ်။ အဲဒီတုန်းကနေစပြီးတော့ အခု ၁၉၆၄ ခုနှစ် စနစ်သစ် ပညာရေး စတဲ့အခါမှာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အဖြစ် ပေါ်လာတဲ့ အချိန်ထိ တောက်လျှောက်မှာ သိပ္ပံဘာသာတွဲနှင့် အောင်မြင်တဲ့သူတွေကို ရမှတ်အပေါ်မှာအခြေခံပြီး တက္ကသိုလ်ဝင် ခွင့်ပြုခဲ့ပါတယ်။

ပြည်သူလူထုအတွက် ကျန်မာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ဝင်ခွင့်ရွေးချယ်ရေးစနစ်သစ် တစ်ရပ်ဖော်ထုတ်ရန်အတွက် ၁၉၉၄ ခုနှစ်ကစပြီးတော့ ဆေးပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ /ဆရာမများ၊ အခြားပညာရှင်များ ပါ ဝင်တဲ့ အစည်းအဝေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့တာ အကြိမ်ကြိမ်ရှိသွားပြီ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပတဲ့ သတ္တမအကြိမ် ဆေးပညာနှီးနှောလှယ်ပွဲ ကနေ ပြီးတော့လည်း ကျွန်တော်တို့ ဒီ (Student Quota System) လုပ်ရင်ကောင်းမလား စဥ်းစားဆွေးနွေးဖို့ အစီအစဥ် တစ်ရပ် ဆွဲခဲ့ ပါတယ်။

၂၀၀၈ ခုနှစ်၊ ဇူလိုင်လမှာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးတက္ကသိုလ်များနှင့် သွားဘက် ဆိုင်ရာဆေးတက္ကသိုလ်သို့ဝင်ခွင့်ရွေးချယ်ရေးစနစ် အကောင်အထည်ဖော်ရေးအတွက် အကြိမ်ကြိမ် ထပ်မံညှိနှိုင်းခဲ့ရာ အများစုအနေနဲ့ကတော့ လက်ရှိလူမှုရေး၊ စီးပွားရေး အခြေအနေအရ

လောလောဆယ်ကျင့်သုံးဖို့ သင့်လျော်မှု မရှိသေးသည့် အတွက် ဆိုင်းငံ့ထားရန် သဘောတူ ညီခဲ့ကြပါတယ်။ ဆေးပညာဘာသာရပ်ဟာ နှစ်ရှည်သင်ကြားရတဲ့အသက်မွေးဝမ်း ကျောင်းပညာရပ်တစ်ခုဖြစ်သဖြင့် ဉာဏ်ရည်ဉာဏ်သွေးအပြင် ဇွဲ၊လုံ့လ၊ ဂီရိယနှင့် စိတ်ရှည်မှု များလိုပါတယ်။ အရည်အသွေး အရည်အချင်းနှင့် ရက်ရှည်လများ ကြိုးစားအားထု တ်မှု အပေါ် မူတည်၍သာ သင်တန်းရွေးချယ် တက်ရောက်ခွင့်ပြုတဲ့ သဘောသဘာဝရှိပါတယ်။ အနောက်နိုင်ငံတွေမှာလည်း JCE ဆိုရင် "O" level မက "A"level ရမှသာ တက်ရောက်ခွင့်ပြုတဲ့ အနေအထားခုချိန်မှာလည်း ရှိနေပါတယ်။ ကိုယ်စားလှယ် တော်ကြီး အဆိုပြုသလို ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ခွဲတမ်းချမယ်ဆိုရင် ကျန်းမာရေးစောင့် ရှောက်မှုပေးနိုင်တဲ့ အရည်အသွေးနှင့် အဆင့်အတန်းအပေါ် ရောင်ပြန်ဟပ်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများ အတွင်းမှာလည်း ကြိုးစား အားထုတ်မှု လျော့နည်းလာစေပြီး မမျှတမှုနှင့် ပြည်သူလူထုအကြား စိုးရိမ်ပူပန်မှုတွေ ဖြစ်လာမှာဖြစ်ပါတယ်။ အကောင်းချည်းပဲမရှိသလို အဆိုးချည်းပဲ မရှိနိုင်ဘူးပေါ့။ တစ်ခုနဲ့တစ်ခု ပြောရမယ်ဆိုရင် အားနည်းချက်၊ အားသာချက် System (၂)ခု လုံးမှာရှိတယ်။

လက်ရှိတွင် တက္ကသိုလ် ဝင် စာမေးပွဲအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး အလိုက် စစ်ဆေးနေခြင်းဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကနေ ဆေးတက္ကသိုလ်များနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများရဲ့ တက္ကသိုလ် ဝင်ခွင့် စာမေးပွဲရမှတ်များကို လေ့လာရာမှာ များစွာ ကွာခြားမှု မရှိတာကို တွေ့ရှိရပါတယ်။ ဝင်ခွင့်လျှောက်ထားရာမှာ သက်ဆိုင်ရာ ကျောင်းသားတစ်ဦးချင်းစီရဲ့ရမှတ်နှင့် သူ့ရဲ့ စိတ်ဆန္ဒရှိမှုအပေါ် မှာသာ အခြေခံတဲ့အတွက် တစ်ခါ တစ်လေ ရမှတ်များသော်လည်း ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ လျှော က်ထားခြင်းမရှိဘဲနဲ့ ဥပမာ - ရေကြောင်းတက္ကသိုလ်၊ အင်္ဂလိပ်စာမေဂျာ စသည်ဖြင့်လည်း ရှိပါတယ်။ လက်ရှိ ကျင့်သုံးနေတဲ့ ဝင်ခွင့်စနစ်ကတော့ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး အပါအဝင် ကျန်တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကျောင်းသားကျောင်းသူများရဲ့ ဆေးတက္ကသိုလ်နဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် အချို့ဟာလည်း အချိုးအစားကို ကြည့်မယ် ဆိုရင် ယခုအချိန်ထိ မျှတနေတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပညာရှင်များဟာ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ကတည်းက ဝင်ခွင့်စနစ်ကို ဒီထက်ပိုကောင်းအောင် အမျိုးမျိုး လေ့လာသုံးသပ်ပြီးတော့ နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ

အကောင်အထည်ဖော်ပြီးတော့ စောင့်ရှောက်မှုပေးနိုင်တဲ့၊ အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်များ ၊ သွားဘက်ဆိုင်ရာဆရာဝန်များကို အပြည့်အဝမွေးထုတ်နိုင်ရေးမှာ လတ်တလောမှာတော့ လက်ရှိ ဝင်ခွင့်စနစ်နဲ့သာ ဆက်လက်ဆော င်ရွက်သင့်တယ်လို့ ပညာရှင်များက မြင်ပါတယ်။ ဒီထက် ကောင်းမွန်တဲ့ စနစ်တစ်ခုရရှိဖို့ကိုလည်း ကျွန်တော်တို့ ဆက်လက် စဉ်းစားဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအ ခြေအနေမှာ အမှတ် System ရော Quota ရောပါတယ်လို့ ပြောလို့ ရပါတယ်။ အမှတ်ကတော့ တက္ကသိုလ်ဝင်ခွင် ့ရတဲ့ အမှတ်ပေါ်မှာ အခြေခံပြီးတော့ရွေးတာပါ။ Quota ကတော့ ယောကျ်ား လေး၊ မိန်းက လေးပါပဲ။ ဒါပေမယ့် သိပြီးဖြစ်တဲ့အတိုင်း ဆေး တက္ကသိုလ်တွေမှာဆိုရင် မိန်းကလေး(၄၀)ရာခိုင်နှုန်းနှင့် ယောကျ်ားလေး (၆၀)ရာခိုင်နှုန်း ရွေးရမှာ ဖြစ်ပါတယ်။ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာဆိုရင်လည်း မိန်းက လေး(၂၀)ရာခိုင်နှုန်း ယောကျ်ားလေး(၈၀)ရာခိုင်နှုန်း ရွေးပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ခုနလို ပြည်န ယ်နှင့် ပြည်မ ဝေးလံခေါင်ဖျားတဲ့ဒေသနဲ့ ဒီ Quota System ကို သုံး/မသုံး အငြင်းပွားစရာ ဆွေးနွေးစရာတွေ ရှိသလိုဒီမှာလည်း ဆွေးနွေးစရာတွေလဲရှိပါတယ်။ သို့သော်လုပ်ငန်းလိုအပ်ချက်အရ မိန်းကလေးများ ဝေးလံခေါင်ဖျားတဲ့ ဒေသ၊ လုံခြုံရေးအားနည်းတဲ့ ဒေသတွေမှာ သွားရတဲ့အခါ အားနည်းချက် ရှိပါတယ်။ အဲဒီတော့စာကိုကြိုးစားပြီး ဆယ်တန်း အမှတ်ပိုကောင်းတာတော့ မိန်းက လေးတွေက ပိုကောင်းကြပါတယ်။ ကိုယ်စားလှယ်ကြီးများ သားသမီးရှိတဲ့သူများ ပိုသိကြမှာပါ။ အဲတော့ အမှတ် ပိုကောင်းနေပေမယ့်၊ အမှတ်တစ်ခုကိုသာ ရွေးချယ်မယ်ဆိုရင် ကျွန်တော်တို့ ဆေးတက္ကသိုလ် တွေမှာ မိန်းကလေး(၇၀)ရာခိုင်နှုန်းလောက်(၈၀)ရာခိုင်နှုန်းလောက် ရော က်လာဖို့အကြောင်း ရှိပါတယ်။ ဒါက ယောကျ်ားလေးတွေကို စာညံ့တယ်လို့ ပြောတာမဟုတ်ပါဘူး။ယောကျ်ားလေးတွေ ဆယ်တန်းအမှတ်အရ နည်းတာဟာ မိန်းကလေးလောက် မကောင်းကြဘူးလို့ ပြောတာပါ။ အဲဒီ အခါကျတော့ တကယ်သာ မိန်းကလေး(၈၀)ရာခိုင်နှုန်းကို အဝင်ခံလိုက်မယ်ဆိုရင် ဆရာဝန်လည်း ဖြစ်လာရော ဝေးလံခေါင်ဖျားတဲ့ ဒေသမှာ တာဝန်ထမ်းဆောင်ဖို့ မိ န်းကလေးတွေလွှတ်တဲ့ အခါမှာ လုံခြုံရေးလည်း ကြည့်ရတယ်။ လမ်းပန်းဆက်သွယ်ရေးလည်းကြည့်ရတယ်။ ဒါ့ကြောင့် မသွားနိုင်ဖို့ကိုများတယ်၊ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဒီဟာကို ကျေကျေနပ်နပ်ကြီးနဲ့ လုပ်ခဲ့ကြတာတော့မဟုတ်ဘူး ။ ဒါပေမယ့် လုပ်ငန်းလိုအပ်ချက် အရ ကျွန်တော်တို့ မိန်းက လေးကို(၄၀)ရာခိုင်နှုန်း၊ ယောကျ်ားလေးကို(၆၀)ရာခိုင်နှုန်း ရွေးခဲ့ပါ တယ်။ အဲလိုရွေးခဲ့တဲ့အတွက်လည်း ခုချိန်မှာ မိန်းကလေးဆေးတက္ကသိုလ်ဝင်မှတ်နဲ့ ယောကျ်ားလေး

ဆေးတက္ကသိုလ်ဝင်မှတ် မတူညီကြပါဘူး။ ဥပမာ ဒီနှစ် မိန်းကလေး(၄၀)ရာခိုင်နှုန်းရွေးဖို့ ခွင့်ပြုတဲ့ အခါမှာ အောက်ဆုံး အဆင့် မိန်းကလေးသည် ၄၉၈ မှတ် ရမှ ဆေးတက္ကသိုလ် ဝင်ခွင့် ရမှာပါ။ စုစုပေါင်း ၆၀၀ မှာ ၄၉၈ ဆိုရင် တစ်ဘာသာကို တွက်မယ်ဆိုရင် ၈၃ မှတ်လောက် ပျမ်းမျှ ကြေးကိုက်မှ ရသလိုဖြစ်တယ်။ ယောကျ်ားလေးကတော့ ခုနလိုပေါ့နော်။ (၆၀)ရာခိုင်နှုန်းဆိုတော့ သူ့ကိုပိုပြီး ယူလိုက်တဲ့အခါမှာ အမှတ်က တဖြည်းဖြည်း ဆင်းလာပါတယ်။ ယောကျ်ား လေး ရမှတ်ကတော့ ၄၆၈ မှတ် အောက်ဆုံးရမှာဖြစ်ပါတယ်။ ဒီလိုပဲ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မှာလည်း မိန်က လေးရမှတ်သည် ဆေးတက္ကသိုလ်နှင့် မတိမ်းမယိမ်းပဲ၊ သူက (၂၀)ရာခိုင်နှုန်းပဲ ခေါ်တဲ့အတွက် ဒီနှစ် ၄၉၄ မှတ် ပါတယ်။ မိန်းက လေးအောက်ဆုံးရမှတ် သွားဘက် ဆိုင်ရာ ဆေးတက္ကသိုလ်မှာ ယောကျ်ားလေးကတော့ ၄၅၇ မှတ် ရှိနေပါတယ်ဆိုတော့ ကိုယ်စားလှယ် တော်ကြီးပြောသလို လက်ရှိရွေးချယ်နေတဲ့ System မှာ Pat-Side ဖြစ်တယ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ သို့သော် လတ်တလော အနေအထားမှာတော့ ဒီထက်ကောင်းတဲ့ System ကို ကျွန်တော်တို့ အများဆန္ဒနဲ့အညီ Concert ရပြီးတော့ မဖော်ထုတ်နိုင်သေးခင် မှာတော့ လတ်တလောမှာ ဒီလက်ရှိ တက္ကသိုလ် ဝင်ခွင့်ရွေးချယ်တဲ့စနစ်သာ ဆက်လက်ဆောင်ရွက်သင့်တဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအဖွဲ့ချုပ်၊ တောင်သူလယ်သမားအဖွဲ့အစည်းစသည့် အဆင့်ဆင့်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပေးရန် သင့်/မသင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းသည့် မေးခွန်းများသည် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက မြန်မာနိုင်ငံ လုံးဆိုင်ရာ တောင်သူလယ်သမား အဖွဲ့ချုပ် တောင်သူလယ်သမားအဖွဲ့အစည်းစသည့် အဆင့်ဆင့်သော အဖွဲ့အစည်းများကို ဖွဲ့စည်း ပေးရန် သင့်/မသင့် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာနက အခြေခံရပ်ကွက် ၊မြို့နယ် တိုင်းဒေသကြီးနှင့် ပြည်နယ်စတဲ့ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းတွေ အပြင် အလုပ်သမားအဖွဲ့ချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း စတာတွေကို ဖွဲ့စည်းဖို့ ဥပဒေကြမ်းရေးဆွဲပြီး ဥပဒေကြမ်းကော်မတီကို တင်ပြခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းကို ကော်မတီ ကလည်းစိစစ်ပြီးဖြစ်လို့ လွှတ်တော်ကို တင်ပြီး မကြာမီ ဥပဒေအဖြစ် ပြဋ္ဌာန်းတော့မှာ ဖြစ်ပါ တယ်။ အလားတူပဲ တောင်သူလယ်သမားတွေအတွက်လည်း အဆင့်ဆင့်သော အဖွဲ့အစည်းတွေ ကို ဖွဲ့စည်းပေးဖို့ သင့်/မသင့်ဆိုတာကို စဥ်းစား ဖို့ ဖြစ်လာပါတယ်။ အဖွဲ့အစည်းတွေ အဆင့်ဆင့် ပေါ်လာတဲ့အခါမှာလည်းလယ်သမားတွေရဲ့ နစ်နာချက်တွေ ၊ လိုလားချက်တွေ၊ တောင်းဆိုတင်ပြ ချက်တွေ၊ ညှိနှိုင်းချက်တွေကို အောက်ခြေအာဏာပိုင် အဖွဲ့အစည်းတွေအဆင် ့မှာပဲ အထိုက် အလျောက် ဖြည့်ဆည်းဖြေရှင်းပေး မယ်လို့လည်း မြင်မိပါတယ်။ တောင်သူလယ်သမားတွေရဲ့ အချို့သောကိစ္စလေးတွေဟာ လွှတ်တော်တွေမှာပဲ ဖြစ်ဖြစ် ပြည်ထောင်စုအဖွဲ့အစည်းတွေမှာပဲ ဖြစ်ဖြစ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေတော့ဘဲ နိုင်ငံတော်ရဲ့ ရည်မှန်းချက် လုပ်ငန်းကြီးတွေကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တွေက ပိုမိုအာရုံစူး စိုက်နိုင်မယ်လို့လည်း ယူဆမိပါတယ်။ လေးစား အပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ လက်ရှိ လယ်ယာကဏ္ဍာ ဆောင်ရွက်ချက်တွေဟာလည်း အရှိန်အဟုန်မြင့်မား လာပါတယ်။ သို့ပါ၍ စံပြ စိုက်ကွက်မှ စိုက်ပြနေတဲ့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်နဲ့ စိုက်တဲ့ စိုက်ကွက်တွေဟာ အလွန်အကျိုးရှိပါတယ်။ မြို့နဲ့ကျေးရွာစိုက်ပျိုးရေးမန်နေဂျာတွေက အဲဒီလို စံပြစိုက်ကွက်တွေကို ဒေသအသီးသီးမှာ စိုက်ပြကြတယ်ဆိုတဲ့ စနစ်ဟာလည်း ထိမိလှပါတယ်။ ရေရှည်မှာ အိမ်နီးချင်း နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ထိုင်း၊ ဗီယက်နမ်တို့မှာသုံးတဲ့ မြေကြီးခုတ်စက် Roller bitter တွေ၊ ငြိုလ်တုနဲ့ ဆက်သွယ်တဲ့ မြေဆီစမ်းသပ်စက်ပါ ခေတ်မီလယ်ထွန်စက် ကိရိယာတွေ၊ ခေတ်မီ လယ်ယာသုံး ကိရိယာတွေနဲ့ အင်နဲ့အားနဲ့ သုံးလာနိုင်မယ်လို့လည်း ထင်မြင်မိပါတယ်။ လက်ရှိ ဆောင်ရွက်နေတဲ့ အရှိန်အဟုန်နဲ့ ကျစ်လစ်တဲ့ တောင်သူလယ်သမား အဖွဲ့အစည်းတွေ တက်ညီ လက်ညီ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ ယခင်ကလိုပဲ ကျော်ကြားတဲ့ စပါးစိုက်ပျိုးရေးနိုင်ငံကြီးဖြစ်လာနိုင်မလားလို့ မှန်းဆမိပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဖွဲ့အစည်းကြီးတစ်ခု ပေါ်ပေါက်လာတဲ့ အခါ အားသာချက်တွေ ရှိသလို အားနည်းချက်တွေလည်း ရှိလာအုံးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်က နိုင်ငံတွေရဲ့သမိုင်းအတွေ့အကြုံတွေ၊ ဖြစ်ရပ်တွေ ဖြစ်စဉ်တွေ သင်ခန်းစာတွေ ကိုလည်း ပြန်လည်လေ့လာသုံးသပ်ဖို့ လုံလောက်တဲ့အချိန်ပေးရအုံးမယ်လို့လည်းမြင်မိပါတယ်။ ခုချိန်မှာ နိုင်ငံတော်က တောင်သူလယ်သမားတွေ အတွက် အဖက်ဖက်က အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးနေသလို လောလောဆယ်မှာ အဖွဲ့အစည်းတွေ ဖွဲ့ဖို့ဆိုတာ လိုအပ်ချင်မှလည်း လိုအပ်မယ် လို့မြင်မိပါတယ်။ ဒါကြောင့် အဆင့်ဆင့်သော တောင်သူလယ်သမား အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းဖို့ သင့်/မသင့်ဆိုတဲ့ မေးခွန်းကို နိုင်ငံတော်က အနာဂတ်မှာ စဥ်းစားချင့်ချိန်နိုင်ဖို့ အတွက်သာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ် အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီ အင် အားစုခေါင်းဆောင်များနှင့် တစ်ချိန်တည်းတွေ့ဆုံဆွေးနွေး ခွင့်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၇။**

**ဒုတိယဥက္ကဋ္ဌ** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစု ခေါင်းဆောင်များနှင့် တစ်ချိန်တည်းတွေ့ဆုံ ဆွေးနွေးခွင့် ပေးရန် အစီအစဥ် ရှိ/မရှိ နှင့်စပ်လျဥ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ် ဝမ်းငြိမ်းချမ်းကြပါစေလို့ ဆုတောင်းလျက် ကျွန်တော် ဒီနေရာက ရိုသေဂါရဝပြုအပ်ပါတ ယ်ခင်ဗျား။ ကျွ န်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့မေး မြန်းမယ့် မေးခွန်းကတော့ အမျိုးသား ပြန်လည် သွေးစည်းညီညွတ်ရေးနှင့် ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်လာရေးအတွက် ပြည်ထောင်စု အစိုးရအနေဖြင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်း ဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းတွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါကမည်သည့်အချိန်လောက်တွင်စတင်ဆွေးနွေးနိုင်ပါမည်နည်း။မရှိပါကအဘယ်ကြောင့်နည်း စတဲ့ မေးခွန်းတွေပဲဖြစ်ပါတယ်ခင်ဗျား။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်းများအား စာဖြင့် ဖတ်ကြားမေးမြန်း ခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံနေထိုင်လျက်ရှိသော လူမျိုးစုနိုင်ငံတစ်ခု ဖြစ်ပါသည်။ ဤလူမျိုးစုများ အားလုံးသည် ရှေးနှစ်ပရိစ္ဆေဒများစွာ ကပင် ဤနိုင်ငံတွင် အေးအတူပူအမျှအတူတကွ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားညီအစ်ကို မောင်ရင်း နှမများပင်ဖြစ်ပါသည်။ နေထိုင် ရာဒေသအလိုက် ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ ကွဲ ပြားခြားနားကြသော်လည်း ဤနိုင်ငံ၏အ ရေးကိစ္စ၊ ဒုက္ခအဝဝ တို့ကို ခံစားကြရာတွင်မူ အားလုံးအညီအမျှ အတူ တကွပင် ရှိခဲ့ကြပေတော့သည်။ ဤပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား လူမျိုးစုအားလုံးတို့၏ ချစ်ကြည်သွေးစည်းညီညွတ် မှုသည် နိုင်ငံ၏မရှိမဖြစ်အရေးကြီးဆုံး လိုအပ်သောအရာပင်ဖြစ်ပေသည်။ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။မြန်မာနိုင်ငံတွင်နိုင်ငံရေးအယူဝါဒကွဲပြားမှု လူမျိုးရေးဆိုင်ရာ အယူအဆကွဲပြားမှုတို့ကြောင့် လွတ်လပ်ရေးရခါစကပင် ဖြစ်ပွားခဲ့သော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့နှစ်ပေါင်း(၆၀)ကျော်သည့်တိုင်အောင် ပြီးဆုံး နိုင်ခြင်း မရှိ သေးပါဘူး။ ဤပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့်တိုင်း သူပြည်သားပေါင်းမြောက်များစွာ တို့၏ အသက်အိုးအိမ်နှင့်ဥစ္စာပစ္စည်းများ ဆုံးရှုံးခဲ့ရသည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုး တက်မှုများတွင် လည်းများစွာ ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပေသည်။ ယခုအခါတွင် နိုင်ငံတော် အစိုးရ မှ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တော်အား

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေး အတွက် ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါသည်။ အခြားတစ်ဖက်တွင်လည်း ဤ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် သံသယရှိ နေသော၊ လက်မခံနိုင်သေးသော ပြည်တွင်း/ပြည်ပ နိုင်ငံရေး အင်အားစုများလည်း ရှိနေသည်ကို တွေ့ရ ပေသည်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံအတွင်းရှိအင်အားစုအားလုံးတို့က သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင် လာရေးတို့သည် အလွန်အရေးကြီးလှပါသည်။ နိုင်ငံတော်အစိုးရ၏ ယခုကြိုးပမ်းလုပ်ဆောင်လျက်ရှိသောနံပါတ်(က)တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား အတိုက်အခိုက်ရပ်စဲလျက် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများနှင့် ငြိမ်း ချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ကြရန်ကမ်းလှမ်းဖိတ်ခေါ်ထားခြင်း။ နံပါတ်(ခ) နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်အား ဖိတ်ခေါ်လျက် တွေ့ဆုံဆွေးနွေးခြင်းတို့သည် တိုင်း ပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလွန်အရေးပါသော အပြုသဘောဆောင်သည့် လုပ်ငန်းစဥ်များ ဖြစ်ပါသည်။ ထို့မှတဆင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်း ရင်းသား ခေါင်းဆောင်ကြီးများ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးလျက် တိုင်းပြည်အတွက် အရေးကြီးသော နိုင်ငံရေး အခြေအနေကောင်းများကို ဖော်ထုတ်ရှာ ဖွေနိုင်ကြပါလျှင် ဤပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး၏တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြီးပြည့်စုံသောရလဒ်ကောင်းများကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည်ဟု မမှိတ်မသုန် ယုံကြည် ပါသည်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂနှစ်စဥ်ကျင်းပပြုလုပ်သော အထွေထွေညီလာခံမှလည်း မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစုများ အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် လိုအပ်သည်ဟု ၁၉၉၄ ခုနှစ်မှစ၍ ယ နေ့ထိ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၁ ရက်၊ ရက်စွဲပါစာအမှတ် A/RES/65/241ဖြင့် ထုတ်ပြန်သော (၆၅)ကြိမ်မြောက် အထွေထွေညီလာခံ အထိတောင်းဆိုထားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ

တစ်ခုဖြစ်သည့်အလျောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တောင်းဆိုချက်များကိုလည်း အလေးဂရုပြုသင့်သည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအနေဖြင့် ယနေ့လုပ်ဆောင်ရရှိထား သော အခြေအနေကောင်းများမှ တ စ်ဆင့် (က)တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစု ခေါင်းဆောင်များနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည် ခင်ဗျား။ (ခ) ရှိသည်ဆိုပါက မည်သည့် အချိန်လောက်တွင် စတင်ဆွေးနွေးနိုင်ပါမည်နည်း (ဂ) မရှိဆိုပါက အဘယ့်ကြောင့်ပါနည်း။ သိလိုပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂း၀၃။**

**ဦးကျော်ဆန်း( ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအ ပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး၊တောင်သူလယ်သမားအဖွဲ့ချုပ်စတဲ့ အဖွဲ့အစည်းများကို အဆင့်ဆင့်ဖွဲ့စည်းရန်သင့်/ မသင့်ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားတာ ကိုယ်စားလှယ်ကြီးများ အားလုံး ကြားသိခဲ့ကြရပြီး ဖြစ်ပါတယ်။ ဒီမေးခွန်းအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား၊ ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ ကျွန်တော်တို့နိုင်ငံ လူဦးရေစုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းသော ပြည်သူများဖြစ် ကြပြီးတော့ နို င်ငံရဲ့အဓိက အင်အားစုများဖြစ်ပါတယ်။ ထို့အတူပဲ နိုင်ငံရဲ့စီးပွားရေးအတွက် အဓိကကျတဲ့ ကုန်ထုတ်စွမ်းအားစုများ လည်း

ဖြစ်ပါတယ်။ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၃မှာ နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ရာအတွက် လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမယ်။ တောင်သူလယ်သမားများက စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ ကောက်ပဲသီးနှံများကို သင့်တင့်မျှတတဲ့ တန်ဖိုးရရှိအောင် ကူညီဆောင်ရွက်ပေးမယ်လို့ ပြဋ္ဌာန်းထားခဲ့တာ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ အကျိုးကို ဖော်ဆောင်ပေးဖို့၊ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကိုကာကွယ် စောင့်ရှောက်ပေးဖို့ အဖက်ဖက်က ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ အခါမှာ တော င်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် အဖက်ဖက်က ဆောင်ရွက်ပေးရမှာ ဖြစ်သလို တောင်သူလယ်သမားများ ထုတ်လုပ်လိုက်တဲ့ သီးနှံများ သင့်တင့်မျှတတဲ့ တန်ဖိုးရရှိအောင်လည်း နည်းလမ်းများ ရှာကြံသတ်မှတ်ပြီးတော့ ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အလားတူ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ဖို့အတွက် အခြေခံကျတဲ့သူတို့ရဲ့ အသိ ပညာဗဟုသုတ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အ ခြေခံကျန်းမာရေး စောင့်ရှောက်မှုတွေကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အလားတူပါပဲ ၊ တစ်ဖက်ကလည်း တောင်သူလယ်သမားများအတွင်းမှာ ဂါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတွေကြောင့် စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပွားပြီးတော့ ကျေးရွာများအတွင်း၊ ရပ်ကွက်များအတွင်း၊ မြို့နယ်များအတွ င်း၊ တစ်နိုင်ငံလုံးအတွင်းမှာ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း မရှိအောင်လည်း ကာကွယ် စောင့်ရှောက်ပေးရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများ ရဲ့ စိတ်ထဲမှာ ဂါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတွေကို အခြေခံတဲ့ အယူအဆ၊အတွေးအခေါ် စိတ်ထားများမရှိဘဲ တောင်သူလယ်သမားများရဲ့ အရေး၊ အမျိုးသားရေး၊ အမျိုးသားအကျိုးစီးပွားရေးကို အခြေခံတဲ့ အယူအဆ၊ အတွေးအခေါ်၊ စိတ်ထားများ၊ မြင့်မားနေအောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလို တောင်သူလယ်သမားများရဲ့ အကျိုး၊ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ဖော်ဆောင်၊ ဆောင်ရွက်ကြတဲ့နေရာမှာ ကူညီဆောင် ရွက်ပေးမယ့် တောင်သူလယ်သမား အဖွဲ့အစည်းဆိုတာဟာလည်း ရှိလာရမှာပဲဖြစ်ပါတယ်။ သို့သော်လည်း ဒီအဖွဲ့အစည်းတွေ ဖွဲ့စည်းထူထောင်တဲ့ အခါမှာ အနာဂတ်ကို မျှော်ကြည့်သလို အတိတ်က ဖြစ်ပွားခဲ့တဲ့ ဖြစ်စဥ်များကိုလည်း ကျွန်တော်တို့ သတိပြုကြရမှာဖြစ်တယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှာ သခင် သန်းထွန်း၊ သခင်စိုး ဦးစီးတဲ့ ဗကပများက တောင်သူလယ်သမားသမဂ္ဂများဖွဲ့စည်းခဲ့ပါတယ်။ သူတို့တောခိုသွားပြီးတဲ့ အခါမှာ

လည်း သူတို့ကြီးစိုးတဲ့ဒေသတွေမှာ တောင်သူလယ်သမားသမဂ္ဂတွေဖွဲ့ပြီးတော့ မြေယာသိမ်းဆည်းရေးနဲ့ မြေယာဝေခြမ်းရေးတွေ လုပ်ခဲ့တာကို တွေ့ရပါမယ်။ အလားတူ အာဏာရ ဖဆပလ အနေနဲ့ကလည်း ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများအဖွဲ့ (ဗတလစ) ဆိုတာကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူပဲ ဖဆပလ အဖွဲ့အတွင်းမှာ ပါဝင်တဲ့ ဆိုရှယ်လစ်အဖွဲ့များထဲက ဆိုရှယ်နီများ ခွဲထွက်ပြီးတော့ (ပမညတ) ပြည်သူ့အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုဆိုတဲ့ ပါတီဖွဲ့ခဲ့ပါတယ်။ ဤဒီ ပမညတကလည်း စည်းလုံးညီညွတ်တဲ့ တောင်သူ လယ်သမားအဖွဲ့ United Peasant Organization (Burma) UPO-B ဆိုတာကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက် အာဏာရပါတီ ဖဆပလဟာ တည်မြဲသန့်ရှင်း နှစ်ခြမ်းကွဲတဲ့ အခါမှာတော့ ဖွဲ့စည်းထားတဲ့ ဗတလစ အဖွဲ့ဟာလည်း နှစ်ခြ မ်းကွဲခဲ့ပါတယ်။ ဗဟိုမှာ ကွဲသလို ခရိုင်၊ မြို့နယ် အသီးသီးမှာ ဖွဲ့စည်းထားတဲ့ ဗတလစ အဖွဲ့များလည်း နှစ်ခြမ်းကွဲခဲ့ပါတယ်။ ဒီလိုကွဲပြီးတဲ့အခါမှာ အဖွဲ့ဝင်အချင်းချင်း၊ ခိုက်ရန်ဖြစ်ပွား၊ မကျေလည်မှုတွေ ဖြစ်ပွားပြီးတော့ သွေးထွက်သံယိုဖြစ်တဲ့ အဆင့်တွေအထိ ပဋိပက္ခဖြစ်ပေါ်ခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါကြောင့် အခုလို ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲတွေနဲ့ အဖွဲ့အစည်းတစ်ရပ် တောင်သူလယ်သမားအဖွဲ့များကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြတဲ့အတွက် တောင်သူလယ်သမားများ အကျိုးနဲ့ တိုင်းပြည်ရဲ့အကျိုးဖော်ဆောင်နိုင်မှုအားနည်းပြီးတော့ တောင်သူလယ်သမားများအတွင်း စိတ်ဝမ်းကွဲပြား စည်းလုံးညီညွတ်မှု ပျက်ပြားမှုတွေသာ ပိုမိုခံစားကြရတာကို တွေ့ကြရမှာဖြစ်ပါတယ်။ အလားတူပါပဲ၊ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာလည်း တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးအတွက် တစ်စုတစ်စည်းတည်းသော တောင်သူလယ်သမားအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို တစ်စုတစ်စည်းတည်းသော တောင်သူလယ်သမားအဖွဲ့အစည်းအရုံးကို ဖွဲ့စည်းဆောင်ရွက်တဲ့အခါမှာ ရည်ရွယ်ချက်ကောင်းမွန်ခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှု၊ ဗဟိုဦးစီးစနစ်များပြားလွန်းတဲ့အတွက် တောင်သူလယ်သမားများရဲ့ အကျိုး၊ တောင်သူလယ်သမားများရဲ့လိုလားချက်ကိုဖော်ဆောင်နိုင်မှုနည်းပါးခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အတိတ်ကို ပြန်ကြည့်ရင် တောင်သူလယ်သမားများ အတွင်းမှာသာအခုလို စည်းလုံးမှု ကွဲပြားခဲ့တာမဟုတ်ဘဲ အလုပ်သမား များနဲ့ ကျောင်းသားများ အတွင်းမှာလည်း အကွဲကွဲအပြားပြား ဖြစ်ခဲ့တယ်ဆိုတာ တွေ့ကြရမှာဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှာ သခင်သန်းထွန်း၊ သခင်စိုး ဦးစီးတဲ့ ဗ.က.ပများက အလုပ်သမားသမဂ္ဂများကို ထူထောင်

ခဲ့ကြပါတယ်။ သူတို့ တောခိုသွားပြီး နောက်မှာ လည်း မြေပေါ်မှာရှိနေတဲ့ သူတို့ ထူထောင်ခဲ့တဲ့ အလုပ်သမား သမဂ္ဂများကို လျှို့ဝှက်ညွှန်ကြား ပြီးတော့ မြေပေါ်မှာ ဆန္ဒပြမှုတွေ ဆူပူအုံကြွမှုတွေ ဖြစ်အောင်ဖန်တီးဆောင်ရွက်ခဲ့ကြတာတွေကိုလည်းကျွန်တော်တို့တွေ့ကြရမှာဖြစ်ပါတယ်။ အလားတူ အာဏာရ ဖ.ဆ.ပ.လ ပါတီကလည်း Trade Union Con gress Burma အလုပ်သမားသမဂ္ဂများ ကွန်ဂရက် (TUCB) ဆိုတာကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ပ .မ.ည.တ ပါတီကလည်းပဲ (TUCB) ရဲ့ ပြောင်းပြန်(BTUC) Burma Trade Union Con gressဆိုတာဖွဲ့စည်းပြီး ဆောင်ရွက် ခဲ့ကြပြန်ပါတယ်။ ဖ .ဆ.ပ.လအဖွဲ့က သန့်ရှင်း /တည်မြဲနှစ်ခြမ်းကွဲတဲ့ အခါမှာတော့ ဖ .ဆ.ပ.လ ဖွဲ့စည်းထားတဲ့ (TUCB) ဟာ တည်မြဲအဖွဲ့နဲ့ ကျန်ရှိခဲ့ပါတယ်။ ဒါကြောင့် သန့်ရှင်း ဖ .ဆ.ပ.လ အဖွဲ့က Union Labour Or ganization ဆိုပြီးတော့ ဖွဲ့စည်းဆောင် ရွက်ခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

အလားတူ ကျောင်း သားလောကကိုကြည့်ရင် လွတ်လပ်ရေး ကြိုးပမ်းမှုကာလဖြစ်တဲ့ ၁၉၃၀ ပြည့်နှစ်တစ်ဝိုက်မှာ နို င်ငံရဲ့လွတ်လပ်ရေးကို ကြိုးပမ်း ဖော်ဆောင်ဖို့အတွက် ရန်ကုန် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တ.က.သ)ဆိုတာကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးတဲ့နောက် လွတ်လပ်ရေးကြိုးပမ်းမှုတွေ အရှိန်မြင့်လာတဲ့အခါမှာတော့ (တ.က.သ) အပြင်(ဗ.က.သ)ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ(ရ.ခ.သ)ရန်ကုန်ခရိုင် ကျောင်းသားများ သမဂ္ဂဆိုပြီး တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လာခဲ့ပါတယ်။ အလားတူပဲ မြန်မာနိုင်ငံအနှံ့၊ ခရိုင်၊ မြို့နယ် အချို့မှာလည်း ကျောင်းသားများသမဂ္ဂများ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအချိန်က ဖွဲ့စည်း ပေါ်ပေါက်ခဲ့တဲ့ ကျောင်းသားများသမဂ္ဂများဟာ အမျိုးသားရေးအကျိုးဖြစ်တဲ့ လွတ်လပ်ရေး ရရှိဖို့အတွက် ဦးတည်ဆောင်ရွက်ခဲ့ကြတဲ့ အနေအထားကို ကောင်းမွန်စွာ တွေ့ရှိရပါတယ်။ သို့သော်လည်း လွတ်လပ်ရေးရခါနီးနဲ့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း မှာတော့ ဒီမိုကရေစီပါတီ အသီးသီးက မိမိတို့ပါတီရဲ့ လက်ကိုင်တုတ်များအဖြစ် အသုံးပြုနိုင်ဖို့အတွက် ကျောင်းသား လောကအတွင်းကို ဝင်ပြီး စည်းရုံးဆောင်ရွက်ခဲ့တာတွေ တွေ့ကြရပါတယ်။ သခင်သန်းထွန်းရဲ့ (ဗ.က.ပ)က ကျောင်းသားတပ်ဦးဆိုပြီး ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ သခင် စိုးရဲ့ (ဗ.က.ပ)က ကျောင်းသားတပ်ဦးသစ်ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဖ .ဆ.ပ.လ ဦးကျော်ငြိမ်း ကတော့ DSO(Democratic Student Or ganization) ကျောင်းသားရဲခေါင် ဆိုပြီး ဖွဲ့စည်းဆောင်ရွက် ခဲ့ပါတယ်။ ပ.မ.ည.တ တို့ကလည်း ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်ဆိုပြီး ဖွဲ့စည်းဆောင်ရွက်

ခဲ့ပါတယ်။ အဲဒီလို ပါတီစွဲ၊ ဝါဒစွဲ ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတွေနဲ့ ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြတဲ့အခါမှာတော့ အလုပ်သမားများရဲ့အကျိုး၊ ကျောင်းသားများရဲ့ အကျိုးကို ဖော်ဆောင်နိုင်တာထက် အားနည်းချက်များသာ ပိုမိုများပြားခဲ့တာကို ကျွန်တော်တို့ တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒါကြောင့်အခုလို လူထုလူတန်းစား အဖွဲ့အစည်းတွေကို ဖွဲ့စည်းဆောင်ရွက် ကြတဲ့အခါမှာ အတိတ်က ဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဉ်များအပေါ်မှာ သင်ခန်းစာရယူပြီးအနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ကိုယ့်ပြည်တွင်းက ဖြစ်ခဲ့တဲ့ဖြစ် စဉ်များ အပေါ်သာမက ကနေ့ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဆောင်ရွက်နေကြတာကိုလည်း ကျွန်တော်တို့ လေ့လာဖို့လိုအပ်မှာဖြစ်ပါတယ်။ အကြမ်းအားဖြင့်ကောက်ပြရရင် တောင်သူလယ်သမားကိုယ်စားပြုအဖွဲ့အစည်းများကို အမေရိကန်နိုင်ငံမှာ လယ်သမား များအနေနဲ့ ဒေသအလိုက်ဖွဲ့စည်းမှု ဥပမာ တက္ကဆက်ပြည်နယ် လယ်သမားအဖွဲ့ ဆိုတာမျိုး ရှိပါတယ်။ အလားတူပဲ စိုက်ပျိုးသီးနှံအလိုက် ဖွဲ့စည်းမှု ဥပမာ-ပြောင်းစိုက်ပျိုးသူများအသင်း National Corn-grower Association ဆိုတာမျိုးလည်း တွေ့ရပါတယ်။ ဒါ့အပြင် American Farmer Association ဆိုတာလည်း ဖွဲ့စည်းထားပြီးတော့ လယ်သမားများရဲ့ အကျိုးစီးပွားအတွက် ထောက်ပံ့ကူညီရေး၊ လယ်သမား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မယ်။ ဥပဒေများပေါ်ပေါက်ရေးတို့ကို ဦးဆောင် တိုက်တွန်းဆောင်ရွက်ပေးကြတယ်လို့ ကျွန်တော်တို့ဒီလိုသိရပါတယ်။ Australia နိုင်ငံမှာဆိုရင် လည်း National Farmer Federation (NFF) တို့ ဖွဲ့စည်းထားပြီး လယ်ယာမူဝါဒချမှတ်ရေး၊ လယ်သမားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မယ့်ဥပဒေပြုရေးတို့ကို အဆိုပြုဆောင်ရွက်ရေးတို့ကို တိုက်တွန်းဆောင်ရွက်တယ်လို့ သိရပါတယ်။ ကူညီဆောင်ရွက်တဲ့ တိုက်တွန်းဆောင်ရွက်တဲ့သဘော Sweden နိုင်ငံမှာတော့ Federation of Sweden Farmer ဆိုတဲ့ (NGO) အဖွဲ့ရှိပြီး NGO လို့သူတို့ဆိုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်တဲ့ မူဝါဒနဲ့ ဥပဒေများ ပေါ်ပေါက်ရေး၊ လယ်သမားများကို နည်းပညာနဲ့ အရင်းအနှီးကူညီပံ့ပိုး ရေးလုပ်ငန်းများကို ဆောင်ရွက် တယ်လို့ သိရပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ Thai နိုင်ငံမှာတော့ Thai Farmer Association (TFA) နဲ့ Farmer Federation of Thailand ဆိုတဲ့ အဖွဲ့ (၂)ဖွဲ့ရှိတယ်လို့လည်း လေ့လာသိရှိရပါတယ်။ Malaysia နိုင်ငံမှာတော့ National Farmer Association (NAFAS) ကို Farmer Association Act 1967 နဲ့ Farmer Organization Act 1973 အရ ဖွဲ့စည်းထားတာကို တွေ့ရှိ

ရပါတယ်။ ဥပဒေနဲ့ ဖွဲ့စည်းထားတာကို တွေ့ရကြောင်း ရှင်းပြခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလို ဆောင်ရွက်မှုတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာထည့်သွင်း စဉ်းစား ဆောင်ရွက်ကြရမှာဖြစ်တယ်လို့ ရှင်းပြလိုပါတယ်။ ဒါ့ ကြောင့် ကျွန်တော် တို့အနေနဲ့ တောင်သူ လယ်သမား အဖွဲ့အစည်းတစ်ရပ် ထူထောင်ရာမှာ ပြည်တွင်းပြည်ပအတွေ့အကြုံတွေ အတိတ် သင်ခန်းစာတွေကို လေ့လာသုံးသပ်ဖော်ထုတ်ပြီး မိမိနိုင်ငံလူမျိုးအကျိုး၊ လူမျိုးအနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးမရမီနဲ့ လွတ်လပ်ရေး ရပြီးနောက်ပိုင်း ပြည်တွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသား ကိုယ်စားပြုအဖွဲ့အစည်းများရဲ့ အကွဲအပြဲမျိုးတွေ၊ နိုင်ငံရေးသမား များရဲ့ အသုံးချခံ ဖြစ်ခဲ့ရတဲ့ အခြေအနေမျိုးတွေကို ထပ်မံမကြုံတွေ့ရလေအောင် စနစ်တကျစီမံဆောင်ရွက်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အမှန်တကယ် တောင်သူလယ်သမား များရဲ့ အကျိုးစီးပွားနဲ့ အမျိုးသား အကျိုး စီးပွားကို ဖော်ဆောင်ပေးနိုင်တဲ့ တောင်သူလယ်သမားများရဲ့ လူမှု စီးပွား ဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကျဉ်းပေးနိုင်တဲ့ တောင်သူလယ်သမားများရဲ့ အသိပညာ၊ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင် ဖော်ဆောင်ပေးနိုင်တဲ့ အဖွဲ့အစည်းမျိုးပဲ ဖြစ်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းနိုင်ရေးအတွက် မိမိနိုင်ငံရဲ့ အတိတ်သမိုင်းအတွေ့အကြုံ၊ ယနေ့နိုင်ငံနဲ့ ပြည်သူရဲ့ ပကတိအရှိတရား အခြေအနေ၊ အခြား နိုင်ငံများရဲ့ ဖွဲ့စည်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက်များကို အသေးစိတ်သုံးသပ်ပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမား များရဲ့ ရေရှည် အနာဂတ် အကျိုးစီးပွားအတွက် ခိုင်မာပြည့်စုံအောင်လေ့လာ သုံးသပ်ညှိနှိုင်းပြီး လိုအပ်တဲ့ ဥပဒေများစတင်ရေးဆွဲခြင်း၊ အဲဒီဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်သို့တင်ပြပြီး အတည်ပြု ပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေနဲ့အညီ တောင်သူ လယ်သမား ကိုယ်စားပြု အဖွဲ့အစည်းဖွဲ့စည်းခြင်း စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင် ရွက်သွားရမှာ ဖြစ်ကြောင်းနဲ့ ဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ အဲဒီဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးသွားရမှာ ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် များခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်ရဲ့မေးခွန်းကို ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးအုန်းတင်က နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားခေါင်းဆောင်များ

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ဒီမိုကရေစီခေါင်းဆောင်များနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးဖို့ ရှိ/မရှိနှင့် ရှိလျှင် ဘယ်တော့လောက်မှာ စတင်နိုင်မယ်။ မရှိရင်လည်း ဘာကြောင့် မရှိဘူးဆိုတာကို ဖြေကြားပေးဖို့ မေးမြန်း သွားတာ ကိုယ်စားလှယ် ကြီးများအားလုံး ကြားသိခဲ့ကြပြီးဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကိုယ်စား ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ကျွန်တော့်အနေနဲ့ ဖြေ ကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ နိုင်ငံမှာရှိနေတဲ့ ပြည်သူအများစုရဲ့ အဓိကလိုအင်ဆန္ဒက ဘာလဲလို့ သုံးသပ်ကြည့်မယ်ဆိုရင် (၃)ခုရှိတာကို တွေ့ကြရမှာ ဖြစ်ပါ တယ်။(၁) တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ရပ်ရွာအေးချမ်း သာယာရေး သို့မဟုတ် ငြိမ်းချမ်းရေး သို့မဟုတ် အမျိုးသားပြန်လည်စည်းလုံးရေးပဲ ဖြစ်ပါတယ်။ (၂) တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးနဲ့ မိသားစု တစ်ခုချင်းရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်ရေးကို လိုလားခြင်းပဲ ဖြစ်ပါတယ်။ (၃)နိုင်ငံသားတိုင်း ဥပဒေနဲ့အညီ အတူတကွ လုပ်ကိုင်နေထိုင် စားသောက်ခွင့် တစ်နည်းအားဖြင့် ပြောရရင် ဒီမိုကရေစီဖော်ဆောင်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရ အနေနဲ့ ပြည်သူများရဲ့ လိုအင်ဆန္ဒအတိုင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို ကနေ့အခါမှာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလို ရည်မှန်းချက်တစ်ခု အောင်မြင် အောင်ဆောင်ရွက်ကြတဲ့နေရာမှာ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်တဲ့ နည်းလမ်း အများအပြား ရှိနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း ကြောင် ဟာ အဖြူဖြစ်စေ၊ အနက် ဖြစ်စေအရေးမကြီးပဲ ကြွက်ခုတ်တတ်ရန်သာ အရေးကြီးတယ်လို့ဆိုတဲ့စကားအတိုင်း ဖော်ဆောင်ရမယ့် ရည်မှန်းချက်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့သာ အရေးကြီးပါတယ်။ ဒီလိုရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ နည်းလမ်းများကို ရွေးချယ်တဲ့နေရာ မှာလည်း လက်ရှိပကတိ အရှိတရားနဲ့ ညီညွတ်တဲ့၊ လက်ရှိပကတိအရှိတရားနဲ့ လိုက်လျော ညီထွေတဲ့ နည်းလမ်းဖြစ်ဖို့ လိုအပ်ပါတယ်။ ရွေးချယ်လိုက်တဲ့နည်းလမ်းဟာ လက်ရှိ ဖြစ်ပေါ် နေတဲ့ ပကတိ အရှိတရားနဲ့ လိုက်လျော ညီထွေ မရှိဘူးဆိုရင် ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲ ဖြစ်လာတတ်ပါတယ်။ ဒါ့အပြင် ရွေးချယ်တဲ့ နည်းလမ်း ဟာ ရိုးရှ င်းလွယ်ကူဖို့ လိုအပ်ပါတယ်။ ဒါမှသာ အရှုပ်အထွေးအခက်အခဲများ နည်းပါးပြီး ရည်မှန်းချက်ကို အောင်အောင်မြင်မြင် ဖော်ဆောင်နိုင်မှာ ဖြစ်ပါ တယ်။ ဒါ့အပြင်လည်း ရွေးချယ် လိုက်တဲ့နည်းလမ်းဟာ ဝိရောဓိအနည်းဆုံးရှိနိုင်တဲ့ နည်းလမ်းဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဝိရောဓိ များလျှင် ရည်မှန်းချက်ကို တော်တော်နဲ့ ရောက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်အစိုးရ

အနေနဲ့ ပြည်သူများရဲ့ လိုလားချက်ဖြစ်တဲ့ ဦးအုန်းတင်ရဲ့ မေးခွန်းမှာလည်းပါတဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးများကို အထက်မှာ ကျွန်တော်ဆွေးနွေးခဲ့တဲ့ နည်းလမ်းများနဲ့ အကောင်အထည် ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပထမရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေး သို့မဟုတ် အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ ပတ်သက်ပြီး ကနေ့အခါမှာ နိုင်ငံတော် အစိုးရအနေနဲ့ နည်းလမ်း(၃)ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ နံပါတ်တစ် နည်းလမ်းကတော့ မိမိတို့နဲ့ အမြင်သဘောထားမတူတဲ့ နိုင်ငံရေးပါတီများ၊ နိုင်ငံ ရေးသမားများ အနေနဲ့ အမြင်သဘောထားတူတာတွေကို ပူးပေါင်းဆောင်ရွက်ဖို့ရာအတွက် ကမ်းလှမ်းဖိတ်ခေါ် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ကနေ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံရေးပါတီများ၊ နိုင်ငံရေး သမားများနဲ့ သဘောထားတူ ညီတာတွေကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်ရဲ့ စွမ်းအားနဲ့ တိုင်းပြည်နဲ့လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မှာဖြစ်သလို အဲဒီနှစ်ဦးနှစ်ဖ က်အတွင်း မှာလည်း နားလည်မှုနဲ့ ယုံကြည်မှုတွေ ပိုမိုမြင့်မားရရှိအောင် ဖော်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။ အဲဒီလို အမြင်သဘောတူတာတွေကို ပူးပေါင်းဆောင်ရွက်လို့ နှစ်ဖက်နားလည်မှုနဲ့ ယုံကြည် မှုတွေ တိုးမြှင့်လာတာနဲ့အမျှ အမြင်မတူသေးတဲ့ အကြောင်းအရာတွေကိုလည်းပဲ တ စ်ဆင့်တက် ပြီးတော့ ဖြေရှင်းဆောင်ရွက်ကြပြီးနှစ်ဦးနှစ်ဖက်စလုံးအတွက်Win Win Situationကို ဖော်ဆောင် နိုင်ဖို့ ဖြစ်ပါတယ်။ ဒုတိယဆောင်ရွက်နေတဲ့ နည်းလမ်းကတော့ ၁၇-၈-၂၀၁၁ ရက်နေ့မှာ MICC ခန်းမမှာ ကျင်းပခဲ့တဲ့ စီးပွားရေး၊ လူမှုရေးနယ်ပယ်က တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ ဆုံတဲ့ အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားတာမရှိပါက အချိန်မရွေး ပြန်လာနိုင်ဖို့ ကျွန်တော်တို့ စဉ်းစားပေးမှာဖြစ်ကြောင်း၊ ပြစ်မှုကျူး လွန်ခဲ့သည့်တိုင် ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံယူဖို့ ပြန်လာမယ်ဆိုရင်တောင် ကျွန်တော်တို့ သဘောထားကြီး စွာနဲ့ စဉ်းစားပေးမှာ ဖြစ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပါတယ်။ အဲဒီလမ်းညွှန် မှာကြားချက် အတိုင်း အကြောင်းအမျိုးမျိုးနဲ့ ပြည်ပကို ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများကို ကိုယ့်နိုင်ငံ ပြန်လာဖို့ ကမ်းလှမ်းပြီး အမျိုးသားပြန်လည် စည်းလုံးရေးကို ဖော်ဆောင်ပြီး အကောင်အ ထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အခါ ပြန်လာသူများနဲ့ ပြန်လာဖို့ ပြင်ဆင်နေသူများရှိနေတာကို ဝမ်းမြောက်ဖွယ်တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

နံပါတ်သုံးနည်းလမ်းကတော့ အခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနှင့်အညီ အသွင်ပြောင်းလဲမှုကို မဆောင်ရွက်နိုင်ကြသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်များနဲ့ တွေ့ဆုံ ဆွေးနွေးပြီး ငြိမ်းချမ်းရေး သို့မဟုတ် အမျိုးသားပြန်လည်စည်းလုံးရေးကို တည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေး ကမ်းလှမ်းချက် ၁/၂၀၁၁ ကိုထုတ်ပြန်ဆောင်ရွက်လျက်ရှိတာလည်း ကိုယ်စားလှယ်ကြီးများအားလုံး အသိဖြစ်ပါတယ်။ အဲဒီလိုထုတ်ပြန်ဆောင်ရွက်မှုကြောင့် ယခုအခါ "ဝ" အထူးဒေသ ၂ တိုင်းရင်းသား လက်နက်ကိုင်များနှင့် လည်းကောင်း၊ မိုင်းလားအထူးဒေသ ၄ တိုင်းရင်းသားလက်နက်ကိုင်များ နှင့် လည်းကောင်း ပြည်နယ်အစိုးရ ငြိမ်းချမ်းရေးတည်ဆောက်မှုအဖွဲ့တို့ ဆွေးနွေးညှိနှိုင်းပြီး ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတဲ့ အခါမှ ပြည်ထောင်စုအစိုးရအဖွဲ့ကဖွဲ့စည်းပေးတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု အဖွဲ့နဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးပြီးတဲ့အခါမှာ ငြိမ်းချမ်းရေး သို့မဟုတ် အမျိုးသားပြန်လည် စည်းလုံးရေးကို အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဖော်ဆောင်ကြတော့မှာ ဖြစ်ပါတယ်။ အလားတူပါပဲ အခြားသော တိုင်းရင်းသား လက်နက်ကိုင်များနဲ့ ထိတွေ့ဆွေးနွေးမှုများ စတင်နိုင်အောင်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူများရဲ့လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ အကျဉ်းချုပ်ပြီးပြောရရင် ပြင်ဆင်ဖြည့်စွက်သင့်တဲ့ ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း ပယ်ဖျက်ပြီး အသစ်ရေးဆွဲရမည့်ဥပဒေများကိုပယ်ဖျက်ပြီး အသစ်ရေးဆွဲခြင်းများဆောင်ရွက်လျက် ရှိပါတယ်။ ကုန်သွယ်မှုမြင့်မားစေဖို့၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ မြင့်မားလာစေဖို့ အတွက်လည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးလျက် ရှိပါတယ်။ အငြိမ်းစားများရဲ့လစာကို တိုးမြှင့်ပေးခြင်းအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ ကိစ္စများမှာလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပါပဲကုန်ထုတ်လုပ်မှုမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျော့ချရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ တတိယရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ပတ်သက်လို့လည်း နိုင်ငံရေးနှင့် လူ့အခွင့်အရေးကိစ္စများမှာ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စတုတ္ထမဏ္ဍိုင်လို့ပြောကြတဲ့ စာပေစာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်လို့ လည်း စည်းမျဉ်း ဥပဒေများနှင့်

အညီ လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားကို ယှဉ်တွဲ ကျင့်သုံးစေပြီး ပိုမိုပြီးလွတ်လပ်တဲ့ အခွင့်အရေးတွေ ဖွင့်ပေးနေတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အလားတူပဲ ကနေ့အခါမှာ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းပြီး လူ့အခွင့်အရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Good Governence နဲ့ Clean Government ဖြစ်အောင်လည်း ပြုပြင်ကြပ်မတ် ဆောင်ရွက်လျက်ရှိနေပါတယ်။ လွှတ်တော်များအတွင်းမှာလည်း ကိုယ်စားလှယ်ကြီးများကိုယ်တိုင် ဒီမိုကရေစီကို လွတ်လွတ်လပ်လပ် ကျင့်သုံးဖော်ဆောင်နေကြတာ တွေ့ကြရမှာဖြစ်ပါတယ်။ ၁၅ - ၉ -၂၀၁၁ ရက်နေ့မှာလွှတ်တော်(၂)ရပ် ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (၂၀၁၁)အခမ်းအနားကျင်းပကာ မြန်မာနိုင်ငံမှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ စနစ် ရှင်သန်ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါတွေကတော့ တတိယရည်မှန်းချက် ဖြစ်တဲ့ ဒီ မိုကရေစီဖော်ဆောင်ရေးကို ဆောင်ရွက် နေတဲ့ လုပ်ငန်းများပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်ရွက်မှုတွေကို ကြည့်ရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေလိုလားတဲ့ ကိုယ်စားလှယ် ကြီးဦးအုန်းတင်ရဲ့ မေးခွန်းမှာလည်းပါရှိတဲ့ အမျိုးသား ပြန်လည်စည်းလုံးရေး သို့မဟုတ် ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေး ရည်မှန်းချက်များကို ပကတိ အရှိတရားများနဲ့ လိုက်လျောညီထွေတဲ့နည်းလမ်း ၊ ရိုးရှင်းလွယ်ကူ တဲ့နည်းလမ်း၊ ဝိရောဓိများ အနည်းဆုံးဖြစ်နိုင်တဲ့ နည်းလမ်းများ နဲ့ ကနေ့ ကြိုးပမ်းဆောင်ရွက် နေပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အဲဒီလိုဆောင်ရွက်မှုဟာ ကနေ့အခါမှာ အတိုင်းအတာ တစ်ခုအထိ ရောက်ရှိနေပြီး အတိုင်းအတာတစ်ခုအထိလည်း အောင်မြင်မှုရနေတာကို တွေ့ကြရမှာ ဖြစ်ပါတယ်၊ ကိုယ်စားလှယ်ကြီးများနဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျာစသို့သော်လည်းပဲ အဲဒီလိုလုပ်ငန်းစဉ် တွေကို အောင်မြင်အောင် ဆောင်ရွက်ကြတဲ့နေရာမှာ အခုရေတွင်းတူး၊ အခု ရေကြည်သောက်လို့ မရနိုင်ဘူးဆိုတဲ့ မြန်မာဆိုရိုးစကားအတိုင်း( Rome Wasn't built in a day) ဆိုတဲ့ ရောမမြို့ကြီးဟာ တစ်ရက်တည်းမှာ တည်ဆောက်လို့ မရနိုင်ဘူးဆိုတဲ့ အနောက်ဆိုရိုးစကားအတိုင်း ထိ ရောက်တဲ့ အောင်မြင်မှုတွေ ရယူနိုင်ဖို့အတွက် ဆိုရင်တော့ ထိုက်သင့်တဲ့ အချိန်ပေးကြရမှာ ဖြစ်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ နံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားပါမယ်။ နေ့လယ်ပိုင်းအစီအစဉ်ကို ၁း၄၅ နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို ၁၂း၃၅နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၄၅နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည် ။]

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား ။

**အချိန်၊ ၁၃း၄၅။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက မေးမြန်းတဲ့ မေးခွန်းများသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆ ည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီမြစ်ရေတင်စီမံကိန်း (ကျောဇီ)၊ ဆင်တဲဝ(သမက္ကူ) ဆည်တူးမြောင်းမကြီးမှ ရေတင် လုပ်ငန်း (ချောင်းဆုံ)နှင့် ဝဲလောင်ဆည်တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း (ကန်နီ)တို့အတွက် ရေသောက်တူးမြောင်းစနစ် ပီပြင်စွာဆောင်ရွက်ပေးမည့်စီအမံနှင့် ရေပေးဝေမည့် အခြေအနေကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၃း၄၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ပထမဦးစွာ မန္တလေးတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ် (၆) မှ ဦးမျိုးမြင့်က ဧရာဝတီမြစ်ရေတင်စီမံကိန်း(ကျောဇီ) ဆင်တဲဝ (သမက္ကူ) ဆည်တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း(ချောင်းဆုံ)နှင့် ဝဲလောင်ဆည် တူးမြောင်းမကြီးမှ ရေတင်လုပ်ငန်း (ကန်နီ) တို့ အတွက် ရေသောက်တူးမြောင်းစနစ် ပီပြင်စွာ ဆောင်ရွက်ပေးမည့် အစီအမံနှင့် ရေပေးဝေမည့် အခြေအနေ ကိုသိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ၊ ကြွရောက်လာကြ သော ပြည်ထောင်စုဝန်ကြီးများ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ကျန်းမာခြင်း ကိုယ်၏ ချမ်းသာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ် ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အခုလို တောင်သာမြို့နယ် အတွင်း တည်ဆောက်ထားပြီးတဲ့ လျှပ်စစ်မြစ်ရောင်စီမံကိန်းများနဲ့ ပတ်သက်ပြီး မူလရည်မှန်းချက်အတိုင်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု အထော က်အကူဖြစ်စေမယ့် ရေပေးဝေနိုင်ခြင်း မရှိတဲ့ကိစ္စကို တင်ပြခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။ လေးစားအပ်ပါ သော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိန်းဂဏန်းအချို့နဲ့ Term အချို့ကို အင်္ဂလိပ်လိုညှပ်သွင်း ပြောဆို ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ ။** ။ ခွင့်ပြုပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆) ။** ။ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးတော့ တောင်သူ လယ်သမားများရဲ့ စီးပွားရေး၊လူမှုရေးတို့ကို ပါမြင့်မားလာစေရေးအတွက် ရေသယံဇာတများကို တိုးမြှင့်ဖော်ထုတ် အသုံးချနိုင်အောင် ရေရရှိရေးနည်းလမ်း (၆)သွယ် ချမှတ်ဆောင်ရွက်လျက်

ရှိတဲ့အနက်  မြစ်ချောင်းတူးမြောင်းများမှ ရေကို  ရေစုပ်စက်ဖြင့်  စုပ်တင်ခြင်းလုပ်ငန်းများဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းမှာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လျှပ်စစ်ရေတင်လုပ်ငန်းများဖြစ်ကြတဲ့ (က)လျှပ်စစ်မြစ်ရေတင်စီမံကိန်း(ကျောဇီ)၊ (ခ)ဆင်တဲဝ(သမက္ကု)ဆည်လျှပ်စစ်မြစ်ရေလုပ်ငန်း (ချောင်းဆုံ)နဲ့(ဂ) ဝဲလောင်ဆည် လျှပ်စစ်ရေတင်လုပ်ငန်း (ကန်နီ)တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊  ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာ ဝန်ယူ  တည်ဆောက်ခဲ့ ပါတယ်။ ကျွန် တော့်အနေနဲ့ တစ်ခု ချင်းအပေါ်မှာ အနည်းငယ် တင်ပြရှင်းလင်း သွားမှာဖြစ်ပါတယ်။  (က)  လျှပ်စစ်မြစ်ရေတင်စီမံကိန်း  (ကျောဇီ)၊  ဧရာဝတီမြစ်မှရေကို  အဆင့်(၃)ဆင့် ပေ(၉၀)၊  (၄၇)ပေ၊  (၅၇)ပေနဲ့  (၆၀)၊  (11KV  7.5  MVA)  ထရန်စဖော်မာ  ထားရှိပြီးတော့ ရေသောက်ဧရိယာ၈၀၀၀ဧကအတွက်  ၂၀၀၁  ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။  (၁၀)နှစ်ခန့် သက်တမ်းရှိပြီ ဖြစ်ပါတယ်။ သို့ရာတွင် ရေသောက်စနစ်  ပီပြင်မှုမရှိသေးခြင်း၊ အချို့ တူးမြောင်းများဟာ စတင်  သည့်မှ   ယနေ့အထိရေပေးဝေနိုင်မှု မရှိသေးခြင်းတို့ကို တွေ့ရှိနေရပါတယ်။ ၂၀၀၂  ခုနှစ်မှ၂၀၁၀  ပြည့်နှစ်အထိ  (၈)နှစ်အတွင်းမှာ မိုးစပါးနွေစပါး   ပျမ်းမျှ  (၁၇၇၆)ဧက၊ ရာနှုန်းအားဖြင့်  (၂၂)ရာခိုင်နှုန်းကိုသာ ရေပေးဝေနိုင်ခဲ့ပြီးတော့ လျှပ်စစ်ပိုင်း    ရေသောက်စနစ် ပိုင်းတို့မှာ ထိ ရောက်အကျိုးရှိစွာ စီမံကွပ်ကဲမှု လိုအပ်မှာဖြစ်ကြောင်း  လေ့လာတွေ့ရှိရပါတယ်။ (ခ)ဆင်တဲဝ (သမက္ကု)  ဆည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း(ချောင်းဆုံ)၊ ဆင်တဲဝ(သမက္ကု)  ဆည်တူးမြောင်းမကြီးရဲ့ RD  ၂၆၆၀၀ ပေမှ ဆည်ရေကို (၁၅)ပေ အဆင့် (၂)ဆင့် စုစုပေါင်းပေ (၃၀)ရှိတဲ့ အမြင့်ကို (11/0.4 KV 160 KVA )ထရန်စဖော်မာ ထားရှိပြီးတော့ ဆည်ရေသောက်ဧရိယာ (၅၀၀) ဧကခန့်အတွက်  ၂၀၀၀ပြည့်နှစ်မှာ လျှပ်စစ်ရေတင်  ဖြန့်ဖြူးပေးနိုင်တဲ့အဆင့် တည်ဆောက်ပြီးစီး ခဲ့ပါတယ်။ (၁၀)နှစ်ခန့် သက်တမ်းရှိပြီဖြစ်ပါတယ်။ ဆင်တဲဝ(သမက္ကု)ဆည်မှ ရေပေးဝေမှုစနစ်တကျ ကွပ်ကဲခြင်း၊  မူလတွင်  ဆည်ရေသောက်ဧရိယာ  (၃၈၀၀)ဧကအတွက် စီမံကိန်းချမှတ်ခဲ့ခြင်း စသည် တို့ဖြစ်ရာ သဲပုတ်မှရေတံလျှောက် Aqueduct အထက်ပိုင်း RD(၂၆၀၀၀)ပေ အများဆုံး လယ်ယာမြေဧက  (၅၀၀)ခန့်ကို ဆည်ရေစနစ်တကျ ထိန်းသိမ်းပေးဝေပါက    လျှပ်စစ်ရေတင် လုပ်ငန်း အောင်မြင်ဖြစ်ထွန်းမည် ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြစ်စဉ်ကို ကိုယ်စားလှယ်တော် ကြီးများ သိရှိနိုင်ဖို့အတွက် အနည်းငယ်တင်ပြပါ့မယ်။ သမက္ကူဆည်ဟာ ၁၉၉၅-၉၆ ခုနှစ်မှာ ပြီးစီး ခဲ့လို့ ၁၅နှစ် သက်တမ်းရှိပြီ ဖြစ်ပါတယ်။ နှစ်စဉ်ပျှမ်းမျှ စီးဝင်ရေဟာ ၉၉၇၃ ဧကပေ ဖြစ်ပြီးတော့ ကန်ရေပြည့် ရေလှောင်ပမာဏဟာ ၁၂,၀၀၀ ဧကပေဖြစ်ပါတယ်။ ရေသောက် ဧရိယာ ၃၈၀၀ ဧကရှိပြီးတော့ ၁၀နှစ်အတွင်း (၁)နှစ်ပျှမ်းမျှ စိုက်ဧက ၁၀၀၀ ခန့်အတွက် ဆည်ရေ ၉၄၀၅ ဧက ပေ သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၀၁-၂၀၀၂ မှ ၂၀၁၀-၂၀၁၁ အထိ ပြီးခဲ့သော ၁၀နှစ် မှတ်တမ်းများအရ ရေဝင်မှုအထိုက်အလျောက် ရှိပြီး ၄နှစ် ၄ကြိမ် ရေပိုလွှဲ မှကျော်ကျ စီးဆင်း ခဲ့ပါတယ်။နှစ်စဉ်စိုက်ဧက ပျှမ်းမျှ ၁၀၀၀ ဧကပေဖြစ်ရာ ရေလေလွင့်ဆုံးရှုံးမှု Losses ၄၂၇၂ ဧက ပေခန့် ရှိခဲ့ပါတယ်။ ကျွန်တော်ဟာ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှာ တာ ဝန်ယူခဲ့စဉ်က အဆိုပါရေသောက် ဧရိယာစနစ်ကို ပါဝင်ပြီးတော့ ကမကထပြုပြီးတော့တည်ဆောက် အကောင်အထည်ဖော်ခဲ့ပါတယ်။ မိမိ၏ ဒေသဖွံ့ဖြိုးတိုးတက် အကျိုးရှိစေရေးအတွက် ဖြစ်ပါတယ်။တကယ်တော့ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ရေအရင်းအမြစ်က ရေပေးမယ့် ရေသောက်ဧရိယာစနစ်ကို တည်ဆောက် အကောင်အထည်ဖော်ရန် တာဝန်မရှိ ပါဘူး။ သို့သော်လည်းပဲ တစ်ဖက်၏အခက်အခဲရှိတယ်ဆိုတဲ့အတွက် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရေပေးဖို့ ပြောခဲ့သော်လည်း ၊ လွန်ခဲ့သော ၁၀ နှစ်က ရေပေး ဖို့ ပြောခဲ့သော်လည်း ဒီဇယ်နဲ့ပဲ ပေးနိုင်မယ်ဆိုတဲ့အတွက် ကုန်ကျစရိတ်က လွန်စွာများပြား တဲ့အတွက် တောင်သူများက ကာမိခြင်းမရှိတဲ့အတွက် လက်ခံနိုင်ခြင်းမရှိလို့ ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရေအရင်း အမြစ် အသုံးချရေးဦးစီးဌာနကို ပြန်လည်ချဉ်းကပ်ပြီး (၂)မိုင်သာဝေးတဲ့နေရာမှာ တောင်သာခွဲရုံကနေ လာတဲ့ 11KV လိုင်းဆုံးတဲ့ Source က(၂)မိုင် လျော့လျော့အတွင်းမှာ သွယ်တန်းပြီးတော့ လျှပ်စစ်နဲ့ ရေတင်လုပ်ငန်းကို လုပ်ကိုင်ပေးဖို့ချဉ်းကပ်ခဲ့ပါတယ်။ မရခဲ့ပါဘူး။ ကံအားလျော်စွာပဲ ဒီနောက်မှာ ကျွန်တော့်အနေနဲ့ ယခင်လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့စဉ် တည်ဆောက် ထားပြီးတဲ့ ရေသောက်စနစ်နယ်မြေဒေသအတွက် အကျိုးရှိရှိသုံးနိုင်ဖို့ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအစီအစဉ်နဲ့ ဒီ(၂)မိုင်လျော့လျော့ရှိတဲ့ Transmission လိုင်းကို သွယ်တန်းခြင်း၊ သွယ်တန်း ပြီးတော့လည်း ဒါတွေမရသေးဘူး။ Transformer ပါကျေးရွာနဲ့ ပူးပေါင်း ပြီးတော့ ကိုယ့်အား ကိုယ်ကိုးနဲ့ ၁၆၀ KVA Transformer ကိုတပ်ဆင်ပေးခြင်းတို့ အဆုံးတိုင် လုပ်ကိုင်ပေးခဲ့

ရပါတယ်။ ဒီနောက်မှာ အားလုံးအဆင်သင့် ဖြစ်တဲ့အနေနဲ့ ကျွန်တော်တို့ ရေပေးဖို့ မေတ္တာရပ်ခံသော်လည်း ဒါဟာ အလုပ်မဖြစ်ခဲ့ပါဘူး။ ခုလိုမိုးခေါင်ရေရှားဒေသတစ်ခုမှာ ရေရရှိရေးအတွက် ပင်ရင်း Water Sources တူးမြောင်းမကြီး ကပ်လျက်ရှိခြင်း၊ ရေသောက်စနစ်ပြီးစီးထားခြင်း၊ လျှပ်စစ်ပိုင်းသွယ်တန်းမှု အားလုံး ဆောင်ရွက် ပြီးခဲ့ခြင်းစတဲ့ ရေတင်လုပ်ငန်းဆိုင်ရာ စုံလင်စွာ တည်ဆောက်ထားပြီးမှုအပေါ်မှာ စီမံဆောင်ရွက်နိုင်ပါက လယ်မြေ (၅၀၀)ဧကဟာ ဒေသအဖို့ အလွန်တန်ဖိုးကြီးမားသော တောင်သူအကျိုးပြုလုပ်ငန်း ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ (၁၀) နှစ်တိုင် ယနေ့အထိ ရေယူတူးမြောင်းများ သဲနုန်းပို့ချခြင်း ဖြစ်ပေါ်နေပြီးတော့ ဒေသခံ တောင်သူများရဲ့ မျှော်လင့်အားထားချက်ကို (၁၀)နှစ်တိုင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးကြောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ။ လက်ရှိနိုင်ငံတော်သမ္မတကြီးဟာ ရွေးကောက်ပွဲကာလ မတိုင်ခင်အတွင်းမှာ နိုင်ငံတော်ဝ န်ကြီးချုပ်တာဝန်နဲ့ တောင်သာမြို့နယ် ရေရရှိရေး ကိစ္စတွေ၊ ဒေသဖွံ့ဖြိုးရေး ကိစ္စတွေ ခရီးစဉ်မှာ ယင်းဒေသရောက်ရှိခဲ့လို့ ရေတင်လုပ်ငန်းကိစ္စ ပေါ်ပေါက်ခဲ့လို့ ရေအရင်းအမြစ်မှ ဌာနအကြီး အကဲ ကိုယ်တိုင် ပါဝင်တဲ့ အချိန်မှာ ဒါကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့တယ်ဆိုတာ အသိပေးအပ်ပါတယ်။ နောက်တစ်ခု ဝဲ လောင်ဆည် လျှပ်စစ်ရေတင်လုပ်ငန်း၊ (ကန်နီ) ဝဲလောင်ဆည်တူးမြောင်းမကြီး RD ၁၇၆၀၀၊ အမြင့် (၃၀၀)ပေအတွင်းမှာ လျှပ်စစ်ရေတင် လုပ်ငန်းကို ၁၉၉၇ ခုနှစ် ဒီဇယ် အင်ဂျင်စက်(၂)လုံးနဲ့ ရေတင် ပေးဖို့ စီမံဆောင်ရွက် ခဲ့ပြီးတော့ ဒီနေ့အချိန်မှာ (11/0.4) KVA, 100 MVA Transformer များနဲ့ ရေတင်စက်ရုံတည်ဆောက်ထားပြီး တော့လည်းပဲ မူလဆည် ရေသောက်ဧရိယာ (၁၅၀၀)ဧကအပြင် အမြင့်ပိုင်းတိုးချဲ့ ရေ သောက်ဧရိယာ (၇၄၅)ဧကကို ရေတင်ပေးဝေနိုင်ခြင်းမရှိဘဲ ရေရှားပါးတဲ့ဒေသခံကျေးရွာများရဲ့ သောက်သုံးရေ ပါ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိတာကို တင်ပြလိုပါတယ်။ ဝဲလောင်ဆည်ဟာ ၁၉၉၈-၉၉ ခုနှစ် က တည်ဆောက်ပြီးစီးခဲ့ပြီးတော့ (၁၂)နှစ်ခန့် သက်တမ်းရှိပြီဖြစ်ပါတယ်။ ၂၀၀၁-၂၀၀၂ ကနေ ပြီးတော့ ၂၀၁၀-၁၁ အထိ လွန်ခဲ့ သော (၁၀)နှစ် မှတ်တမ်းများအရ ဝဲလော င်ဆည်ရဲ့ ပျမ်းမျှ စီးဝင်ရေဟာ (၂၇၀၆၅) ဧကပေရှိပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏဟာ (၂၀၁၇၀) ဧကပေ ရှိပါတယ်။ (၁၀)နှစ်အတွင်းမှာ (၈)ကြိမ်တိုင် ရေပိုလွှဲကနေပြီး ရေကျော်ကျ စီးဆင်းခဲ့တဲ့ဆည် ဖြစ်တဲ့အတွက် အင်မတန် ရေဝင်ကောင်းတဲ့ဆည်ဖြစ်ပါတယ်။ ဒီဆည်ဟာစိုက်ပျိုးရေး သုံးတာက (၄၉၄၀)ဧကပဲ

ရှိပြီးတော့ သူ့ရဲ့ အသုံးချနိုင်တဲ့ ရေရဲ့ active storage ရဲ့ (၂၈)ရာခိုင်နှုန်းသာ အသုံးပြုနိုင်လို့ Losses ဟာ (၁၇၅၆၂)ဧကပေ ဖြစ်ပေါ်နေကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပိုလျှံရေများကို တစ်စိတ်တစ်ပိုင်းအဖြစ် လျှ ပ်စစ်ရေတင်လုပ်ငန်းနဲ့ ဖြန့်ဝေ ပေးနိုင်ပါက ဒေသ ခံတောင်သူများ အတွက် လယ်ယာအကျိုးစီးပွားအမှန်ဖြစ်ထွန်းမှာ ဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ခြုံငုံသုံးသပ်တင်ပြရပါလျှင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုး တက်စေမှုအတွက် ရေရရှိရေးနည်းလမ်း (၆)သွယ် လုပ်ခဲ့တယ် ဆိုတာလည်းပဲ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ Drive ဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူစဥ် ကတည်းက ဒီ Drive ကို မလုပ်မနေရလုပ်ခဲ့ခြင်း ဖြစ်တဲ့အတွက် ဒီရေရရှိရေး နည်းလမ်း(၆)သွယ် အနက်က ရနိုင်တဲ့နည်းနဲ့ ဒါတောင်သူစိုက်ပျိုး ရေရဖို့လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီရေတင်စီမံကိန်း (၃)ခုလုံးဟာလည်းပဲ ဝန် ကြီးဌာနရဲ့ Drive ကြောင့် လုပ်ခဲ့တာ ဖြစ်ပါတယ်။ ငွေကုန်ကြေးကျခံပြီးတော့ လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီ (၆)သွယ် အနက် တစ်ခုအပါအဝင်ဖြစ်တဲ့ လျှပ်စစ်ရေတင်စီမံကိန်း လုပ်ငန်းများကို စနစ်တကျ စီမံကွပ်ကဲပြီးတော့ (၁)နှစ်မှာ ပျမ်းမျှမိုးရေချိန် ၂၅.၉ လက်မသာ ရွာသွန်းတဲ့ မြန်မာနိုင်ငံအလယ်ပိုင်း တောင်သာမြို့နယ် မိုးခေါင်ရေရှားရပ်ဝ န်းမှာရှိတဲ့ လယ်မြေများသို့ လျှပ် စစ်ပိုင်းဖြည့်ဆည်းထားမှုနှင့်အတူ ရေပေးတူးမြောင်းစနစ် လည်း အဆင်ပြေတဲ့အခြေအနေရှိပ ါတယ်။ ကုန်းသီးနှံများ Cup-Land Crops ရေရှိပြီးတော့ ဒေသခံတောင်သူ လယ်သမားများ လယ်ယာအကျိုး စီးပွားတိုးတက်ခံစားနိုင်မှာဖြစ်တဲ့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ ချရေးတို့မှာ မုချသေချာ အထောက်အကူ ဖြစ်မယ်ဆိုတာ တင်ပြလိုပါတယ်။ ကျွန်တော့် တင်ပြချက်များဟာ နှစ်စဥ်ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ရမယ့်အနေအထားတွေ မဟုတ်ပါဘူး။ (၁၀)နှစ်သက်တမ်းရှိတဲ့အတွက် တည်ဆောက်ပြီးစီးထားတဲ့ ဘက်ပေါ င်းစုံက ပြည့်စုံပြီး ဖြစ်နေတဲ့ပေါ်မှာ ဆက်လက်ပြီးတော့ စိတ်ဝင်တစားနဲ့ ဒါကို အကောင်အထည်ဖော်ဖို့အတွက် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အဖက်ဖက်မှ စီမံကိန်းများဆောင်ရွက်ရာမှာ ဦးစားပေးရန်ပုံငွေ အခြေအနေကြည့်ပြီး လုပ်ကိုင်နေရတာ လိုအ ပ်ချက်မှန်သော်လည်းပဲ မလုပ်နိုင် သေးတာတွေကို ကျွန်တော်နားလည်ပါတယ်။ ပြီးပြီးသားလုပ်ငန်း၊ (၁၀)နှစ်ကျော် လုပ်ငန်းတွေ ဟာ ဒီလိုဖြစ်နေတဲ့ အတွက် ကျွန်တော်တို့နိုင်ငံတော်အပေါ်မှာရောဒေသခံတောင်သူလယ်သမားများ အလုပ်သမားများ အနေနဲ့ ပြန်လည်ပြီးတော့ နိုင်ငံတော်ကလုပ်ကိုင်ပေးဖို့ တာဝန်ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်

Emphasize လုပ်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် (က) ဧရာဝတီမြစ်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်း (ကျောဇီ)ရဲ့ စီမံကိန်းဧရိယာ(၈၀၀၀) ဧကကို အပြည့်အဝ စိုက်ပျိုးနိုင်ဖို့ လျှပ်စစ်ရေသောက်စနစ်တို့ ဟန်ချက်ညီညီ ပီပြင်ကောင်းမွန်ရေး စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ။ (ခ) ဆင်တဲ(သမက္ကူ)ဆည်တူးမြောင်းမကြီးမှ လျှပ်စစ် ရေတင်လုပ်ငန်း(ချောင်းဆုံ)နဲ့ ဆက်စပ်လုပ်ငန်းများ ပြီးစီးခဲ့သည်မှာ(၁၀)နှစ်ခန့်ရှိပြီ ဖြစ်သော်လည်း၊ ယနေ့အထိ သတ်မှတ်ရေသောက်ဧရိယာ (၅၀၀၀) ဧကခန့်ကို ရေတင်ပေးဝေနိုင်ခြင်း မရှိသည့်အတွက် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် သတ်မှတ်ရေသောက် ဧရိယာမှာ လုံလောက်ပြည့်ဝစွာ ရေပေးနိုင်သည့်အ ခြေအနေ (Commanded Area) ရှိသဖြင့် ရေသောက်တူးမြောင်းစနစ် ပီပြင်စွာ တည်ဆောက်ပေးမည့် အစီအစဉ် ရှိ /မရှိ။ ရှိပါက မည်သည့် အချိန်ကာလတွင် စိုက်ပျိုးရေ စတင်ပေးဝေနိုင်မည်ကို သိရှိလိုပါတယ်။ (ဂ)ဝဲလောင်ဆည် တူးမြောင်းမကြီးမှ လျှပ်စစ်ရေတင်လုပ်ငန်း(ကန်နီ)နှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးထားသော် လည်းပဲ ရေသော က်ဧရိယာ(၇၄၅)ဧကနဲ့ ဒေသခံကျေးရွာ များသို့ ရေတင်ဖြန့်ဝေပေးမည့် အစီအစဉ်ရှိ /မရှိနှင့် လျာထားအမြင့်ပိုင်းရေသောက် ဧရိယာအတွက် ရေသောက်တူးမြောင်းစနစ်ပီပြင်စွာ တည်ဆောက်ပေးမည့် အစီအစဉ်/ရှိ/မရှိ။ မည်သည့် အချိန်တွင် စိုက်ပျိုးရေး ရေ စတင်ပေးဝေနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်းကုန်းနှင့် ဆိတ်ကျွန်းရေထိန်းတံခါးတို့၏ အောက်ဖက်ရေဆင်း လမ်းကြောင်း တိမ်ကောလာသည့်အတွက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းအား မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၀၃။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစောအုန်း က မွန်ပြည်နယ် သထုံ မြို့နယ်ရှိ မရမ်းကု န်းနှင့် ဆိတ်ကျွန်း ရေထိန်းတံခါးတို့၏ အောက်ဖက် ရေဆင်းလမ်းကြောင်း တိမ်ကောလာသည့်အတွက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ် နေခြင်းအား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောအုန်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်း တင်ပြလိုတာ ကတော့ ကျွန်တော်တို့ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းမှာရှိတဲ့ ရေထိန်းတံခါးနဲ့ စပ်လျဉ်း ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။ ရေထိန်းတံခါးဆိုတာကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအထောက်အကူပေးတဲ့ စီမံချက်တစ်ရပ်ဖြစ်ပါတယ်။ သဘောကဘာလဲဆိုရင် ကျွန်တော်တို့ လယ်ယာမြေတွေမှာပင်လယ်ဘက်ကိုဆင်းတဲ့ ရေနုတ်မြောင်းတွေ၊ ချောင်းမြောင်းတွေအသွယ်သွယ် ရှိပါတယ်။ ဒါမှသာ လျှင် ကျွန်တော်တို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပြီးတော့ ဒီလယ်ယာမြေတွေ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုချောင်းမြောင်းတွေဟာ ကျွန်တော်တို့ ကမ်းဦးပင်လယ်ရေတိမ်ပိုင်းကို စီးဆင်းသွားသောကြောင့် ဒီချောင်းမြောင်းတွေဟာ တစ်နှစ်ပတ်လုံး ဒီရေအတက်အကျနဲ့ ကြုံရပါတယ်။ ဒီရေအတက်အကျဖြစ်လာတဲ့အခါကျရင် နွေကာလမှာ နုံးပေါ် လာမယ်၊ မိုးတွင်းကာလမှာ မိုးရေနဲ့အတူ နုံး တွေကို ကြုံစားရပါတယ်။ တစ် ချို့တစ်လေလည်း ကြုံစားတဲ့အခါမှာ ကာလကြာပါတယ်။ (၂)လ၊ (၃)လမှ ဒီချောင်းမြော င်း အရင်အတိုင်းပြန် ဖြစ်တာလည်း ရှိတယ်။ အဲ ဒီတော့ ဒီလိုအခက်အခဲနဲ့ ကင်း ဝေးစေဘို့ နိုင်ငံတော် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ တကယ်အဓိကကျတဲ့ချောင်းကြီး၊မြောင်းကြီး တွေမှာ ရေထိန်းတံခါးတည်ဆောက်ပေးပါတယ်။သူရဲ့ရည်ရွယ်ချက်ကတော့ပင်လယ်၊ အနီးအနားမှာ ဒီလိုချောင်းမြောင်းအဝမှာ ရေထိန်းတံခါးတည်ဆောက်ခြင်းအားဖြင့်ရေငန်ရေ၊ ပင်လယ်ရေတွေဟာ ဒီရေထိန်းတံခါးရဲ့ အတွင်းဘက်ကို မဝင်လာဘူး၊ ဝင်မလာတဲ့အတွက်ကြောင့် နုံးမပို့ ဘူး။ ကျွန်တော်တို့ မိုးရေ၊ တောင်ကျရေ ရှိလို့ရှိရင် နွေစပါးလည်း စိုက်ပျိုးနိုင်တယ်။ ဒီရည်ရွယ်ချက်နဲ့ ရာသက်ပန်အကျိုးကို ရှေး ရှုပြီးတော့ ဒီလိုရေထိန်းတံခါးတွေကို ငွေကုန်ကြေးကျ ခံပြီးတော့ ပြုလုပ်ပေးခဲ့ပါတယ်။ ရေထိန်းတံခါး တစ်ခုတစ်ခုဆိုရင် သိန်းထောင်ပေါင်းများစွာ ကုန်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်၊ သထုံမြို့နယ်မှာဆိုရင် လောလောဆယ် ရေထိန်းတံခါး (၃)ခုရှိပါတယ်။ ကျွန်တော် နည်းနည်းရှင်းပြပါမယ်။ ကျွန်တော်အဓိကမေးတာကတော့ မရမ်းကုန်းနှင့် ဆိတ်ကျွန်း

ရေထိန်းတံခါးဖြစ်ပါတယ်။ ဒါပေ မယ့်လက်တွေ့မှာ တကယ့်ကိုအကျိုးပြုနေတဲ့ ရေထိန်းတံခါး ရှိပါတယ်။ ဒါကတော့ ဇိုက်ခရဲ ရေထိန်းတံခါးရှိပါတယ်။ ဒါ ကျွန်တော်တို့ ရေထိန်း တံခါးတည်ရှိတဲ့ နေရာဟာ ပင်လယ် ဂမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဇိုက်ခရဲ ရွာရဲ့ အောက်ဖက် အောင်ကန်သာ ထိပ်နားမှာ ရှိပါတယ်။ အပေါ်ဖက်မှာဆိုရင် ရေထိန်း တံခါးရဲ့ အပေါ်ဖက်မှာ လယ်ဧက ထောင်နဲ့ သောင်းနဲ့ ချီပြီးတော့ အောက်ဖက်ခြမ်းမှာ လယ်ဧကရှိသလောက် ဖြစ်ပါတယ်။ ဒါဘာကိုကျွန်တော် ပြောချင်သလဲဆိုရင် ရေထိန်းတံခါး တို့မည်သည်မှာ ပင်လယ်အဝမှာသာလျှ င် တည်ဆောက်ရ င် အကျိုးဖြစ်ထွန်းတယ်။ ရာသက်ပန် လည်း အကျိုးကျေးဇူးလည်းများတယ်။ ဒါကြောင့် ဇို က်ခရဲ ရေထိန်းတံခါးဟာ လွန်ခဲ့တဲ့ (၁၅) နှစ်က တည်ဆောက်ခဲ့ပြီးတော့ ဒီကနေ့ အထိ ရေထိန်းတံ ခါးရဲ့ အပေါ်ဖက်မှာရှိတဲ့ လယ်ဧက ထောင်နဲ့ သောင်းနဲ့ချီပြီးတော့ ရေနစ်မြုပ် ဆုံးရှုံးမှုလုံးဝ မရှိတော့ ပါဘူး။ ဘယ်လောက်ပဲ မိုးရွာရွာ ကျွန်တော် တို့ မွန်ပြည်နယ်ဟာ မိုးရေလက်မ (၁၅၀)ကျော်ရွာ၊ တစ်ခါတစ်လေ မိုးရွာရင် (၁၀)ရက် (၁၅)ရက် နေမမြင်ရပါဘူး။ ဒီလောက်အခြေအနေမှာလည်းပဲ ဒီ ဇိုက်ခ ရဲတူးမြောင်းချောင်းကြီးရဲ့ရေဟာ ကျွန်တော်တို့ လယ်မြေတွေထက်ကို အများကြီးနိမ့် နေပါတယ်။ ဒါတောင်မှ ရေထိန်းတံခါးမှာရှိတဲ့ တံခါးပေါက် အားလုံးကို မဖွင့်ရသေးပေမယ့် တောင်မှရေဟာမကြီးပါဘူး။ ဒီလိုအကျိုးပြုရုံမကဘဲနဲ့ ဒေသခံသွားလာရေးအတွက် ဒါလမ်းကြောင်း တစ်ခုအနေနဲ့လည်းပဲ သူကအကျိုးပြုပါတယ်။ ဘာလို့လဲဆိုတော့ ဇိုက်ခရဲချောင်းက ကျွန်တော်တို့ ရေထိန်းတံခါးမရှိခင်က ဒီရေတက်လာပြီဆိုရင် လှိုင်းခေါင်းက (၅)ပေ၊ (၆) ပေ၊ (၇)ပေအထိ လှိုင်း လုံးကြီးနဲ့လာတယ်။ အဲဒီမှာ သွားလာနေတဲ့လှေတွေ၊ စက်တပ်ယာဥ်တွေဆိုရင် ဒါကို သတိမမူမိရင် နစ်မြုပ်ပြီးတော့ လူအသေအပျောက်တောင်ရှိခဲ့ဖူးပါတယ်။ အဲဒီတော့ဒီဟာတွေလည်း ကျွန်တော်တို့ ရန်ကင်း သွားတဲ့အပြင် ဒီစိုက်ပျိုးမြေ ထောင်သောင်းနဲ့ချီပြီးတော့ အကျိုးပြုနေတယ်။ ဒါပေမယ့် ကျွန်တော်အခုတင်ပြတဲ့ မရမ်းကုန်းနှင့် ဆိတ်ကျွန်းရေထိန်းတံခါးကျတော့ တောင်သူလယ်သမားတွေ ဒီကနေ့ဆိုရင် အခက်တွေ့နေပါပြီ။ ဇိုက်ခရဲရေထိန်းတံခါးတည်ဆောက်ပြီး (၁၀)နှစ်လောက်ကြာမှ လုပ်တဲ့ ရေထိန်းတံခါးနှစ်ခုဖြစ်ပါတယ်။

ကျွန်တော် လေ့လာသိရှိသလောက်ဆိုရင် ဒီမရမ်းကုန်းနဲ့ ဆိတ်ကျွန်းရေထိန်းတံခါးဟာ တော်တော်များများကို ပင်လယ်ဖက်အတွင်းဖက်ကို ကျွန်တော်တို့ကုန်းတွင်းဖက်လာပြီး တည်ဆောက် ထားတဲ့အတွက်ကြောင့် ကျွန်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများကို သဘော ပေါက်အောင်ပြောရမယ်ဆိုရင် ဒီမရမ်းကု န်းရေထိန်းတံခါးနဲ့ ဆိတ်ကျွန်း ရေထိန်း တံခါးက (Y)ပုံ

သဏ္ဌာန် လောက်ရှိပါတယ်။ (Y)ပုံသဏ္ဌာန်ဆိုတာက ကျွန်တော်တို့ (Y)စာလုံးရဲ့ အောက်ကတော့ ကျွန်တော်တို့ ပင်လယ်ထဲကို သွားတဲ့ ရေစီးကြောင်းပေါ့။ ဒီလို နှစ်ခွခွဲသွားပါတယ်။ အဲ ဒီတော့ တကယ်လို့များ ဒီမရမ်းကုန်းနဲ့ ဆိတ်ကျွန်းရေထိန်းတံခါးကို (Y)ရဲ့ အမြီးဖက်မှာ တည်ဆောက်မယ် ဆိုရင် အများကြီးအကျိုးပြုမယ့်အပြင် ဒီကနေ့ ကျွန်တော် ဒီလွှတ်တော်မှာလာပြီး ပြောနေဆိုနေဖို့ အကြောင်းမရှိပါဘူး။ ဒါပေမယ့် လည်းပဲ ဒီ (Y) စာလုံးရဲ့ နှစ်ခုအထက် ပေါ်မှာ ညာဖက်ဆိုရင် ဒါမရမ်းကုန်းရေထိန်းတံခါး၊ ဘယ်ဖက်ဆိုရင် ဆိတ်ကျွ န်းရေထိန်းတံခါး ဒီနှစ်ခုကို ပထမနှစ်မှာ မရမ်းကုန်းရေထိန်းတံခါးကို ဆောက်ပါတယ်။ ဒုတိယနှစ်မှာ ဆိတ်ကျွန်းရေထိန်းတံခါးကို ဆောက်ပါတယ်။ အဲဒီလိုဆောက်တဲ့အတွက်ကြောင့် သူကရေထိန်းတံခါးရဲ့ အောက်ဖက်မှာ မိုင်နဲ့တွက်မယ်ဆိုရင် (၃)မိုင်နဲ့ (၄)မိုင်လောက်၊ ပင်လယ်ပြင်ကိုစီးရတဲ့ အောက်ဖက်ရေစီးလမ်းကြောင်း ရှိပါတယ်။ ဒီသဘောသဘာဝအရ ကျွန်တော်တို့ နွေ ကျလို့ရှိရင် နှစ်တိုင်း ပ င်လယ်ရေတက်လာတဲ့အခါမှာ ဒီရေထိန်းတံခါးရဲ့ တံခါးဝအထိကို ပင်လယ်ရေ ရောက်ပြီးတော့ ပင်လယ်ရေ ဆိုတာလည်းပဲ ကျွန်တော်တို့ ချောင်းသာတို့လို စက်စဲတို့လို ကြည်နေတာမဟုတ်ပါဘူး။နောက်ပြစ်နေတဲ့ ရေ ဖြစ်ပါတယ်။ နောက်ပြစ် နေတဲ့ အကြောင်းကတော့ စုစည်းသဲနုန်းတွေ ပါလာလို့ဖြစ်ပါတယ်။ ဒီရေထိန်းတံခါး တံခါးရွက်ကို လာဆောင့်ပြီးတော့ ရေဟာ အီသွားတဲ့အချိန်မှာ ဒီမှာအနည်ကျပါတယ်။ ဒီရေထိန်းတံခါးဆောက်တာ(၆)နှစ်(၇)နှစ်လောက်အတွင်းမှာ ရေထိန်းတံခါးအပြင်ဘက်က အောက်ဖက် ရေဆင်းလမ်းကြောင်းဟာ အရင်က (၁၀)ပေလောက်ရှိတဲ့ နေရာကနေပြီးတော့ ဒီကနေ့ဆိုရင် (၂)ပေ(၃)ပေလောက်ပဲ ကျန်တော့တယ်။ နောင်ဆိုရင် ဒီလိုမပြုမပြင်ဘဲ ထားမယ် ဆိုရင် ကျွန်တော်ထင်တယ်။ ဒယ်မျက်နှာပြင်လို တ စ်ပြေးညီဖြစ်သွားပြီးတော့ ကျွန်တော်တို့ စိုက်ဧရိယာ သောင်းနဲ့ချီပြီး ရေနက်ကွင်းလို ဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ဒါ တွေလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သိရှိပြီးဖြစ်ပါတယ်။ သိရှိလို့ပဲ ကျွန်တော်တို့ ဒေသခံ မြို့နယ်/ခရိုင် ကြီးကြပ်မှုနဲ့ ကျွန်တော်တို့ ဖြေရှင်းပါသေးတယ်။ ဘာလို့ လဲဆိုရင် ၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ ရေထိန်းတံခါး အောက်နားကနေပြီးတော့ မြောင်းတွေတူး၊ လူလုပ်အားနဲ့ပေါ့။ စက်ယန္တရားနဲ့တော့ မဟုတ်ပါဘူး။ ဒီလိုလည်း လုပ်ကြည့်တယ်။ မအောင်မြင်ပါဘူး။ ဒီနှစ်ဆိုလည်း တံခါးရွက်တွေ အကုန်လုံးဖွင့်ထားပေးပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးကလည်း ဒါဟာလည်းပဲ ရေကြီးနစ်မြုပ်မှု ဒီနှစ်ဆိုရင် ကျွန်တော်တို့ မွန်ပြည်နယ်က တော်တော်လေး မိုးရေချိန်များပါတယ်။ နှစ်တိုင်းနဲ့မတူပါဘူး။ ဒါကြောင့် ဒီရေထိန်းတံခါးရဲ့ အပေါ်ဘက်မှာရေ၊

အောက်ဖက်မှာရှိတဲ့ လယ်ဧက (၂၀၀)(၃၀၀)လောက် ပျက်စီးတယ်။ ဒါအတိအကျ ပြောနိုင်ပါတယ်။ အဲလိုဖြ စ်နေတဲ့အချိန်မှာ နောက်နှစ်တွေမှာလည်း ဒီလိုတူးမြောင်းကို ကျွန်တော်တို့ အောက်ရေဆင်းလမ်းကြောင်းကို ထဲထဲဝင်ဝင်ဖြစ်အောင် အရင်ပုံစံဖြစ်အောင် တူးပေးလို့ရှိရင်ဖြင့် ဒီ့ထက် ဒီ့ထက် လယ်ဧက၊ စိုက်ဧကတွေ ပျက်စီးဖို့အကြောင်းရှိနေတော့ တောင်သူလယ်သမားတွေဘဝဟာလည်း နွမ်းပါးသွားမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီကနေ့ဧက(၂၀၀) လောက်ဟာ ပြန်မစိုက်နိုင်ပါဘူး။ ကျွန်တော်တို့ဒေသမှာဖြစ်တာ ဩဂုတ်လလောက်ကဖြစ်တယ်ဆိုရင်ပဲ ဩဂုတ်လ လောက်ထိ ရေကြီးနေတယ်ဆိုတော့ ကျွန်တော်တို့အချိန်လည်းမရှိပါဘူး။ မျိုးလည်း မရှိတော့ပါဘူး။ ပျိုးထောင်ဖို့လည်း အချိန်မရပါဘူး။ ဒီလိုအခြေအနေရှိတဲ့ အတွက်ကြောင့် ဒါကလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သိရှိပြီးတော့ ဘယ်လိုအစီအမံတွေနဲ့ ဒီပြဿနာရပ်ကြီးကို ဖြေရှင်းပေးမလဲဆိုတာ ကျွန်တော် သိရှိလိုပါတယ်။ ကျွန်တော်သိရှိလိုတာကတော့ ပြည်သူတွေ သိရှိလိုတဲ့ အနေအထားကို ကျွန်တော်ကဒီမှာ မေးမြန်းခြင်းဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ လိုချင်တာ လယ်သမားတွေ လိုချင်တာကတော့ ရေတိုမဟုတ်ဘဲနဲ့ ရေရှည်ဖြေရှင်းနည်းများသာ ကျွန်တော်တို့ လိုချင်ပါတယ်။ အဲဒါကြောင့် ပြည်သူ့အသံမှသည် အမျိုးသားလွှတ်တော်အသံဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မရမ်း ကုန်း၊ ဆိတ်ကျွန်းရေထိန်းတံခါး တိမ်ကောလာသည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မည်သို့မည်ပုံ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ကျိုက္ကသာကျေးရွာမှ ကော့ထင်းကျေးရွာအထိ ရေင် တား(တာတမံ) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၁၂။**

**ဒုတိယဥက္ကဋ္ဌ** ။ ဆက်လက်ပြီး မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်းက ကျိုက္ကသာကျေးရွာမှ ကော့ထင်းကျေးရွာအထိ ရေင်တားတာတမံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာပါဝင်တဲ့ ကျိုက်ထိုမြို့မှာ စပါးစိုက်ပျိုးဧက၊ လျာထားချက်ဧက (၄၁၁၈၀)ရှိတဲ့အနက် အမှန်တကယ် စိုက်ပျိုးနိုင်တဲ့ ဧက ကတော့ (၃၈၃၄၀) ဧကဖြစ်ပါတယ်။ မိုးစပါး၊ နွေစပါးကို ကျွန်တော်တို့ ဒီလျာထားချက်အတိုင်း စိုက်သလိုပဲ တစ်ဖက်မှာလည်း ဒီပဲမျိုးစုံကိုလည်း ကျွန်တော်တို့ စိုက်ပျိုးလျက်ရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဒီမြို့နယ်ထဲမှာ ရှိတဲ့ ဒီကော့ထင်းကျေးရွာ၊ မုံရွာကြီးကျေးရွာ၊ မုစက္ကမူကျေးရွာ၊ ဒီကျိုက္ကသာကျေးရွာများမှာ လယ်ဧက(၅၄၄၅)ဧက ရှိတဲ့အနက် တော်တော်များများဟာ ကျွန်တော်တို့ ရေငန်ဝင်နေပါတယ်။ဘာကြောင့်လဲဆိုတော့ကာ ဒီကျေးရွာတွေဟာ စစ်တောင်းမြစ်ရဲ့ ကမ်းနဘေးမှာ တည်ရှိတဲ့အတွက် လစဉ် လဆန်း လဆုတ်ရက်များမှာ ဒီရေ အတက်အကျနဲ့ ရေငန်ဝင်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ရိတ်သိမ်းချိန်မှာဆိုရင်ရေငန်ဝင်တဲ့အတွက် ကျွန်တော်တို့လယ်သမားတွေ အများကြီးဒုက္ခရောက်ပါတယ်။ ဒါကြောင့် ကျိုက္ကသာကျေးရွာကနေ ဒီကော့ထင်းကျေးရွာအထိ ရေငန်တားတာတမံ တစ်ခုကို ဆောက်လုပ်ပေးဘို့ လိုအပ်ပါတယ်။ ဒါကို မြို့နယ်ဆည်မြောင်း ဦးစီးဌာနရဲ့ တွက်ချက်မှုအရ ရေငန်တားတမံရဲ့ အလျား (၄၄၄၈၀)ပေ၊ ထိပ်ဝအကျယ်(၁၂)ပေနှင့် အောက်ခြေအကျယ်(၅၅)ပေ၊ အမြင့် (၁၀)ပေ ဖြစ်ပြီးတော့ ကုန်ကျစရိတ်ကတော့ ကျပ်ငွေသိန်း (၃၀၀၀)ကျော်လောက် ကုန်မှာ ဖြစ်ပါတယ်။ တကယ်လို့များ ဒါကို လုပ်ပေးမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဒေသအတွင်းမှာ ဆန်ဖူလုံတဲ့အပြင် ပိုလျှံလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျိုက္ကသာ ကျေးရွာမှ ကော့ထင်းကျေးရွာအထိ ရေငန်တားတမံ တစ်ခုကို ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် လုပ်ပေးနိုင်/မနိုင် လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ။ မရှိပါကလည်း ဒါလုပ်ပေးဖို့ ကျွန်တော် လေးစားစွာနဲ့ တင်ပြလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ကြံခင်းမြို့နယ်၊ ကွန်ချောင်းတမံရေချပေါက်များ၌ အသေးစားရေအားလျှပ်စစ် တာဘိုင်စက်များ ထိုင်၍ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၁၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ကြံခင်းမြို့နယ်၊ ကွန်ချောင်းတမံရေချပေါက်များ၌ အသေးစားရေအားလျှပ်စစ်

တာဘိုင်စက်များ ထိုင်၍ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၅။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ် ပါသောအမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ၍ လေးစားစွာ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) ကြံခင်း၊ မြန်အောင် မြို့နယ်များ ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် ဧရာဝတီတိုင်းဒေသကြီး ကျွန်တော်ရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ကြံခင်းနှင့် မြန်အောင်မြို့နယ် များရဲ့ ကျေးလက်မီးလင်း ရေးကိစ္စနှင့်ပတ်သက်၍ မေးခွန်း တစ်ရပ် မေးမြန်းလိုပါတယ်။ ဒီမေးခွန်းဟာနိုင်ငံတော်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ကျ ရေး နယ်ပယ်ကြီး(၈)ရပ်အနက် "ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးလုပ်ငန်း" နှင့် သက်ဆိုင်ပါ တယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးဖြစ်တဲ့ ဟင်္သာတခရိုင်အတွင်းရှိ ကြံခင်း၊ မြန်အောင်နှင့် အင်္ဂပူစတဲ့ မြောက်ဘက်ခြမ်း (၃) မြို့မှာ ကြံခင်းမှာ ကွန်ချောင်းရေလှောင်တမံ၊ မြန်အောင်မှာ မမြရေလှောင်တမံနဲ့ ကညင်ရေလှောင်တမံ၊ အင်္ဂပူမှာ နန်ကသူရေလှောင်တမံကြီးများရှိပြီး အဆိုပါ (၃)မြို့နယ်ရဲ့ လယ်ယာစိုက်ပျိုးရေးကိစ္စများအတွက် များစွာအထောက်အကူ ရရှိ စေပါတယ်။ နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာနဲ့ လမ်းညွှန်ခဲ့တဲ့အတွက်ကြောင့် လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန အနေနဲ့ ရေလှောင်တမံကြီးအားလုံးမှာ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်တဲ့ ရေထုတ်ပြွန် Conduit များကို နဂိုကတည်းက ထည့်သွင်း တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါ တမံကြီးများ အနက်မှ မမြရေလှောင်တမံ ကြီးဟာရေလှောင်တမံ စီမံကိန်းနှင့် တွဲဘက်ပြီးတော့ ကျေးလက်မီးလင်းရေး ကိစ္စကို အောင်အောင်မြင်မြင် ဆောင်ရွက် ပေးနိုင်ခဲ့တဲ့အတွက်ကြောင့် အာဆီ ယံ နိုင်ငံများအသင်းရဲ့ ဂုဏ်ပြုဆုချီးမြှင့်ခံရတဲ့ ရေလှောင်တမံကြီး (၃)ခုထဲမှာ တစ်ခုပါဝင်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ မမြရေလှောင်တမံ တစ် ခုတည်းကနေပြီးတော့ ရေချပေါက်များ ရှိတဲ့ အထဲက လိုအပ်တဲ့ အမြင့် ရရှိနိုင်တဲ့ ရေချပေါက်များနံပါတ်နဲ့ ပြောရရင်(၁)၊(၃)၊(၄)၊(၅)၊(၈)၊ (၁၀)၊(၁၃)၊(၂၄)၊ (၂၅)၊(၂၆)တို့မှ

အသေးစား ရေအားလျှပ်စစ် တာဘိုင်စက်ကလေးများ ထိုင်ပြီးတော့ ဆည်မြောင်းဝန်ထမ်းလိုင်းတွေအနီးမှာ ဆက်စပ်ကျေးရွာအုပ်စုပေါင်း (၇)အုပ်စုနဲ့ အဲဒီမှာရှိတဲ့အိမ်ခြေပေါင်း (၉၈၅)အိမ်၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ရွာတွင်းလမ်းများထိအောင် လျှပ်စစ် မီးပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းလျှပ်စစ် ထုတ်လုပ်နိုင်မှုဟာ (၆၄)ကီလိုဝပ် ရှိတဲ့အတွက်ကြောင့် ကျေးလက်မီးလင်းရေးမှာများစွာ အထောက်အကူပြုနိုင်ခဲ့ ပါတယ်။ နိုင်ငံတော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဒေသနဲ့ ကျွန်တော်တို့ကများစွာ ကျေးဇူးတင်ရှိပါတယ်။ ဟသ်ာတခရိုင် မဲဆန္ဒနယ်အမှတ်(၆) အတွင်းမှာ ပါရှိတဲ့ ကြံခင်းမြို့နယ်မှာလည်း အဲလိုပဲ ကွန်ချောင်း ရေလှောင်တမံကြီးရှိပြီး ဒီတမံကြီးမှာလည်း ရေချပေါက် Drop များရှိနေပြီးတော့ မြန်အောင် ကဲ့သို့ပဲပေးနိုင်မယ့် အနေအထားလေးတွေ ရှိတယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိတဲ့အတွက်ကြောင့် အောက်ပါ မေးခွန်းလေး(၂)ရပ်ကို မေးပါရစေ။ (က)ကတော့ သင့်တော်တဲ့ အခြေအနေပေးတဲ့ ရေချပေါက်များမှာ အသေးစား ရေအားလျှပ်စစ် တာ ဘိုင်စက်များထိုင်ပြီးတော့ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆော င်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ) ပေးနိုင်မည် ဆိုပါက အနီးစပ်ဆုံး မည်သည့် ကာလလောက်မှ စတင်အကောင်အထည် ဖော်ပေးနိုင်မည်ကို ဒေသခံများရဲ့ကိုယ်စားသိရှိလိုပါ၍ ဖြေကြားပေးနိုင်ပါရန် ဒုတိယ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေး ဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၁၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၄း၁၈။**

**ဦးခင်ဇော်(ပြည်ထောင်စုဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ် တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးရဲ့ မေးမြန်းချက်နဲ့ ပတ်သက်

ပြီးတော့ ကျွန်တော်ရှင်းလင်း ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ၏ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွ န်းဖြစ်တဲ့ ကျော့ဇီ လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ပတ်သက်၍ဖြေကြားရမယ်ဆိုလျှင် ယင်းစီမံကိန်းကို ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလမှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၀၈ ခုနှစ်၊ မတ်လမှာ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ပါတယ်။ စီမံကိန်းမူလ လျာထားချက်အတိုင်း ဆောင်ရွက်ခဲ့ရာမှာ ရေပေးတူးမြောင်းများမှာလည်း သဲဆန်လွန်းသော မြေသားမြောင်းများဖြစ်ခြင်း၊ ရေး မကြီးချောင်း၊ ဆင်ဖြူချောင်း၊ ကားလမ်းကူးနှင့် ရထားလမ်းကူးများကို ဖြတ်သန်းဖောက်လုပ်ရခြင်းကြောင့် ရေလေလွင့် ဆုံးရှုံးမှုများပြားတဲ့အတွက် မြောင်းဆုံးသို့ ရေရောက်ရန်ခက်ခဲခဲ့ပြီး လျာထားဧက ပြည့်မီစွာ ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါ။ ထိုကြောင့် ရေလေလွင့် ဆုံးရှုံးမှုနည်းအောင် မြောင်းများ ကြံ့ခိုင် ထိန်းသိမ်းမှု ဆောင်ရွက်ခြင်း၊ အုတ်လိုင်နင်စီခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် ရေပိုမိုပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၂၀၄၁ ဧကထိ ရေပေးဝေနိုင်ခဲ့ပါ တယ်။ သို့ဖြစ်ပါ၍ ရေလေလွင့် ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရန်နှင့် မြောင်းများ၏ အရည်အသွေး တိုးတက် ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက် လျာထားဧက ပြည့်မီအောင် ဆောင်ရွက်သွားရန် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသို့ စီမံဆောင်ရွက်စေပြီး ဖြစ်ပါ တယ်။ ကျော့ဇီ လျှပ်စစ် မြစ်ရေတင် စီမံကိန်းအနေဖြင့် ယခုနှစ် ရန်ပုံငွေမှ ရေပေးတူးမြောင်းများကို ရရှိတဲ့ရန်ပုံငွေနဲ့ နိုဝင်ဘာလနှင့်ဒီဇင်ဘာလထဲမှာ ပြုပြင်မှုလုပ်ငန်းပြီးစီးမှာဖြစ်ပါတယ်။ ထိုလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရေသွင်းစိုက် ဧက ၂၅၀၀ အထိ တိုးတက်ရေပေးနိုင်မှာ ဖြ စ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လျှပ်စစ်ရေသောက်စနစ်ကို ဟန်ချက်ညီညီ ပီပီပြင်ပြင် ကောင်းမွန်အောင် ဆောင်ရွက်၍ စီမံကိန်းအပြည့်အဝ ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်သွား မှာ ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဆင်တဲဝ (သမက္ကူ)ဆည် တူးမြောင်းမကြီးမှ လျှပ်စစ် ရေတင် လုပ်ငန်းနှင့် ပတ်သက်တဲ့ မေးခွန်းကို ဆက်လက်ဖြေကြားမှာ ဖြစ် ပါတယ်။ တောင်သာမြို့နယ်၊ ဆင်တဲဝ(သမက္ကူ)ဆည် လျှပ်စစ်ရေတင်လုပ်ငန်း (ချောင်းဆုံ)၏ စက်မှုပိုင်း၊ လျှပ်စစ်ပိုင်းလုပ်ငန်းများနှင့် ဆက်စပ်တူးမြောင်းလုပ်ငန်းများကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ ရေသောက်ဧရိယာ ၅၀၀ ဧကခန့်ကို ဆင် တဲဝ(သမက္ကူ)ဆည် တူးမြောင်းမကြီးမှ ရေတင်စိုက်ပျိုး နိုင်ရန်

ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆင်တဲ၀(သမက္ကူ)ဆည်ကို ရေသောက်ဧရိယာ ဧက(၃၀၀၀) သို့ စိုက်ပျိုးရေပေးဝေရန် တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း မူလမျှော်မှန်းထားသည့်အတိုင်း ပြည့်မီအောင် ရေဝင်ရောက်မှု မရှိခြင်းကြောင့် နှစ်စဉ်ပျှမ်းမျှ မိုးစပါး၁၁၅၂ ဧကနှင့် နွေစပါး ၁၉၀ ဧက ခန့်ကိုသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြောင်းမကြီး RD ၂၆၀၀၀ ပေရှိ သဲဘုတ်မရေထုတ်မြောင်း ရေသွယ်လျှောက်အထက်ပိုင်းတွင် ၄၆၅ ဧကနှင့် ရေသွယ်လျှောက် အောက်ပိုင်းတွင် ၆၈၇ ဧက ပေါင်း ၁၁၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြောင်းမကြီး RD ၂၆၆၀၀ ပေရှိ လျှပ်စစ်ရေတင် စနစ်ဖြင့် ရေပေးဝေရမည့် ဧက ၅၀၀ ခန့်သည် ရေစုပ်စက်(၂)ဆင့်ဖြင့် ရေတင်ပေးရမည်ဖြစ်ပြီး စိုက်ပျိုးမြေများမှာလည်း သဲဆန်ပြီး ရေဆုံးရှုံးမှုများသော ယာမြေများ ဖြစ်ပါတယ်။ အဆိုပါ လျှပ်စစ်ရေတင်ဧရိယာ(၅၀၀)ဧကကို ဦးစားပေး ရေပေးဝေမည် ဆိုပါက သဲဘုတ် မရေသွယ် လျှောက်အောက်ပိုင်းရှိ မြင့်ရာမှနိမ့်ရာသို့ ရေစီးဆင်းသည့်စနစ် Gravity Flow ဖြင့် အလွယ်တကူ ရေပေးဝေနေသည့် (၆၈၇)ဧကကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ ဆည်ရေမလုံလောက် သဖြင့် လျှပ်စစ်ရေတင် ဧက(၅၀၀)ကို ရေမပေးဝေနိုင်ခြင်း ဖြစ်ပါတယ်။ ဆည်အတွင်း ရေဝင် ရောက်မှု ကောင်းမွန်၍ ရေလုံလောက်မှုရှိပါက လျှပ်စစ်ရေတင်ဧက (၅၀၀) ကိုလည်း ရေပေးဝေ နိုင်အောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။ အဆိုပါ ရေတင်ဧက(၅၀၀)သို့ ရေဝင်မှုကောင်းပြီး ရေပိုလျှံသည့် ဝဲလောင်ရေလှောင်တမံမှ ရေကူပေးနိုင်ရန် ဖြစ်နိုင်စွမ်း ရှိ/မရှိ လေ့လာတိုင်းတာခဲ့ရာ ဖြစ်နိုင်စွမ်းရှိပါသော်လည်း ကုန်ကျစရိတ်အလွန်များပြားမည်ဖြစ်ပြီး ကုန်ကျ စရိတ်နှင့် အကျိုး အမြတ် အချိုးမျှတမှု မရှိသည့်အတွက် ဆောင်ရွက်ခြင်း မပြုတော့ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဝဲလောင်ဆည် တူးမြောင်းမကြီး မှ လျှပ်စစ်ရေတင်လုပ်ငန်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဝဲလောင် (ကန်နီ) လျှပ်စစ် ဆည်ရေတင် လုပ်ငန်း၏ စက်မှုပိုင်း / လျှပ်စစ်ပိုင်း လုပ်ငန်းများနှင့် ဆက်စပ်ရေပေးတူးမြောင်းများကို ၂၀၁၁ ခုနှစ်၊ မေလမှာ ပြီးစီးခဲ့ ပါတယ်။ သို့ရာတွင် ဝဲလောင်ရေပေး မြောင်းမကြီး RD-8600 ပေရှိ ရေသွယ်လျှောက်မှာ ဂီရိမုန်တိုင်းကာလ အတွင်းပျက်စီးသွားခဲ့သဖြင့် သံမဏိ သံပေါင်များဖြင့် အခိုင်အမာ ပြ န်လည်တည်ဆောက်လျက်ရှိရာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပြီးစီး မှာ ဖြစ်ပါတယ်။ ဝဲလောင်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားပြီးဖြစ်၍ ကန်နီ လျှပ်စစ်ရေတင် လုပ်ငန်းရှိ ရေသောက်ဧရိယာများကို ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။ လျှပ်စစ် ဆည်ရေတင်

လုပ်ငန်းတွင် တပ်ဆင်ထားတဲ့ စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ၏ စက်စွမ်းရည် အရ ရေသောက်ဧရိယာယာသီးနှံ(၅၀၀)ဧကကိုသာ ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ရေပေးဝေသည့်အခါ ပိုလျှံသော ရေများကို ပတ်ဝန်းကျင်ဒေသ အနီးအနားကျေးရွာသို့ သောက်သုံးရေအဖြစ် ပေးဝေသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း၏ မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါးနှင့် ဆိတ်ကျွန်းရေထိန်းတံခါးတို့၏ အောက်ဘက် ရေဆင်းလမ်းကြောင်းသည် တိမ်ကောလာသည့် အတွက် နှစ်စဉ်မိုးတွင်းကာလ၌ စိုက်ပျိုးပြီးလယ်ယာမြေများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်စီမံထားသည်ကို သိရှိလိုပါသည် ဆိုသောမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြား မှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်အတွင်းရှိ မရမ်းကုန်းရေထိန်းတံခါးနှင့် ဆိတ်ကျွန်းရေထိန်းတံခါးများကို တည်ဆောက်ရခြင်းမှာ မရမ်းကုန်းချောင်းနှင့် ဆိတ်ကျွန်းချောင်း ဝန်းကျင်ရှိ ရေကြီးရေလွှမ်းကွင်းများတွင် ပင်လယ်ဒီရေတက်ချိန်၌ ဒီရေများ ကုန်းတွင်းသို့ ဝင် ရောက်မှု မရှိစေရန်၊ ပင်လယ်ဒီရေ ကျချိန်တွင် ကုန်းတွင်းမှပို လျှံသောရေများကို ထုတ်နုတ် ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းမိုးမှုမှသက်သာစေရန်၊ မိုးနှောင်းကာလတွင် မိုးစပါးအောင် ရေဖြည့်ဆည်းပေးနိုင်ရန်၊ နွေရာသီတွ င် ရေချိုသိုလှောင်ပြီး နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ပင်လယ်ရေငန်နှင့် ရေငန်နုန်းများကို ကွင်းများအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့် ရေနုတ်မြောင်းများ တိမ်ကောခြင်းမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဆိုပါရေတံခါး (၂)ခုမှာ ပင်လယ်နှင့် အတန်အသင့်ဝေးသည့် နေရာတွင် တည်ရခြင်းကြောင့် နွေရာသီပင်လယ် ဒီရေတက်စဉ်ကာလများ၌ ရေတံခါး၏ အောက်ခြေဖက်ချောင်းတွင် နုန်းထိုင်မှုများကို နှစ်စဉ်ကြုံတွေ့ နေရခြင်း ဖြစ်ပါတယ်။ ရေထိန်းတံခါးများကို ပင်လယ်ဝနှင့် အလှမ်းကွာဝေးသည့်နေရာတွင် တည်ဆောက်ရခြင်းမှာ ပင်လယ်ကမ်းစားမှုကြောင့် ရေထိန်းတံခါးများကိုမထိခိုက်စေရန်နှင့် အောက်ခံမြေသား ကောင်းမွန်သည့် နေရာတွင် ရွေးချယ်တည်ဆောက်ရခြင်း ဖြစ်ပါသည်။ ဒီနေရာမှာ သာဓက (၁)ခုအနေနဲ့ တင်ပြလိုတာက သထုံမြို့နယ် ပိုင်ကျုံရေတံခါးပျက်စီးမှုနဲ့ ပတ်သက်ပြီးတော့ တင်ပြလိုပ ါတယ်။ ဒီရေတံခါးကို တည်ဆောက်စဉ်က ပင်လယ်ကမ်းနဲ့(၁)မိုင်ခွဲလောက် ကွာဝေးပါတယ်။ ဒါပေမယ့် ပျက်စီးတဲ့အချိန်ကျတော့ ပင်လယ်

ကမ်းက ရေတံခါးနီးလောက်ထိ ရောက်လာပြီးတော့ ရေတံခါးကမမျှော်လင့်ပဲနဲ့ သဘာဝဘေးဒဏ်ကြောင့် ပင်လယ်ကမ်းစားပြီးတော့ ပြိုသွားတဲ့ အနေအထားရှိပါတယ်။ ဒီသာဓကတွေလည်းရှိတဲ့အတွက်ကြောင့် အတတ်နိုင်ဆုံး အခြေခံကောင်းတဲ့နေရာမှာ ကျွန်တော်တို့ရွေးချယ်တည်ဆောက်ရခြင်းဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။ နှစ်စဉ်မိုးကုန်လျှင် ပင်လယ်ရေကျချိန်တွင် ရေတံခါးကြီးအောက်ဖက် ချောင်းမှာ နုန်းများကို ဖယ်ရှားရန်အတွက် ရေချိုသိုလှောင်ခြင်း မပြုမီကာလတွင် ရေတံခါးကို ဖွင့်၍ ရေများလွှတ်ပေးခြင်းဖြင့် လည်းကောင်း၊ မိုးတွင်းကာလ၌ မိုးရေနှင့်ကွင်းရေများကို ထုတ်နုတ် ပေးခြင်းဖြင့်လည်းကောင်း၊ မြောင်းအတွင်းတင်ကျန်သည့် နုန်းများ ကိုအတိုင်းအတာ တစ်ခုအထိ လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ နှစ်စဉ်ထိုကဲ့သို့ရေတံခါးဖွင့်ပိတ်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် နုန်းများကို ဖယ်ရှားပေးသည့် နည်းလမ်းအပြင်၊ တိမ်ကောလာသည့် ရေထုတ်လမ်းကြောင်းကိုလည်း အခြေအနေပေးသည့် အပေါ်မူတည်၍ တူးဖော်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းနဲ့ ပတ်သက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း၏ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် အတွင်းရှိ ကျိုက္ကသာကျေးရွာမှ ကော့ထင်းကျေးရွာအထိ ရေငန်တား တာတမံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဟူသောမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားပါ့မယ်ခင်ဗျား။မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာကျေးရွာ မှ ကော့ထင်းကျေးရွာအထိ ရေငန်တား တာတမံ တည်ဆောက်မည်ဆိုပါက အလျား (၈)မိုင်ခန့် ရှိမည်ဖြစ်ပြီး ချောင်းရိုး မြောင်းရိုး(၂၀)ခုခန့်ကို ကျော်ဖြတ်ရမည်ဖြစ်၍ ရေတံခါးများ လည်း လိုအပ်မည်ဖြစ်ပါတယ်။ အဆိုပါ ရေငန်တား တာတည်ဆောက်မည့်နေရာသည် စစ်တောင်းမြစ်ကမ်းနံဘေးဖြစ်ပြီး သောင်နုမြေများဖြစ်ခြင်း၊ ကမ်းတည်ငြိမ်မှု မရှိသေးခြင်းတို့ကြောင့် လက်ရှိအနေအထားတွင် တာတမံတ ည်ဆောက်ရန် မသင့်လျော်သေးကြောင်းလေ့လာတွေ့ရှိရပါတယ်။ယခုနှစ် မိုးကာလတွင်လည်း မလေ့ချောင်းသောင်နုမြေတွင်စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများ ဖြစ်ပွားခဲ့ရာ လယ်မြေ (၁၁၀၀)ဧကခန့် ဆုံးရှုံးခဲ့ ရပါတယ်။ သို့ဖြစ်ပါ၍ အဆို ပါ ရေငန်တား တာတမံ တည်ဆောက်ပေးနိုင်ရန် အတွက် ကမ်းတည်ငြိမ်မှုအခြေအနေကို စောင့်ကြည့်လေ့လာပြီး အခြေအနေပေးသည့် အပေါ်မူတည်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားပါ့မယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ၏ ဟင်္သာတခရိုင် မဲဆန္ဒနယ်အမှတ်(၆)တွင် ပါဝင်သည့် ကြံခင်းမြို့နယ်တွင်လည်း ကွန်ချောင်းရေလှောင်တမံကြီးရှိ ရေချပေါက် များရှိနေသည့်အတွက် မြန်အောင်မြို့နယ်ကဲ့သို့ ကြံခင်းမြို့နယ်တွင် လည်း ကွန်ချောင်းတမံမှ (က) သင့်တော်သော အခြေအနေပေးသည့် ရေချပေါက်များ၌ အသေးစားရေအားလျှပ်စစ် တာဘိုင်များထိုင်၍ ဆက်စပ်ကျေးရွာများသို့ မီးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိနှင့် (ခ) ပေးနိုင်မည်ဆိုပါက အနီးစပ်ဆုံး မည်သည့်ကာလတွင် စတင်အကောင်အထည် ဖော်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရီ၏ မေးခွန်းတွင် မေးခွန်း(၂)ပိုင်း ပါဝင်ကြောင်းတွေ့ရပါတယ်။ ပထမမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရလျှင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်တွင်ရှိသော ကွန်ချောင်း ရေလှောင်တမံ တူးမြောင်းမကြီး RT(၅၄၀၀)ပေမှ RT(၈၆၀၀၀)ပေ အတွင်းရှိ ရေချပေါက်များနှင့် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရန် အခြေအနေပေးသည့် ရေချပေါက်အမှတ် (၁)၊ (၆)၊ (၇)၊ (၉)၊ (၁၂)၊ (၁၅)နှင့် (၂၁)(က) တို့တွင် ရေအားလျှပ်စစ်(၃) ကီလိုဝပ် ထုတ်လုပ်နိုင်သည့် တာဘိုင်(၇)လုံးအား တပ်ဆင်၍ သစ်ဆိပ်ကိုင်း၊ ရှား ဘို၊ ဝန်ထောက် ကွင်း၊ အု တ်ဖို၊ ကြို့ ကုန်း၊ အင်းကောက်နှင့် ကိုးတောင့် စသည့်ကျေးရွာအုပ်စု (၇)စုရှိ အိမ်ထောင် စုပေါင်း(၃၆၉)စု တို့အတွက် လျှပ်စစ်မီးပေးဝေနိုင်ရန် ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ အတွင်းတွင်ဆောင်ရွက်ရန် စီမံထားပြီး ဖြစ်ပါတယ်။ ဒုတိယမေးခွန်းနဲ့ ပတ်သက်၍ လိုအပ်သည့် အကြိုပြင်ဆင်မှုနှင့် အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသဖြင့်၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ရေအားလျှပ်စစ်တာဘိုင်များ တပ်ဆင်ပြီး လျှပ်စစ်မီးပေးဝေနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**ဒုတိယ ဥက္ကဋ္ဌ။** ။ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု လွှတ်တော် ကိုယ်စားလှယ် (၄)ဦးက မေးမြန်းတဲ့ မေးခွန်းများသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေး ခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တ စ်ဆက်တည်း

မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဌေ့ယိန်းက ပလက်ဝမြို့နယ်တွင် GSM, CDMA ကဲ့သို့ အဝေးအနီးဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးစနစ် ကိ ရိယာတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ပလက်ဝမြို့နယ်တွင် GSM၊CDMA ကဲ့သို့ အဝေးအနီးဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးစနစ် ကိရိယာတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၄း၃၁။**

**ဦးဌေ့ ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)**။ ။ လေး စားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် GSM၊ CDMA ကဲ့သို့သော အနီးအဝေး ဆက်သွယ်ပြောဆိုနိုင်သည့် ဆက်သွယ်ရေးစနစ် ကိရိယာတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မြို့နယ်ကိုယ်စားမေးမြန်းမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မေးမြန်းရမယ့် အကြောင်းအရာနှင့် ပတ်သက်ပြီးတော့ ဖတ်ကြားတင်ပြခွင့် ပြုစေလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်ဟာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းမဟုတ်တဲ့အတွက် ဝေါဟာရအခေါ်အဝေါ် လွဲမှားမှုရှိခဲ့ရင် ခွင့်လွှတ်ပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်။ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ ပလက်ဝမြို့မှာ ပြည်တွင်း၊ပြည်ပဆက်သွယ်လို့ရတဲ့ ကြေးနန်းနဲ့ တယ်လီဖုန်း Exchange ရှိပါတယ်။ ပုဂ္ဂလိက Internet Caffee တွေလည်း ရှိပါတယ်။ ဒါကြောင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနဲ့ မြို့ပေ ါ်ရှိ ငွေကြေးတတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ ဖုန်းတွေရှိကြပါတယ်။ ၎င်းဖုန်းများရှိခြင်းကြောင့်လည်း မြို့နယ်အတွင်းတွင် ပြည်သူလူထုများ အထိုက်အလျောက်အားဖြင့် လူမှုကိစ္စအဝဝ မိမိအခက်အခဲများအတွက် ဆက်သွယ်ပြေလည်မှုရရှိလို့ နိုင်ငံတော်အစိုးရကိုများစွာ ကျေးဇူးတင်လျက်ရှိကြပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ပလက်ဝမြို့နယ်ရဲ့ ဒေသန္တရအခြေအနေကို အကျယ်မချဲ့ပြောလိုသော်လည်း ယခုလက်ရှိအခြေအနေကို အနည်းငယ်ဖြေဆိုပါတယ်။ အားလုံးသိကြတဲ့အတိုင်း ပလက်ဝမြို့နယ်ဟာ

ယခုအကောင်အထည်ဖော်ဆဲ အိန္ဒိယ -မြန်မာအစိုးရချင်း အဆင့်မြင့်ကုန်သွယ်ရေး စီမံကိန်း ဖြစ်တဲ့ စစ်တွေရေနက်ဆိပ်ကမ်းနဲ့ မီဇိုရန်ပြည်နယ်ကို ဆက်သွယ်မယ့်ရေကြောင်း၊ ကုန်းကြောင်း ဖောက်လုပ်သည့် စီမံကိန်းလမ်းကြောင်း ပေါ်မှာတည်ရှိပြီး အိန္ဒိယ-မြန်မာ-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံတြိဂံနယ်မြေဒေသ ဖြစ်ပါတယ်။ သဘာဝအားဖြင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းလမ်းကိုသာ အဓိကအားထားပြီး ကူးသန်းသွား လာရပါတယ်။ တစ်ရွာ နဲ့တစ်ရွာ လှေ့မြောင်တောင်ကြားသွားလာ ဆက်သွယ်ရပါတယ်။ တောတောင်စိမ့်စမ်းရေတံခွန်ပေါများပြီး အသေးစား၊ အလတ်စား ရေအားလျှပ်စစ်ထုတ်ယူ ရရှိနိုင်တဲ့မြို့နယ် ဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းရဲ့ လိုရင်းကိုပဲ ပြောပါတော့မယ်။ ယခုအခါ ကမ္ဘာတစ်ဝန်း ဆက်သွယ်ရေးကွန်ယက် တိုးတက်ကောင်းမွန်ပြီး လူတစ်ဦးချင်းစီရဲ့ ဆက်သွယ်ရေးစနစ် အလွန် လွယ်ကူတဲ့ IT ခေတ်ကြီးမှာ ကျွန်တော်တို့ ပလက်ဝ မြို့နယ်မှာတော့ GSM၊ CDMA ကဲ့သို့သော လက်ကိုင် Mobile Phone များ ဆက်သွယ်ရေး အသုံးပြုလို့ မရသေးပါဘူး ခင်ဗျား။ CDMA ကမ်းရိုးတန်းဆက်သွယ်ရေး တာဝါတိုင် စက်ပစ္စည်းကြီးဟာ (၁၀)မိုင် ပတ်လည် ဧရိယာကိုသာ ဆက်သွယ်လို့ရတယ်လို့ သိရှိရပါတယ်။ ထိုကြောင့် မြို့ နယ်ဧရိယာ (၃၁၂၆)စတုရန်းမိုင် ကျယ်ဝန်းတဲ့ ကျွန်တော် တို့ပလက်ဝမြို့နယ်အတွက် ၄င်း CDMA ဆက်သွယ်ရေးစက်ပစ္စည်း အနည်းဆုံး(၃)ခု သို့မဟုတ် (၄)ခုလောက်ချထားပေးရန် လိုအပ်မယ်လို့ ထင်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ဆက်သွယ်ရေးစနစ် စက်ပစ္စည်း တပ်ဆင်ပေးမည်ဆိုပါက လက်ကိုင် Mobile Phone များဝယ်ယူကြမယ့် လူတွေများစွာရှိပါတယ်။ နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပလက်ဝ မြို့နယ်တွင် GSM၊ CDMA ကဲ့သို့သော အနီးအဝေး ဆက်သွယ်ပြောဆိုနိုင်တဲ့ ဆက်သွယ်ရေး ကိရိယာ တပ်ဆင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် တပ်ဆင်ပေးမည်ဆိုပါက စက်ပစ္စည်း အရေအတွက်မည်မျှနဲ့ တိုတောင်းဆုံး အချိန်အတွင်း ဆောလျင် စွာအကောင်အထည်ဖော် စီစဉ် ပေးနိုင်မည်ဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောတောင် ပေါ်ဒေသများကို GSM Mobile ဖုန်းကွန်ယက် လွှမ်းခြုံမှုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၃၃။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးနိန်းခင်းပေါင် က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသများကို GSM mobile ဖုန်း ကွန်ယက်လွှမ်းခြုံမှုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၆။**

**ဦးနိမ်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေး စားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်တကွ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) တွန်းဇံမြို့နယ်မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဆက်သွယ်ရေး၊ GSM Mobile Phone ကွန်ယက်လွှမ်းခြုံပေးနိုင်မှု အခြေအနေကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းကို ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးနိမ်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တစ်နိုင်ငံလုံး ဆက်သွယ်ရေး အသုံးစရိတ် တိုးမြှင့်ပြီး သန်း နဲ့ ချီအောင် တယ်လီဖုန်းလိုင်းများ တိုင်းဒေသကြီးနဲ့ ပြည်နယ် မြို့ကြီးများတွင် တိုးချဲ့တပ်ဆင်လျက်ရှိနေသည်မှာ ကိုယ်စားလှယ်ကျွန်တော်နှင့်တကွ မိမိကိုဆန္ဒမဲပေးကြသော မဲဆန္ဒရှင် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအပေါ် များစွာ နှစ်ထောင်းအားရ ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ မိမိတို့မြို့နယ်ဟာ သာဓကအားဖြင့် ပြောရရင် အိန္ဒိယနိုင်ငံနဲ့ နယ်နိ မိတ်ချင်းထိစပ်လျက်ရှိသော မြို့နယ်ဖြစ်သည့် အားလျော်စွာ တ စ်ဖက်နိုင်ငံ ကျေးရွာသူကျေးရွာသားများမှ Phone များကို စျေးနှုန်းချိုသာစွာဖြင့် ကိုင်တွယ်အသုံးပြုကြခြင်းမှာ မိမိတို့နိုင်ငံဘက်မှ နှစ်များစွာ

ကတည်းက လိုချင်တပ်မက်ခဲ့ရတဲ့ အခြေအနေရှိခဲ့ရပါတယ်။ ကုန်ကျစရိတ်မှာလည်း မြန်မာကျပ်ငွေဖြင့် (၃)သောင်းကျော်ဝန်းကျင်သာ ကုန်ကျတာဖြစ်၍ ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ အထိုက်အလျောက် မြှင့်တင်ပေးသော အသုံး အဆောင်ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအချိန်တွင် ပြည်ထောင်စု ဆက်သွယ်ရေးဝန်ကြီးမှ တိုးချဲ့ အကောင်အထည်ဖော်နေသော ဆက်သွယ်ရေး GSM Mobile Phone ကွန်ယက်ကို လမ်းပန်းဆက် သွယ်ရေးသွားလာရေး ခက်ခဲသော မိမိတို့ တောင်ပေါ်ဒေသနေ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ယက်လွှမ်းခြုံပေးနိုင်ရေးကို သိရှိ လိုပါ၍ မေးမြန်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တွန်းဇံမြို့နယ် မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာ ဆက်သွယ်ရေးGSM Mobile Phone ကို တိုးချဲ့ တပ်ဆင်ဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းသိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင်ဆောင်ရွက်ပေးမည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စားမေးမြန်း သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာ့ဆက်သွယ်ရေးဌာန ကြိုးဖုန်းများသည် ဆက်သွယ်ရေးပြတ်တောက်မှုများ မကြာခဏ ကြုံတွေ့နေရခြင်းကို မည်သည့်နည်းဖြင့် အမြန်ဆုံးဆက်သွယ်ရရှိအောင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၄၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးသက်နိုင်ဦးက မြန်မာ့ဆက်သွယ်ရေးဌာန ကြိုး ဖုန်းများသည် ဆက်သွယ်ရေးပြတ်တောက်မှုများ မကြာခဏကြုံတွေ့နေရခြင်းကို မည်သည့်နည်းဖြင့် အမြန်ဆုံးဆက်သွယ်ရရှိအောင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဦးသက်နိုင်ဦး၊ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ် တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ အချိန် ကို လေးစားသောအားဖြင့် ကျွန်တော့်အနေနဲ့ စာဖြင့်ဖတ်ကြားမေးမြန်းခွင့်ပြုပါခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသက်နိုင်ဦး၊ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာ့ဆက်သွယ်ရေး ၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနဲ့ သက်ဆိုင်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးဌာန ကြိုးဖုန်းများဟာ မကြာခ ဏဆိုသလို ဆက်သွယ်ရေး ပြတ်တောက်ပြီးတော့ အခြေ အနေအမျိုးမျိုး ကြုံတွေ့နေရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ရန်ကုန် - မန္တလေးကားလမ်းဟောင်းတစ်လျှောက်မှာ တယ်လီဖုန်းကြိုးများ သွယ်တန်းထားတာကို မြင်တွေ့နေရပါတယ်။ အချို့နေရာများမှာ ကားလမ်းများ ကို ဖြတ်ကျော်ပြီးတော့ သွယ်တန်းထားပါတယ်။ အဲဒီအချိန်မှာ ကုန်တင်ယာဥ်ကားကြီးများရဲ့ အမိုးများ မလွတ်ပဲနဲ့ တိုက်မိပြီးတော့ ပြတ်တောက်ခဲ့ခြင်း၊ ဆက်သွယ်ရေးတိုင်များကလည်း မကြာခဏဆိုသလို ယိုင်လဲပြီး ပြတ် တောက်မှုများဖြစ်ခြင်းကြောင့် မကြာခဏတိုင်ပေါ် တက်ပြီးတော့ ဆက်သွယ်ပေးနေရတယ်။ကြိမ်ဖန်များလာတော့ အဲဒီကြိုးများဟာ စာသိုက်ပမာမြင်မကောင်းအောင် အမျှင်များထွက်ပြီးတော့ ရှုပ်ပွနေတာကို တွေ့မြင်ရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ် (၆) ဖြူးမြို့နယ်အတွင်းနဲ့ ဖြူး၊ ဇေယျဝတီ၊ အုတ်ဖြတ်၊ ကညွတ်ကွင်း ဒေသမှ ဆက်သွယ်ရေး ကြိုးလိုင်းများ ပြတ်တောက်ခြင်း၊ လိုင်းများမကြည်လင်ခြင်း၊ ပြတ်တောက်ခဲ့သောကြိုးများအတွက် ပိုင်ရှင်များ မှသက်ဆိုင်ရာဌာနများကို အကြောင်းကြားခဲ့သော်လည်း တစ်ပတ်ကြာတယ်။ တစ်ခါတစ်ရံကျရင် တစ်လကြာတယ်။ ပြီးမှ ဆက်သွယ်မှု ပြန်လည် ရရှိပြီးတော့ ဆက်သွယ်ပေးတဲ့၊ ဥပမာအားဖြင့် တိုင်တက်ပေးတဲ့သူကို အခကြေးငွေဖြင့် ကြိုးလဲရခြင်းအတွက် ဆိုပြီးဘာလုပ်ရသည်၊ ညာလုပ်ရသည် ငွေတောင်းခံခြင်းများလည်း ရှိလာပါတယ်။ဒါ့ကြောင့်မို့လို့ ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနသို့ အောက်ပါနှစ်ချက်ကို သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ (၁)ကြိုးဖုန်းများဆက်သွယ်ရေးမှာ ရေရှည် ပြုပြင် ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ Cable အမြင်မတော်မှုများ မသေသပ်မှုများရှိသဖြင့်ကြိုးများ လဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ။(၂) ဆက်သွယ်မှု ပြတ်တောက်ပါက အမြန်ဆုံး ဆက်သွယ်မှုရရှိအောင် အချိန်တိုအတွင်း ဆက်သွယ်ခြင်းမှာ မည်သည့်နည်းနှင့် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လို င်းဖုန်းများအား ကြိုတင်သတိပေး စနစ်နှင့် ငွေသွင်းပြီးပါက တစ်နာရီအတွင်း ပြန်လည်ဖွင့်ပေးနိုင်သောစနစ် ကျင့်သုံးပေးနိုင်ခြင်း ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၄၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုင်းဖုန်းများအား ကြိုတင်သတိပေး စနစ်ဖြင့် ငွေသွင်းပြီးပါက တစ်နာရီအတွင်း ပြန်လည်ဖွင့်ပေးနိုင်သောစနစ် ကျင့်သုံးပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၄။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ။ ကြိုးဖုန်းလို့ခေါ်တဲ့ လိုင်းဖုန်းတွေက လ က်ကိုင်ဖုန်းတွေ မမိတဲ့နေရာတွေ၊ မပီသတဲ့ နေရာတွေမှာ အလွန်ပဲ အကျိုးရှိပါတယ်။ ကြိုးဖုန်းတွေက ပီပီသသနဲ့ကြားရလို့ ပြည်သူတွေအတွက် အင်မတန်မှလည်းအသုံးဝင်ပါတယ်။ ဒါပေမယ့် ကြိုတင်သွင်းထားတဲ့ ဖုန်းပြောဆိုခ (char ges) ငွေပြည့်သွားတဲ့အခါ သတိပေးစနစ်မရှိပဲနဲ့ ရုတ်တရက်ဖြတ်ချလိုက်တဲ့အတွက်ပြည်သူလူထုကအင်မတန်မှ ကသိကအောက်ဖြစ် ကြရပါတယ်။ ကျွန်တော်တို့ ပြည်သူအများစုကလည်း ငွေလက်ကျန်ကို မမေးမိကြတာလည်း ရှိပါတယ်။ ဒါ့ကြောင့်မို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ သတိပေးစနစ်ဆိုတဲ့Warnnin g စနစ်ကို တစ်ကြိမ် နှစ်ကြိမ်လောက်ပေးပြီးမှ ပိတ်စေလိုပါတယ်ခင်ဗျား။ ဒါ့အပြင်သက်ဆိုင်တဲ့ နေရာကို ဖုန်းပြောဆိုခ ဖုန်းဘီလ် အမြန်သွားရောက် ပေးသွင်းပါသော်လည်း ချလန်ပဲ လက်ခံရရှိပြီး တော်ရုံနဲ့ဖုန်းက ပွင့်မလာပါဘူး၊ တစ်ခါတစ်လေ (၄၈)နာရီ ကျော်လောက်ကြာမှ ပြန်ဖွင့်ပေးတာတွေလည်း ရှိပါတယ်။ ဖုန်းဘေလ်ပေးပြီးတာနဲ့ (၁)နာရီအတွင်း ဖြစ်နိုင်ရင်ချက်ချင်းဖွင့်ပေးမယ်ဆိုလို့ရှိရင် ဒီစနစ်တွေဟာ ဘယ်တော့လောက်များ ဖြစ်နိုင်မလဲဆိုတာ သိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ မေးခွ န်းများနဲ့ပတ်သက်ပြီး ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၄း၄၅။**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန)**

။ ။ ပထမဦးစွာ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအား ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သရင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးယိန်းနဲ့ အလားတူပဲ ဦးဆလိုင်းခွဲယန် တို့ကလည်းပဲ မေးမြန်းထားပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ပထမဦးဆုံး မေးခွန်းကိုဖြေကြားသွားပါ့မယ်။ ချင်းပြည်နယ် ပလက်ဝမြို့မှာ လိုင်းအင်အား (၅၀)ပါ တရုတ်နိုင်ငံလုပ် လက်လှည့်အိတ်ချိန်းတစ်ခုကို တပ်ဆင်ထားရှိပြီးတော့ လိုင်းခွဲတယ်လီဖုန်း (၃၀)လိုင်း တပ်ဆင်သုံးစွဲ နေပါတယ်။ ဒီအိတ်ချိန်း အဝေးဆက်သွယ်မှု ရရှိဖို့အတွက် ရန်ကုန် ဖုန်းလိုင်း(၄)လိုင်း ပါဝင်သော MPT Satellite Terminal (၁)စုံတပ်ဆင် ထားပြီးတော့ အများပြည်သူသုံး တယ်လီဖုန်းစခန်း PCO တစ်ခုဖွင့်လှစ်ပေးထားပါတယ်။ ပလက်ဝမြို့ စုစုပေါင်း MPT Satellite Terminal (၆)စုံ တပ်ဆင်ထားရှိပါတယ်။ ပလက်ဝမြို့ မှာ ခုန ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့GSM သို့မဟုတ် CDMA တယ်လီဖုန်း ဘယ်တော့ ပြောနိုင် မလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားရရင် ပလက်ဝမြို့မှာ လိုင်း (၇၅၀)ပါ မိုဘိုင်း တယ်လီဖုန်းတပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာလမှာ စပြီးတော့ မြေနေရာရွေးချယ်သတ်မှတ်ခြင်း စက်မှုအဆောက်အဦဆောက်လုပ်ခြင်း၊ တာဝါဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ ရေဒီယို စက်ပစ္စည်းများ ပို့ဆောင်ခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်နေပါတယ်။ ဒီလုပ်ငန်းများ ဆောင်ရွက်ပြီးတော့ ဒီဇင်ဘာလ စတုတ္ထအပတ်လောက်မှာ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ မိုဘိုင်းဖုန်းကို စတင်အသုံးပြုနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုမိုဘိုင်းဖုန်း တပ်ဆင်ခြင်းလုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့ အဝေးဆက်ကြောင်းများ တည်ဆောက်ပြီးတော့ အော်တို တယ်လီဖုန်း ၊ အိတ်ချိန်း တပ်ဆင်ခြ င်း လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်း ခင်းပေါင် ရဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တွန်းဇံမြို့မှာ ကျွန်တော်တို့

CDMA (၄၅၀)လိုင်း (၇၅၀)တပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာလဃထမအပတ်မှာ ကျွန်တော်တို့ မြေနေရာ ရွေးချယ်ပြီးဖြစ်ပါတယ်။ ခုနအတိုင်းပဲ ကျွန်တော်တို့ လိုအပ်တဲ့ Infrastructure တွေ တည်ဆောက် ပြီးတော့ နိုဝင်ဘာလ စတုတ္ထအပတ်မှာ စတင်ပြီးတော့CDMA(၄၅၀) မိုဘိုင်းဖုန်းကို အသုံးပြုနိုင်မှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ တွန်းဇံမြို့ GSM လိုင်း(၇၀၀)တပ်ဆင်ခြင်း လုပ်ငန်းကို ယခုကျွန်တော်တို့ ဆောင်ရွက်နေတဲ့ GSM မိုဘိုင်းဖုန်း တိုးချဲ့ခြင်းစီမံကိန်း ဒုတိယနှစ်မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ရဲ့မေးခွန်းကို ကျွန်တော်ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ဦးသက်နိုင်ဦးရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွ န်တော်တို့ ကြိုးဖုန်း ဆက်သွယ်ရေးမှာ ရေရှည်ပြုပြင် ထိန်းသိမ်းခြင်းမှာ သက်ဆိုင်တဲ့ Cable မသေသပ်ခြင်း အမြင်မတော်မှုများရှိရင် ကြိုးများလဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ ဆက်သွယ်မှုပြတ်တောက်ရင် ဆက်သွယ်နိုင်အောင် အချိန်တို အတွင်း မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိလိုပါတယ်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကြိုးဖုန်းဆက်သွယ်ရေးမှာ ပျက်စီးချို့ယွင်းသွားတဲ့ Cable ကြိုးတွေ အစားထိုး လဲလှယ်ပေးနိုင်ဖို့အတွက် ဝန်ကြီးဌာနရဲ့ နှစ်စဉ်ငွေလုံးငွေရင်း ရန်ပုံငွေမှာ ထည့်သွင်းပြီးတော့ လျာထားပါတယ်။ ခွင့်ပြုချက်ရရှိတဲ့ ရန် ပုံငွေအတိုင်းအတာဖြင့် အစားထိုး လဲလှယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်သွားပါတယ်။ တယ်လီဖုန်းတိုင်တွေ၊ Cable ကြိုးတွေကို ဝယ်ယူပြီးတော့ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ခွဲ ဝေပြီးတော့ ချို့ယွင်းပျက်စီးသွားတဲ့ တိုင်တွေ၊ Cable ကြိုးတွေကို လဲလှယ်ပေးပါတယ်။ တယ်လီဖုန်းဆက်သွယ်မှု ပြတ်တောက်မှုဖြစ်ရင် ဒေသအတွင်း တယ်လီဖုန်းချို့ယွင်းမှု တိုင်ကြားနိုင်ဖို့အတွက် သက်ဆိုင်ရာ Auto Exchange complain ဆိုပြီးတော့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ထို့အတူပဲ ပြည်နယ်နှင့်တိုင်းဒေသကြီး မန်နေဂျာ ရုံးများမှာ တယ်လီဖုန်း ချို့ယွင်းမှုကို တိုင်ကြားနိုင်ဖို့အတွက် Complain ဖုန်း ၁၀၂ ကို ထားရှိ ပြီးတော့၊ နံပါတ် ၁၀၂ ကိုနှိပ်လိုက်လို့ရှိရင် Complain မှာဆိုရင် သူ့ဖုန်းဘာဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ချက်ခြင်းပြောလို့ရပါတယ်။ အဲဒီက မှတ်တမ်းတင်ပါတယ်။ မှတ်တမ်းတင်ပြီးတော့ သက်ဆိုင်ရာလုပ်ငန်းဌာနကို ဖုန်းပျက်နေတယ်လို့ပြောတယ်၊ ပြင်ပေးပါဆိုပြီးတော့ လှမ်းအကြောင်း ကြားပါတယ်။ ဒါဟာ ကျွန်တော်တို့ Local ဖြစ်ပါတယ်။ နေပြည်တော်မှာ ဗဟိုဆက်သွယ်ရေး

တိုင်ကြားမှု Complain ဖုန်း ဒါက ၁၀၆ ကိုနှိပ်လိုက်ရင် အဲဒီကို ရောက်ပါတယ်။ ၁၀၆ ကို နှိပ်လိုက်လို့ရှိရင် ကျွန်တော်တို့ တိုင်းဒေသကြီး က Local ကပြင်မပေးသေးဘူးဆိုလို့ရှိရင် ၁၀၆ ကို နှိပ်လိုက်ပြီးတော့ ကျွန်တော်တို့ ဒါမြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး၊ ဒုတိယဝန်ကြီး၊ ဝန်ကြီးတို့ထံ ရောက်ရှိပြီးတော့ ဘာကြောင့်ပြင်မပေး သေးတာလဲ ဆိုတဲ့ဟာကို ဆောင်ရွက်ပြီးတော့ ပြင်ပေးစေတာဖြစ်ပါတယ်။ တိုင်ကြားမှုရရှိမယ်ဆိုလို့ရှိရင် အမြန်ဆုံး ပြန်လည် ဆက်သွယ်ရရှိနိုင်ဖို့အတွက် သက်ဆိုင်ရာ ကျွန်တော်တို့ မြို့ဌာနကို ဒီကနေပြီးတော့ ညွှန် ကြား သွားမှာ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မှာ မြန်မာနိုင်ငံထံတစ်ဝန်းလုံး ကျွန်တော်တို့ အော်တိုတယ်လီ ဖုန်းလိုင်းပေါင်း က ၇၅၀၀၀ ပဲရှိပါတယ်။ ဒီအချိန်မှာ တယ်လီဖုန်းလိုင်းပေါင်း ၅၉၀၀၀၀၊ ဒါ လိုင်းဖုန်းဖြစ်ပါတယ်။ တယ်လီဖုန်းလိုင်း၊ လိုင်းဖုန်း ၅၉၀၀၀၀ ခန့် တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အင်အား ကတော့ မူလအင်အားနဲ့ပဲ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆော င်ရွက်နေတဲ့ အတွက် ဆက်သွယ်ရေးပြတ်တောက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာရင်အချိန်တိုအတွင်းချက်ခြင်း ဆောင်ရွက် နိုင်တာ မရှိတဲ့အတွက် အနည်းငယ်ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုနှစ်ပဲခူးတိုင်းမှာ ရာသီဥတုအရ မိုးများခဲ့တဲ့အတွက် ယခုကဲ့သို့လ ည်း ဖြစ်ပါတယ်။ တယ်လီဖုန်းလိုင်း ချို့ယွင်းမှု ဆိုင်ရာ အဝေးဆက်သွယ်မှုစနစ် ပြတ်တောက်ခဲ့လျှင် နောက်တစ်ခါ ကျွန်တော်တို့ နယ်အဝေး ခေါ်ဆိုမှု ပြတ်တောက်တာရယ်၊ ကျွန်တော်တို့ သဘာဝဘေးအန္တရာယ် မိုးကြိုးနဲ့ကြုံလို့ အိတ်ချိန်း ပျက်စီးမှု ဖြစ်ပေါ်တာရယ်၊ အိတ်ချိန်းမှာရှိတဲ့ တယ်လီဖုန်းတွေအားလုံး ဆက်သွယ်မှု ပြတ်တောက် တာရယ်၊ မြို့တွင်း ကေဘယ်လ် ပြတ် တောက်တာရယ်ဆိုပြီးတော့ တယ်လီဖုန်း ပြတ် တောက်တာ ကတော့ လေးမျိုး ငါးမျိုးလောက်ရှိပါတယ်။ လေးမျိုးငါးမျိုး လောက်ရှိတဲ့အခါမှာ ပြင်ဆ င်တာ ကလည်း အဲဒီပြတ်တောက်တဲ့ အချိန်ပေါ်မှာမူတည်ပြီးတော့ ကြာမြင့် နိုင်ပါတယ်။ ဒါပေမယ့် ဖြစ်နိုင်သမျှတော့ ကျွန်တော်တို့ဟာ အချိန်တိုအတွင်းမှာ ကြိုးစား ပြီးတော့ ပြင်ဖို့ဆောင်ရွက် ပါတယ်။ တယ်လီဖုန်းသုံးစွဲသူမှ ဖုန်းလိုင်းချို့ယွင်းမှုကို ပြန်လည်ကောင်းမွန်ဖို့အတွက် ပြုပြင် ရန်မှာ အခကြေးငွေများပေးရခြင်း၊ ဖုန်းကြိုးများနှင့် စက်ပစ္စည်းများ အစားထိုးလဲလှယ်ရန် အခကြေးငွေများ မ တရားသဖြင့် တောင်းခံခြင်းရှိရင် ပထမဆုံး သက်ဆိုင်ရာ အော်တိုအိတ်ချိန်း တာဝန်ခံ အင်ဂျင်နီယာများကို တိုင်ကြားနိုင်ပါတယ်။ အဲဒီက ဆက်လက်ပြီးတော့ ခုနက ပြောတဲ့ ပြည်နယ်တိုင်းဒေသ မန်နေဂျာများကို တိုင်ကြားနိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်

ဗဟိုတယ်လီဖုန်း ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားတဲ့ ဖုန်း ၁၀၆ ကို ဆက်သွယ်ဆောင်ရွက် မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆီကို ရောက်ရှိသလို၊ ထို့အတူပဲ ၀၆၇-၄၂၂၁၀၆ ကို ဖက်စ်နဲ့ ပေးပို့ ပြီးတော့လည်း တိုင်ကြားခြ င်း ပြုလုပ်နိုင်ပါတယ်။ ယင်းကဲ့သို့ တိုင်ကြားလို့ မှန်ကန်မယ်ဆို ရင် ဌာနမှချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းများနဲ့အညီ မသမာမှုပြုလုပ်တဲ့ အကျင့်ပျက်ဝန်ထမ်း များကို ဆက်လက်အရေးယူ သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဖြူးအော်တိုအိတ်ချိန်းကို ကျွန်တော် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းရရှိကတည်းက ဖြူးအော်တိုအိတ်ချိန်း နဲ့ ပတ်သက် ပြီးတော့ လေ့လာဆန်းစစ်ခဲ့ပါတယ်။ ဖြူးအော်တိုအိတ်ချိန်းဟာ ၁၉၉၈ ခုနှစ် မတ်လမှာစတင် ဖွင့်လှစ် ခဲ့တဲ့ အိတ်ချိန်းဖြစ်ခဲ့တဲ့အတွက် အိတ်ချိန်း သက်တမ်းအားဖြင့် ၁၃ နှစ်လောက် ကြာ သွားပြီ ဖြစ်ပါတယ်။ ဖြူး အော်တိုအိတ်ချိန်း အနေဖြင့် ၂၀၁၁ ခုနှစ်၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများမှာ ရာသီဥတု အခြေအနေအရ အိတ်ချိန်းစ က်ခန်းမှ ချို့ယွင်းမှု ၁၀၈ ကြိမ်နဲ့ အခြားချို့ယွင်းမှုများအပါအဝင် လိုင်းချို့ယွင်းမှုများခဲ့တာကို တွေ့ရှိရပါတယ်။ ယခုအချိန်အထိ ပြုပြင် ပေးဖို့လက်ကျန် လိုင်း ၁၀ လိုင်း ကျန်ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဆက်လက်ပြီးတော့ အဲဒီလက်ကျန်လိုင်း ၁၀ လိုင်းကိုလည်း ပြုပြင်နေကြောင်း ကိုယ်စားလှယ်တော်ကြီးအား အသိ ပေးအပ်ပါတယ်။ ဇေယျ၀တီ အော်တိုအိတ်ချိန်းအနေဖြင့် ကိုယ်စားလှယ်တော်ကြီးရဲ့ နယ်မြေမှာ ပါတဲ့ ဇေယျ ၀တီ အော်တိုအိတ်ချိန်းဟာ ၂၀၁၁ ခုနှစ် မတ်လမှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်တဲ့ အတွက် လိုင်းပျက်မှု အလွန်နည်းပြီးတော့ လိုင်းပျက်ချို့ယွင်းမှု တိုင်ကြားရင်လည်း ချက်ခြင်းပြုပြင် ဆောင်ရွက်ပေးနိုင်တဲ့အတွက် ယနေ့အထိ နေ့စဉ်လိုင်းပျက် လက်ကျန်မရှိတာကို တွေ့ရှိရပါတယ်။ ကည္ဟွတ်ကွင်း အော်တိုအိတ်ချိန်းဟာ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလမှာ ဖွင့်လှစ်ခဲ့တဲ့ အိတ်ချိန်း ဖြစ်ပြီး သက်တမ်းအားဖြင့် ၅ နှစ် ကြာမြင့်ပါတယ်။ ကည္ဟွတ်ကွင်း အော်တိုအိတ်ချိန်း အနေဖြင့် ၂၀၁၁ ခုနှစ်၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ ရာသီဥတု အချိန်ကတည်းက လိုင်း ချို့ယွင်းမှု များခဲ့တာကို တွေ့ရှိရပါတယ်။ သို့သော် ပြုပြင်ဖို့ လက်ကျန်မရှိ။ ပြုပြင်ထားတာကို တွေ့ရှိရပါတယ်။ ဒီနေ့မှာ ပဲခူးတိုင်းအတွင်း မိုးသည်း ထန်စွာ ရွာသွန်းမှုကြောင့် လည်းကောင်း၊ မြစ်ရေကြီးခြင်းများကြောင့် လည်းကောင်း၊ အိတ်ချိန်း နှင့် မြေအောက် ကေဘယ်များ၊ ကျင်းများ အတွင်းကို ရေများဝင်ရောက်မှုကြောင့် တချို့လည်း လေပြင်းတိုက်ခတ်မှုကြောင့်၊ ရာသီဥတု သဘာဝဘေးအန္တရာယ်ကြောင့် လိုင်းပျက်များခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ကို ယ်စားလှယ် တော်ကြီး မေးမြန်းသွားတဲ့အတိုင်းပဲ ကြန့်ကြာမှုလည်း ရှိခဲ့တာတွေကို တွေ့ရှိရပါတယ်။ ဒီလိုင်းပျက်

များကို ယခု ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ တယ်လီဖုန်းလိုင်းကြိုးများ ရှုပ်ထွေးနေမှုကိုလည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတာ မှန်ပါတယ်။ ဒါ တွေကိုလည်းပဲ ကျွန်တော်တို့ တချို့ရှုပ်ထွေးမှုများကို ပြုပြင်ပြီး ဖြ စ်ပါ တယ်။ ကျန်ရှုပ်ထွေးမှုများဟာလည်း ဆက်လက်ဆောင်ရွက်သွားနေကြောင်း ကျွန်တော် ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်ထွန်း ရဲ့ မေးခွန်းကို ဆက်လက်ပြီးတော့ ဖြေကြားသွားလိုပါ တယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တယ်လီဖုန်း ပြောဆိုခ အခွန်ငွေကောက်ခံခြင်း၊ အခွန်မဆောင် ကြွေးကျန်စာရင်းပြုစုခြင်း၊ ကြွေးကျန်စာရင်းများကို သက်ဆိုင်ရာ အိတ်ချိန်းများသို့ လိုင်းဖြတ်တောက်ရန်ပေးပို့ခြင်း၊ တယ်လီဖုန်းသုံးစွဲသူများမှ ဖြတ်တောက်ခံရတဲ့ဖုန်းများရဲ့ ပြေဆိုခ ပေးသွင်းမှုစာရင်းပေးပို့ခြင်း၊ သက်ဆိုင်ရာအိတ်ချိန်းများသို့ လိုင်းပြန်လည်ဖွင့်လှစ်ရန် ပေးပို့ခြင်း များကို ကျွန်တော်တို့ရဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန တယ်လီဖုန်းအခွန်ငွေ ဌာနစိတ်ကနေပြီးတော့ လစဉ် ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။ ဒီဌာနဟာ ကျွန်တော် ဆင်ခြေ ပေးတာတော့ မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ်ကတည်းက ဖွဲ့စည်းထားတဲ့ ဖွဲ့စည်းပုံက ခွင့်ပြုတဲ့ ဝန်ထမ်း ၁၀၀ နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယနေ့ တယ်လီဖုန်းလိုင်းပေါင်း ခုနက ကျွန်တော် တင်ပြသွားတဲ့အတိုင်းပဲ ၇၅၀၀၀ ကနေ ၅၉၀၀၀၀၊ တယ်လီဖုန်းလိုင်းပေါင်း ၇၅၀၀၀ ကနေ စတင်ဆောင်ရွက်ခဲ့ရာ၊ ယခု ဝန်ထမ်း ၅၀၀ နဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံး လိုင်းဖုန်း ၅၉၀၀၀၀ ခန့်နဲ့ မိုဘိုင်းဖုန်း ၁၅၀၀၀၀၀ ခန့်တို့ရဲ့ တယ်လီဖုန်းပြောဆိုခတွေကို ကောက်ခံတာ၊ အခွန်မဆောင် ကြွေးကျန်စာရင်း ပြုစုတာ၊ ကြွေးကျန်စာရင်းပေးပို့တာ၊ လိုင်းဖြတ်တာ၊ ငွေကြေးပေးသွင်း မှုကို လက်ခံတာ၊ စာရင်းပြု စုတာ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေရပြီး လုပ်ငန်းပမာဏများပြား လာတဲ့အတွက် ငွေပေးသွင်းပြီးဖြစ်တဲ့ ဖုန်းလိုင်းများကို ချက်ခြင်းပြန်လည် မဖွင့်လှစ်နိုင်မှုများ ရှိနေခြင်းကိုလည်း ကျွန်တော်တို့ စိစ စ်တွေ့ရှိရတဲ့အတွက် ဒါကို ပြန်လည်ပြီးတော့ ဆောင်ရွက် နိုင်တဲ့နည်းလမ်းတွေကိုလည်း ရှာကြံဆောင်ရွက်လျက်ရှိကြောင်း ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော် ဖြေကြားလိုပါတယ်။ အဲဒီအခက်အခဲတွေကို ပြေလည်ပြီးတော့ ပြည်သူလူထုအတွက် အကောင်းဆုံး ဝန်ဆောင်မှု ဖြစ်စေဖို့အတွက် ၂၇-၇-၂၀၁၁ ရက်နေ့မှစပြီးတော့ Online Phone bill Payment System ကို အသုံးပြုပြီးတော့ ဘဏ်တွေကတစ်ဆင့်တယ်လီဖုန်း အခွန်ငွေပေးချေ

ပေးမှုကို ရန်ကုန်မြို့ မှာရှိတဲ့ ဖုန်းလိုင်းများကို လက်ခံဆောင်ရွက်ပေးနေပါတယ်။ တခြားမြို့များ မှာတော့ ဒီစနစ်ကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို အွန်လိုင်းဖုန်းဘီလ် ကျွန်တော်တို့ ပေးတဲ့လုပ်ငန်းကို စစချင်း မြန်မာစီးပွားရေးဘဏ်နှင့်Asia Green Development ဘဏ်နဲ့ စတင်ပြီးတော့ဆောင်ရွက်တဲ့အခါမှာ တစ်လအတွင်းမှာ အသုံးပြုသူပေါင်း ၄၀၀၀ ကျော် ခန့်အထိ ရှိပါတယ်။ အဲဒီစနစ်ကတော့ ဘဏ်မှာကျွန်တော်တို့ Account ဖွင့်ထားပြီးတော့ မိမိ ပြောဆိုမယ့် ပမာဏ၊ တစ်လ၊ နှစ်လ၊ သုံးလစာ စသည်ဖြင့် ငွေကြေးထည့်ထားပြီးတော့ မိမိရဲ့ တယ်လီဖုန်းဟာ မည်မျှကျတယ်လို့ သိရှိတဲ့အခါမှာ အိမ်ကနေပြီးတော့ ကျွန်တော်တို့ အဲဒီဘဏ်ရဲ့ Network ထဲဝင်ပြီးတော့မှ ကျွန်တော်တို့ ဘဏ်ကို Paid ဆိုတဲ့ဟာကို လုပ်လိုက်ခြင်းအားဖြင့် ဘဏ်ဟာ သူပေးပြီးကြောင်း ပြန်လည်ပြီးတော့ ကိုယ်စားလှယ်ကြီးထံ ပြန်လည်ပြီးတော့ Reply ပြန်မှာ ဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ လိုင်းဖုန်းများစတင်ပြီးတော့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်ကြားလိုပါတယ်။

ဒါ့အပြင် လိုင်းဖုန်းကြိုတင်ငွေပေးစနစ်PSM Prepaid Systemစတင် အသုံးပြုနိုင်ဖို့အတွက် စက်ပစ္စည်းများမှာယူထားတာ အချို့ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီစနစ်မှာ ကြိုတင်ငွေပေးစနစ် သုံးစွဲတဲ့ တယ်လီဖုန်းလိုင်းတွေကို ကိုယ်ပေးသွင်းထားတဲ့ ငွေမကုန်မီ သတ်မှတ်ထားတဲ့ ငွေလက်ကျန်ကို ရောက်ရှိလာရင် ကိုယ်စားလှယ်တော်ကြီး ခုနကပြောကြားသွားတဲ့ ကြိုတင်သတိပေးမယ့် ကြေညာချက်စနစ် ထည့်သွင်းပါရှိပြီး ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး ဟန်းဆက်ကို မပြီး ကိုင်လိုက်လို့ ငွေလက်ကျန်နည်းနေရင် ငွေလက်ကျန်နည်းနေကြောင်းကို တယ်လီဖုန်း ကနေ ပြီးတော့ သူ့ Software ကနေပြီးတော့ သတိ ပေးသွားမှာ ဖြစ်ပါတယ်။ တယ်လီဖုန်းသုံးစွဲသူမှ ကြိုတင်ငွေကို အချိန်မီထပ်မံပေးသွင်းပါက လိုင်းပြတ်တောက်မှုမရှိဘဲနဲ့ ငွေမပေးသွင်းရင်တော့ ကျွန်တော်တို့ Softwareက အလိုအလျောက် ဖြတ်တောက်သွားတဲ့စနစ် ဖြစ်ပါတယ်။ ဖုန်းလိုင်း ယာယီဖြတ်တောက်ခြင်း ခံရပေမယ့် သုံးစွဲသူက ငွေပြန်လည်ပေးသွင်းတာနဲ့ တ စ်ပြိုင်တည်း ဒီကြိုတင် ငွေပေးစနစ်က တစ်နာရီအတွင်း တယ်လီဖုန်းကို ပြန်လည်ဖွင့်လှစ်နိုင်ဖို့ Software ဖြင့် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားလိုပါတယ်။ ဒီလိုင်းဖုန်းကြိုတင်ငွေပေးစနစ်ကိုရန်ကုန်နဲ့ မန္တလေးမြို့များမှာရှိတဲ့တယ်လီဖုန်းလိုင်းပေါင်း ၅၅၀၀၀ ခန့် ကို ဒီဇင်ဘာလမှာ စတင်ဆောင်ရွက် မှာဖြစ်ပါတယ်။ နောက်သုံးလအကြာမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ တယ်လီဖုန်းလိုင်းထဲက ကျွန်တော်တို့ ဒီ Update ဖြစ်တဲ့ တယ်လီဖုန်း ၂၀၀၀၀၀ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပြီးတော့ ကျန်

တယ်လီဖုန်းတွေကိုတော့ဒီအစီအစဉ်အတိုင်းပဲ ဆက်လက်ပြီးတော့ တတိယအဆင့်အဖြစ် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေ ကြားလိုပါတယ်။ လိုင်းတယ်လီဖုန်းကြိုတင်ငွေပေးစနစ်ဆောင်ရွက်နေစဉ်ကာလအတွင်းမှာ ခုနကပြောသလို ကိုယ်စားလှယ်တော်ကြီးပြောကြားသွားသလို တစ်ခါတစ်လေ သတိမေ့လို့ မဆောင်မိလို့ရှိရင်ဒီလိုမဖြစ်စေရန်အတွက် တယ်လီဖုန်းသုံးစွဲသူများကို တယ်လီဖုန်းအခွန်ငွေများ အချိန်မီပေးသွင်းနိုင်ဖို့အတွက် သတင်းစာများမှာ နှုန်းအခွန်ငွေပေးသွင်းရမယ့် ရက်သတ်မှတ်ချက်ကို လစဉ် ကြိုတင်အသိပေးအကြောင်းကြားသွားဖို့ ယခင်လကစပြီးတော့ စတင်ဆောင်ရွက်နေကြောင်း ဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်သွယ်ရေးကဏ္ဍနဲ့ပတ်သက်ပြီးတော့ ယခုကဲ့သို့ မေးမြန်းဆွေးနွေးကြတာကို ကျွန်တော်အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ကျွ န်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများရဲ့ တာဝန်ဟာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအပါအဝင် ပြည်သူလူထုရဲ့ ဆက်သွယ်မှု အဆင်ပြေချောမွေ့လွယ်ကူအောင် ဆောင်ရွက်ပေးရမယ့် တာဝန် ဖြစ်ပါတယ်။ ဆက်သွယ်မှု ကောင်းမွန်မှု ကျွန်တော်တို့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူဖြစ်မှာ ဖြစ်ပါ တယ်။ ယခုကဲ့သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများမှ ကျွန်တော်တို့ ဆက်သွယ်ရေးကဏ္ဍကို အထူးစိတ်ဝင်စားစွာ ဆွေးနွေးမေးမြန်းမှုများဟာ ကျွန်တော်တို့ ပြည်သူလူထု ရဲ့ ဆက်သွယ်မှု လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်မှုမှာ လွန်စွာ အထောက်အကူ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားအထူး ကျေးဇူးတင်ရှိပါကြောင်းလေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော်မည့် ရေရှည်၊ ရေတို ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၅း၀၂။**

**ဒုတိယဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းတဲ့ မေးခွန်းဟာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားမယ့် မေးခွန်းဖြစ်ပါတယ်။ ယခု မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မည့် ရေရှည်၊ ရေတို ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒ နယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေဖြစ်ပါတယ်။ ကျွန်တော်ဟာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများကို လွှတ်တော်မှာ တင်ပြဆွေးနွေးဖို့နဲ့ ပတ်သက်ပြီးတော့ မေးသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲပြီးတော့ ၅နှစ် ကာလတို စီမံကိန်းများနဲ့ အကောင်အထည်ဖော်ခဲ့တာတွေကို အားလုံးမှတ်မိကြမှာဖြစ်ပါတယ်။ အခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သက်ဆိုင်ရာလွှတ်တော်များ၊ နိုင်ငံတော်သမ္မတနဲ့ အစိုးရအဖွဲ့များစသည်ဖြင့် ဖွဲ့စည်းသက်ဝင်တာဝန်ယူနေကြတာဖြစ်ပါတယ်။ဒါဟာ သာမန်အစိုးရအုပ်ချုပ်မှုအပြောင်းအလဲ Regime Change မဟုတ်ပါဘူး။ ခေတ်တစ်ခု စနစ်တစ်ခုကို ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ အခြေခံကျကျ ပြောင်းလဲဖွဲ့စည်းတည်ဆောက်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့တွေဟာ ခေတ်သစ်စနစ်သစ်ရဲ့ နိဒါန်းကာလကို ဖြတ်သန်းနေကြပြီး ခေတ်ဟောင်း စနစ်ဟောင်းဟာလည်း ချုပ်ငြိမ်းနေပြီဖြစ်ကြောင်း အရှိအတိုင်း မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်ခေတ်သစ်စနစ်သစ်ကို တာဝန်ယူတည်ဆောက်လျက်ရှိတဲ့ နိုင်ငံတော်အစိုးရက မိမိမျှော်မှန်းထားရှိတဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက် ၊

ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်မယ့် ရေရှည်၊ ရေတို စီ မံကိန်းများကို လွှတ်တော်ကို တင်ပြထားသင့်တယ်လို့ သုံးသပ်ရရှိပါတယ်။ လွှတ်တော်ကို တင်ပြခြ င်းသည် ပြည်သူများကို တင်ပြခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း လွှတ်တော်ကိုတင်ပြထားတဲ့ ရည်မှန်းချက်တွေ Goal တွေနဲ့ ဒီစီမံကိန်းတွေ လွှတ်တော်ကို တင်ပြထားမှလည်းပဲ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေကို ဆက်လက်တင်ပြ ညှိနှိုင်းရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။ အကူအညီတောင်းမယ် ဆိုရင်လည်း နိုင်ငံတကာအကူအညီကို တောင်းခဲ့လို့ ရှိရင်လည်း တောင်းလို့ ဘောင်ဝင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ခေတ်ကာလ နိဒါန်းစတဲ့ ယခုလို အချိန်မှာ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးစတဲ့ ရည်မှန်းချက်များနဲ့ ဒီရည်မှန်း ချက်များကို တာဝန်ခံဆောင်ရွက်မယ့် အစီအစဉ်များပါတဲ့ ရေရှည်ရေတိုဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်း များ၊ ဝန်ကြီးဌာနအလိုက် တာဝန်ခံအကောင်အထည်ဖော်သွားမယ့် စီမံကိန်းများကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၅း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၅း၀၇။**

**ဦးတင်နိုင်သိန်း (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်း နှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက ခေတ်ကာလနိဒါန်းစတဲ့ ယခုလိုအချိန်မှာ နိုင်ငံတော် အစိုးရအဖွဲ့ရဲ့ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးစတဲ့ရည်မှန်းချက်များ နဲ့ ယင်းရည်မှန်းချက်များ ကို တာဝန်ခံဆောင်ရွက် မယ့် အစီအစဉ်များ ပါဝင်တဲ့ ရေရှည်ရေတို ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်း များ၊ဝန်ကြီးဌာနအလိုက်တာဝန်ခံအကောင်အထည်ဖော်သွားမယ့် စီမံကိန်းများကို ပြည်ထောင်စု

လွှတ်တော်သို့ တင်ပြထားရန် အစီအစဉ် ရှိ /မရှိ မေးမြန်းထားခြင်းနဲ့ စပ်လျဉ်းပြီး အမျိုးသား စီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်က ဖြေကြား တင်ပြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးမရမီ စစ်ကြိုခေတ် ကအစပြုပြီး ခေတ်အဆက်ဆက်မှာ နိုင်ငံရေးစနစ်များ အ ခြေအနေ အချိန်အခါအလိုက် ပြောင်းလဲကျင့် သုံးခဲ့ ကြပြီး နိုင်ငံရေးစနစ်နဲ့ ဆက်စပ်နေတဲ့ စီးပွားရေး စနစ်များ ဘောင်အတွင်းမှ ပါလီမန်ဒီမိုကရေစီ ခေတ်မှာ နှစ်နှစ် စီမံကိန်း၊ ပြည်တော် သာ စီမံကိန်းခေါ်တဲ့ ရှစ်နှစ်စီမံ ကိန်းစတဲ့ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခဲ့တာ တွေ့ရှိရပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် မှာ ၁၉၆၃-၆၄ ဘဏ္ဍာနှစ်က ၁၉၆၅-၆၆ ဘဏ္ဍာနှစ် အထိ၊ ၁၉၆၆-၆၈ ဘဏ္ဍာနှစ်ကနေ ၁၉၆၉ - ၇၀ ဘဏ္ဍာနှစ်အထိ ဌာနဆိုင်ရာများရဲ့ လုပ်ငန်းစီမံကိန်းများ အသွင်ပုံစံနဲ့ နှစ်စဉ် စီမံကိန်းများ ရေးဆွဲ အကောင်အထည် ဖော်ခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လမှာ ကျင်းပတဲ့ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ပထမအကြိမ် ပါတီညီလာခံမှာ ရေရှည်စီမံကိန်း အနှစ်၂၀ စီမံကိန်းကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ ရေရှည်စီး ပွားရေးစီမံကိန်းရဲ့ ရည်မှန်းချက်များ ဘောင်အတွင်းက နေပြီး နှစ်တို လေးနှစ်စီမံကိန်း(၅)ရပ်ကို ရေးဆွဲ အကောင်အထည်ဖော်ရန် သတ်မှတ်ခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလမှာကျင်းပတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဒုတိယအကြိမ် ပါတီ ညီလာခံကနေပြီးတော့ လေးနှစ် စီမံကိန်းများကို ပြည်သူ့လွှတ်တော် သက်တမ်းနဲ့ ကိုက်ညီစေရန် ၁၉၇၃-၇၄ ဘဏ္ဍာနှစ်ကနေ အခြေခံနှစ်အဖြစ်ထားရှိပြီး၊ ဒုတိယလေးနှစ်စီမံကိန်းမှ ဆဋ္ဌမလေးနှစ် စီမံကိန်းအထိ ၁၉၇၄-၇၅ ဘဏ္ဍာနှစ်ကနေ ၁၉၉၃-၉၄ ဘဏ္ဍာနှစ်အထိ ပြန်လည်သတ်မှတ်ပြီး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကာလတို့မှာ ၁၉၈၈-၈၉ ဘဏ္ဍာနှစ်နဲ့ ၁၉၉၁-၉၂ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးကို အဓိကထား ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်တည်ငြိမ်မှု ရရှိလာတဲ့အခါ ၁၉၉၂-၉၃ ဘဏ္ဍာနှစ်ကစပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကာလတိုစီမံကိန်းများကို အောက်ပါ အတိုင်း ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါတယ်။ကာလတို(၄)နှစ် စီမံကိန်း ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ် ကနေ ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်အထိ၊ နောက် ဒုတိယကာလတို (၅)နှစ်စီမံကိန်း ၁၉၉၆-၉၇ ဘဏ္ဍာနှစ်မှ ၂၀၀၀-၂၀၀၁ဘဏ္ဍာနှစ်အထိ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်(၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ပါတယ်။ ကာလတို

စီမံကိန်းများအနေနဲ့ တတိယကာလတို(၅)နှစ် စီမံကိန်း ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အထိ၊ စတုတ္ထကာလတို (၅)နှစ်စီမံကိန်း ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်ကနေ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ရေးဆွဲခဲ့ပြီး အဲဒီ အပေါ်မှာအခြေခံပြီးတော့ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ကို ယခုအစိုး ရအကူးအပြောင်းကာလ ဆက်လက် ဆောင်ရွက်နိုင်ရန် အတွက် ရေးဆွဲပေးခဲ့ပါတယ်။ ယခုအခါ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အစိုးရသစ် ဖွဲ့စည်းအုပ်ချုပ်မှုကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင် ခဲ့ပြီး ပြည်ထောင်စု အစိုးရအဖွဲ့မှ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၅) ပုဒ်မ ၂၂၀ နှင့်အညီ မူဝါဒများချမှတ်ခြင်း ပြောင်းလဲလာတဲ့ခေတ်စနစ်နှင့် အညီ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ညှိနှိုင်းဆွေးနွေးပြီး ပြုပြင် ပြောင်းလဲ ရမယ့် ဥပဒေလုပ်ထုံးလုပ် နည်းများအရ လိုက်လျော ညီထွေရှိမယ့် စီမံကိန်းများကို ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါတယ်။အလားတူပြောင်းလဲလာသော ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အရ ပြည်ထောင်စု စီမံကိန်း သာမကဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၅) ပုဒ်မ ၂၅၁ အရ ပြည်နယ်နဲ့ တိုင်း ဒေသကြီးအစိုးရအဖွဲ့များကလည်း ပြည်ထောင်စုအစိုးရက ချမှတ်ထားတဲ့ မူဝါဒများနှင့်သော် လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော် လည်းကောင်း မဆန့်ကျင် စေဘဲ ပြည်နယ်၊ တိုင်းဒေသကြီးများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ စီမံကိန်းများကို ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော် ရဲ့ သဘောတူညီချက်နဲ့ အကောင်အထည် ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အစိုးရသစ် အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ မူလနှစ် ၃၀ နှစ်ရှည်စီမံကိန်းအပေါ် အခြေခံပြီး ပဉ္စမကာလတို ၅နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုအဆင့် အမျိုးသား စီမံကိန်းကို ပြည်ထောင်စုအစိုးရက ရေးဆွဲပြီး ပြည်ထောင် စုလွှတ်တော်သို့ လည်းကောင်း၊ ဒေသန္တရ စီမံကိန်းများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များကရေးဆွဲပြီး ပြည်နယ်နှင့် တိုင်း ဒေသကြီးလွှတ်တော်များသို့ လည်းကောင်း တင်ပြသွားရန် စီစဥ်ဆောင်ရွက်လျ က် ရှိပါတယ်။ ရှေးယခင် စီမံကိန်းများဟာ ဗဟိုအစိုးရမှ စီ မံခန့်ခွဲခဲ့သော်လည်း ယခုအခါ ပြည်နယ်/တိုင်း ဒေသကြီးများရဲ့ ဒေသန္တရစီမံကိန်းများကို ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရများက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များသို့ ရေးဆွဲတင်ပြရမှာဖြစ်တဲ့အတွက် ဒေသရဲ့လိုအပ်ချက် များနဲ့ ဒေသရဲ့ဖွံ့ဖြိုးမှုများကို ရှေးယခင်ကထက် ပိုမိုထိရောက်စွာ တွက်ချက်ရေးဆွဲ လုပ်ဆောင်

လာနိုင်တော့မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နှစ် ၃၀ နှစ်ရှည်စီမံကိန်းကို အခြေခံပြီး ပြည်ထောင် စု အဆင့်နဲ့ ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့်တို့မှ အကောင်အထည်ဖော်ဆောင်ရွက် ရမယ့် ကာလတို ၅ နှစ် စီမံကိန်းကို ပြည်ထောင်စုလွှတ်တော်နဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီး လွှတ်တော်အလိုက် တင်ပြဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြေကြား တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**ပလက်ဝမြို့ အရှေ့ဘက်ကမ်းရှိ ရုပ်ဝ၊ မီးလက်ဝကျေးရွာ နှင့် သစ်တောကြိုးဝိုင်းမှ တစ်ချို့ တစ်ဝက်ကို မြို့ဧရိယာတွင် ထည့်သွင်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၅း၁၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားရမယ့်မေးခွန်း ဖြစ်ပါတယ်။

ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ပလက်ဝမြို့ အရှေ့ဘက် ကမ်းရှိ ရုပ်ဝ၊ မီးလက်ဝကျေးရွာနှင့် သစ်တောကြိုးဝိုင်းမှတချို့တဝက်ကို မြို့ဧရိယာတွင် ထည့်သွင်း သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၆။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပလက်ဝမြို့ရဲ့ အ ရှေ့ဘက်ကမ်းမှာရှိတဲ့ မီးလက်ဝ၊ ရုပ်ဝနဲ့ သစ်တောကြိုးဝိုင်း တချို့တဝက်ကိုမြို့ဧရိယာထဲမှာထည့်သွင်းစဉ်းစားပေးနိုင်ခြင်းရှိမရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား ပလက်ဝမြို့ဟာ ကျေးလက်တောရွာ မှာရှိတဲ့ ကျေးရွာမြေ လေးသာသာရှိပါတယ်။ အိမ်ခြေ ၈၅၀ ဝန်းကျင် သာရှိတဲ့အတွက်ကြောင့်

အလွန်သေးငယ်တဲ့ရွာကလေးတစ်ရွာလိုပဲ ဖြစ်ပါတ ယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းဟာ ပလက်ဝရဲ့ ပထဝီမြေအနေအထားကြောင့်ဖြစ်ပါတယ်။ အရှေ့ဘက်မှာ ကုလားတန်မြစ်က ခံပြီးတော့ တောင်ဘက်မှာ တောင်ကမ်းပါးကြီး၊ မြောက်ဘက်မှာဆိုရင်လည်း တောင်ကမ်းပါးကြီး ရှိနေတဲ့အတွက်ကြောင့် မြို့တိုးချဲ့ရန်နေရာ ကျဉ်းမြောင်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီမြို့ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄၇ ခုနှစ် ၁၈၆၇ ခုနှစ်မှာစတင်တည်တဲ့ မြို့ဖြစ်ပါတယ်။ သို့ သော်လည်း ယခုအချိန် အထိမြို့ရဲ့ လူနေရပ်ကွက်ဟာ မတိုးချဲ့နိုင်သေးဘဲရှိနေပါတယ်။ လွန်ခဲ့တဲ့ ပြည်သူကောင်စီ လက်ထက်မှာ ပလက်ဝမြို့ရဲ့ တောင်ဘက်၊အရှေ့တောင်ဘက် ယွန်းယွန်းမှာ မြို့သစ်ရပ်ကွက်တစ်ခု အသစ်တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ သို့သော်လည်းပဲ တပ်မတော်အစိုးရလက်ထက်မှာ ဒီနယ်မြေ လုံခြုံရေးအတွက် ဆိုပြီးမှ တပ်မတော် တပ်ရင်း ခ.လ.ရ (၂၈၉) တပ်ရင်း တစ်ခုနေ ရာယူတဲ့ အခါမှာ လူနေရပ်ကွက်တွေက လျော့ လာပြီးမှ နောက်ထပ်တိုးချဲ့ရန် အခြေအနေလိုအပ်လာပါ တယ်။ မြို့ကကျဉ်းမြောင်းတဲ့အတွက်ကြောင့် အိမ်ခြေတိုးလာတဲ့အခါ မြို့တွင်းမှာနေထိုင်တဲ့ လူနေမှု စရိတ်တွေက ပိုကုန်ကျသလို အိမ်ငှားခမှအစ အိမ်မြေနေရာခတွေလည်း ကြီးမြင့်လာပါတယ်။ အခုအချိန်မှာဆိုရင် ပလက်ဝမြို့မှာ အိမ်ငှားခတွေ ဟာ (၁)သိန်း ကနေ (၆)သိန်းအထိ ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့်ပလက်ဝမြို့ကို လက်ရှိအနေအထားနဲ့ မတိုးချဲ့ဘူးဆိုရင် အခြေအနေ မသင့်လျော်တော့သလို အိန္ဒိယလမ်းမကြီးပေါ်မှာတည်ရှိတဲ့မြို့ဖြစ်တဲ့အတွက်ကြောင့် နောင်အခါမှာ လည်း လူနေရပ်ကွက်တွေက တိုးချဲ့ရန် လိုအပ်ပါတယ်။ လူဦးရေကလည်း တိုးလာမှာဖြစ်တဲ့ အတွက်ကြောင့် အရှေ့ဘက်ကမ်းမှာရှိတဲ့ ရုပ်ဝတို့ မီးလက်ဝတို့မှာ ဆက်လက်ပြီး မြို့ကို ချဲ့ကာမှ အဆင်ပြေမှာဖြစ်ပါတယ်။ထို့နည်းအတူ အရှေ့ဘက်ကမ်းမှာရှိတဲ့ သစ်တောကြိုးဝိုင်းအမှတ်(၁)ဟာ ဧက(၄၀)ရှိပါတယ်။ သစ်တောကြိုးဝိုင်းအမှတ်(၂)ဟာ ဧက (၈၀)ထိကျယ်ဝန်းပါတယ်။ ကျွန်တော် တင်ပြတဲ့ ဒီသစ်တောကြိုးဝိုင်း တချို့တဝက်ဆိုတာဟာ သစ်ထုတ်လုပ်ပြီးသားနေရာ ဖြစ်ပါတယ်။ အခုဒီနေရာမှာ အိန္ဒိယပညာရှင်တွေ၊ အင်ဂျင်နီယာတွေ က ကုန်သွယ်စခန်းလုပ်ဖို့အတွက် နေရာ ရွေးချယ်ပြီး ပြင်ဆင်တာလည်းရှိသလို တစ်ဖက်မြို့နယ်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ၎င်းနဲ့ နီးစပ်တဲ့ နေရာမှာ စစ်မှုထမ်းဟောင်းတွေကို မြေကွက်ချပေးတာလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဒီသစ်တောကြိုးဝိုင်း၊ သစ်ထုတ်လုပ်ပြီးသားမြေနေရာတချို့တဝက်တွေကို မြို့ဧရိယာမှာ ထည့်သွင်း နိုင်ဖို့ မီးလက် ဝကျေးရွာနဲ့ ရုပ်ဝကျေးရွာတွေကို မြို့ဧရိယာမှာ သတ်မှတ်နိုင်ဖို့ အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မေးခွန်းကို ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၁၈။**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဝင်းထွန်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) ဦးဆလိုင်းခွဲယန်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ စာရင်း ဇယားများအရ ပလက်ဝ မြို့ဟာ (၁၅၆) ဧကကျယ်ဝန်းပြီးတော့ အိမ်ထော င်စု(၁၀၅၇)ခု လူဦးရေအားဖြင့် (၅၆၈၅)ဦး ရှိပါတယ်။ လူဦးရေတိုးတက်မှုနှုန်းဟာ (၀.၀၄) ရာခိုင်နှုန်းရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်တဲ့ Statistical Yearbook /၂၀၀၉တွင် မြန်မာနိုင်ငံ ရဲ့လူဦးရေတိုးနှုန်းဟာ(၁.၅၂)ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြချက်အရ ပလက်ဝမြို့ရဲ့ လူဦးရေတိုး နှုန်းမှာနိုင်ငံတော်ရဲ့ လူဦးရေတိုးနှုန်းနဲ့ နှိုင်းယှဥ်ပါက အလွန်နည်းပါသေးကြောင်း တွေ့ရှိရ ပါတယ်။ ကုလားတန်မြစ်အရှေ့ဘက်ကမ်းဒေသဟာ ကုလားတန်ကြိုးဝိုင်းအတွင်းမှာ ကျရောက်နေပြီးတော့ ဒီ ကြိုးဝိုင်းကို (၁၉၂၂) ခုနှစ်က ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ လက်ရှိသစ်တောဖုံးလွှမ်းမှုအခြေအနေကလည်း (၅၀) ရာခိုင်နှုန်းခန့်ရှိပြီးတော့ ရွက်အုပ်ပိတ်တဲ့တောက (၃၉)ရာခိုင်နှုန်း၊ ရွက်အုပ်ဖွင့်တောက (၁၁) ရာခိုင်နှုန်းမျှ ရှိ နေသေးကြောင်း ကျွန်တော်တို့ သိရှိရပါတယ်။နိုင်ငံတော်ရဲ့သစ်တောမူဝါဒနှင့် အမျိုးသားနှစ်(၃၀) စီမံကိန်း ပါရည်မှန်းချက်များအရ ဆိုရင်ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်ရေးတောများကို နိုင်ငံဧရိယာရဲ့ (၃၀)ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရမှာဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ နိုင်ငံတော်ဧရိယာရဲ့ (၂၄) ရာခိုင်နှုန်းမျှသာ ဖွဲ့စည်းပြီးကြောင်း တင်ပြအပ်ပါတယ်။ သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကလည်းပဲ သဘာဝတောတောင်

ရေမြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ သက်ဆိုင်ရာဒေသ အကျိုးတို့အတွက် ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဖွဲ့ စည်းခဲ့ပြီးကာလရှည်ကြာစွာ ထိန်းသိမ်းလာ ခဲ့တဲ့ ကြိုးဝိုင်းနယ်မြေကို ယခုလက်ရှိ အခြေအနေအရဆိုရင်တော့ ဒီမြို့နယ် ဧရိယာ မြို့အင်္ဂါရပ်နဲ့ ညီညွတ်စေရန် အကြောင်းပြချက်နှင့် သစ်တောကြိုးဝိုင်းကို ပယ်ဖျက်ရန်မှာ ယေဘုယျအားဖြင့် ဆောင်ရွက်ခြင်းမပြုသင့်သောကိစ္စတစ်ရပ်လို့ ကျွန်တော်တို့မြင်ပါတယ်။ သို့သော်လည်းပဲ အနာဂတ်ကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အရေးကြီးတဲ့ စီမံကိန်း ကြီးများ ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လာသည့် အခါတွင် နိုင်ငံတော်ရဲ့အကျိုးကို ရှေးရှုပြီးတော့ ကြိုးဝိုင်းမြေများကို ပြင်ဆင်ပယ်ဖျက်ပေးနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်(သြဘာသံများ)

**အချိန်၊ ၁၅း၂၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်းများသည် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မိမိအစိုးရအား ယုံကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည့် အစီအစဉ်ရှိ /မရှိ သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၅း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုင်းမြမောင်က မိမိအစိုးရ အားယုံ ကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည့် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အား လုံးမင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့မိမိ အစိုးရအား ယုံကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများကို နိုင်ငံတော်အစိုးရ အနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည့်အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် မေးခွန်း မမေးခင်မှာ ကျွန်တော်အနည်းငယ် ထပ်ဆောင်းပြီးတော့မှ မေးခွန်းအနည်းငယ်မေးမြန်းဖို့အစီ အစဉ်ရှိပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းနှင့် နဂိုမူလမေးခွန်းနဲ့ မသက်ဆိုင်ပေမယ့် နည်းနည်းဆက်စပ် မှုရှိတဲ့အတွက်ကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးများမှ ကျွန်တော့် ကို ဖြေနိုင်လို့ရှိရင်လည်း ဖြေကြားပေးဖို့ ၊ မဖြေနိုင်လို့ရင်လည်း ကိစ္စမရှိပါဘူးလို့ ကျွန်တော်ကြိုတင်ပြီး တော့မှ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ ၁၉၉၄ ခုနှစ်က နေစပြီးတော့ နိုင်ငံတော်အစိုးရစစ်အစိုးရရဲ့စီမံမှုကြောင့် ကချင်ပြည်နယ်ဟာ ငြိမ်းချမ်းတည်ငြိမ်ခဲ့ပြီးတော့မှ နေလာခဲ့ရာ ယခု (၉-၆-၂၀၁၁) နေ့ကစပြီး တော့မှ ပြ န်ပြီးတော့ ဂယက်ရိုက်ခဲ့၊ လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ အောက်ခြေ ပဋိပက္ခများကြောင့် တိုက်ပွဲ များ ပြန်လည်ဖြစ်ပွားခဲ့ပြီး ပြည်သူများ ကြောက်လန့်တကြားဖြစ်ကာ မိမိအိုးအိမ်လယ်ယာ ကျွဲနွားများကို စွန့်ခွာပြီး လွတ်ရာကျွ တ်ရာကို ထွက်ပြေး တိမ်းရှောင်လျက်ရှိရာ အချို့မှာ မိမိတို့ နီးစပ်ရာ ဘာသာရေးအသင်းအဖွဲ့ ဘုရားကျောင်းများတွင် လည်းကောင်း၊ မိမိတို့နီးစပ်ရာဆွေမျိုးအိမ်များတွင်လည်းကောင်း လာရောက်ရှောင်တိမ်းမှီခို နေလျက်ရှိပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး အခက်အခဲများနဲ့ ရင်ဆိုင်တွေ့ကြုံလျှ က်ရှိပါတယ်။ ၎င်းပြည်သူများကို သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ကူညီထောက်ပံ့ရေး အဖွဲ့များ ဖွဲ့၍လည်းကောင်း NGO အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့ ခရိုင်လူမှုနှ်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့များက ကူညီထောက်ပံ့ပေးလျက်ရှိပါသော်လည်း အခိုက်အတန့်မျှသာပြေလည်နိုင်မည် ဖြစ်ပါတယ်။ ရေရှည်မှာမလွယ်ကူပါ၊ ဝတ္တရားအရ လက်ခံထားရသော အိမ်ရှင်နိုင်ငံများအတွက်လည်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေရပါတယ်။ ၎င်းထွက်ပြေးတိမ်းရှောင်နေရတဲ့ ပြည်သူများဟာ မိမိစိုက်ပျိုးထားသော လယ်ယာများသို့ သွားရောက်ကြည့်ရှုနိုင်ခြင်း မပြုနိုင်ဘဲ လယ်ယာများ ခန်းခြောက်မှု၊

မြက်များပေါင်းရှင်းမှု အစရှိသည်ဖြင့် အလုပ်များကို သွားရောက်ကြည့်ရှုခြင်း မပြုနိုင်။ နောက်ပြီးတော့မှ ကျွဲ၊ နွားများ ဝင်ရောက်စားသောက်ခြင်းကိုလည်း တွေ့နေရပေမယ့် လည်းသွားရောက်ကြည့်ရှုနိုင်ခြင်း မရှိခဲ့ပါဘူး။ ပစ်ထားခဲ့ရတဲ့ ကိုယ်ရဲ့အိုးအိမ်တွေဟာ လူသခင်မရှိတဲ့ အတွက်ကြောင့်မို့လို့တခြား မသမာသူများဝင်ရောက်ယူငင်နေမှုကိုကြုံတွေ့နေရပါတယ်။ဒါတွေကိုသိလျက်နဲ့လည်း မသွားရောက်မကြည့်ရှုနိုင်တဲ့အတွက်ကြောင့်မို့ စိတ်ဆင်းရဲပူပင်သောက ရောက်ရှိနေကြရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အများစုဖြစ်တဲ့ ကချင်တိုင်းရင်းသား များမှာလက်နက်ကိုင်ပဋိပက္ခများကြားမှာ ရှော င်တိမ်းရင်းနဲ့ နောက်ဆက်တွဲ ပြဿနာဆိုးကျိုးများကို ကြုံတွေ့နေရပါတယ်။ ကျွန်တော့် အနေနဲ့ အနည်းငယ် ဖြစ်ပျက်မှုကို တင်ပြရမယ်ဆိုလျှင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်(၁၇)မိုင် ခေါ်ကွယ်ကထောင်ကျေးရွာအနီးမှာ ၁၅-၉-၂၀၁၁ ရက်နေ့မှာ (၁၅း၀၀) နာရီ အချိန်ခန့်၌ ခ .မ.ရ (၃၈၇) တပ်မတော်တပ်ရင်းတစ်ခုမှ တပ်ဖွဲ့ဝင်များနှင့် တောတွင်းလက်နက်ကိုင်တပ်တစ်စုတို့သည် ပစ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ၁၆-၉-၂၀၁၁ ရက်နေ့ ၁၄း၃၀ နာရီ အချိန်ခန့်မှာ ခ.မ.ရ(၃၈၇)တပ်ရင်း မှ ရှေ့တန်းမှူးပါဝင်တဲ့ တပ်မတော် တပ်ဖွဲ့ဝင်တို့သည် ကွယ်ကထောင်ကျေးရွာမှာနေထိုင်တဲ့ပြည်သူ (၁၆) ဦး၊ ကျား (၁၂) ဦး၊ မ(၄)ဦးတို့ကို စစ်ဆေးရန်ဆိုပြီးတော့ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါတယ်။ အဖမ်းအဆီးခံ ရွာသူရွာသားမှ ရွာသူအမျိုးသမီး(၄)ဦးကို ၎င်းစစ်ဆေးသည့်နေ့မှာပဲ ပြန်လည်လွှတ်ပေးခဲ့ပါတယ်။ အမျိုးသား (၁၂)ဦးကိုမူ ရိုက်နှက်စစ်ဆေးမေးမြန်းခဲ့ပြီး ၁၄-၉-၂၀၁၁ ရက်နေ့ ၁၇း၀၀ နာရီ အချိန်ခန့်တွင် ပြန်လည်လွှတ်ပေးခဲ့ပါတယ်။ ယခုလို မခိုင်လုံတဲ့ မသင်္ကာမှု အကြောင်းပြချက်နဲ့ (၄)ရက်ကြာ ရိုက်နှက်စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရတဲ့ရွာသား(၁၂)ဦးမှာ အချို့မှာချောင်းဆိုးခြင်း၊ သွေးအန်ခြင်း၊ ခန္ဓာကိုယ်အနှံ့အပြား ဖူးရောင်ဒဏ်ရာများ ရရှိခြင်း၊ အတွင်းဒဏ်ရာများ ပြင်းထန်စွာရရှိခြင်းများ ခံစားခဲ့ရပါတယ်။ ၎င်းတို့အထဲမှ တစ်ဦးသည် ဗန်းမော်ဆေး ရုံရှိအထူးကုဆေးခန်းတွင် အတွင်းလူနာ အဖြစ်ကုသခံမှုယူလျက်ရှိပါတယ်။ အထက်ဖော်ပြပါ ဖြစ်စဥ်နဲ့ ပတ်သက်ပြီးတော့မှ ကွယ်ကထောင်ရွာသားများ အပါအဝင်မိမိတို့ မြို့နယ်ပြည်သူပြည်သားတို့ဟာ စိုးရိမ်ကြောက်ရွံ့ ထိတ်လန့်လျက်ရှိနေကြပါတယ်။ ယခုအခါ မိမိတို့ နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ချီတက်နေပြီဖြစ်ရာ ပြည်သူများအနေနဲ့ ဒီမိုကရေစီနဲ့ လူအခွင့်အရေးများကိုလည်း ခံစားခွင့်ရှိနေပြီ ဖြစ်ပါသဖြင့် ကွယ်ကထောင်ရွာသားများ ကိစ္စမျိုး နောက်နောင် မဖြစ်ပွားအောင် အမြန်ဆုံး ကူညီဆောင်ရွက်ပေးစေလိုပါတယ်ဆိုတဲ့ အကြောင်းနဲ့ ကျွန်တော် အနည်းငယ်

ဖြည့်စွက် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွ န်တော့်အနေနဲ့ ဖွင့်ဖြစ်ရပ်မှာ အပြ စ်မဲ့ပြည်သူများ…
……………

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးစိုင်းမြမောင် မေးခွန်းနဲ့ပတ်သက်တာပဲ ပြောပါ။ ကျန်တဲ့ဟာ တွေတော့မပြောပါနဲ့နော်။

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ဟုတ်ကဲ့။ ကျွန်တော့်အနေနဲ့ ဒီစစ်ရဲ့ အကျိုးရလဒ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရတဲ့ ပြည်သူတွေအခု စိတ်မချမ်းမသာ ဖြစ်နေရတဲ့ဟာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော် ထွက်ပြေးတိမ်းရှောင် နေကြရတဲ့ ပြည်သူပြည်သားများဟာ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ မြစ်ကြီးနား၊ ဝိုင်းမော်စတဲ့ ဒေသအသီးသီးမှာ အများအားဖြင့် ရှိတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီပြည်သူပြည်သားများ ဆင်းရဲဒုက္ခဖြစ်နေရမှု အပေါ် နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနိုင် ရန်နှင့် ကူညီထောက်ပံ့ ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိလို ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည် ထူထောင်နိုင်ရေး အတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၅း၂၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်း မုန်က တီးတိန်မြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည် ထူထော င်နိုင်ရေး အတွက် နိုင်ငံတော်မှ ကူ ညီပံ့ပိုးရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေး မြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၈။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်တကွ၊ ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရ ဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) တီးတိန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ် ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမှာ ကတော့ တီးတိန်မြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု များ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်း သည့် မေးခွန်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျွန်တော်တို့ တီးတိန် မြို့နယ်အနီးတစ်ဝိုက်တွင် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ၁၀ ရက်နေ့ထိ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့ပြီး တောင်ကျချောင်းရေကြီးခြင်း၊ တောင်ပြို၊ မြေပြိုခြင်းများနဲ့ ကြုံတွေ့ ခဲ့ရ ပါတယ်။ ယင်းသဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို အောက်ပါအတိုင်း တင်ပြပါ တယ် ခင်ဗျား။

(၁)သိုင်းငင်း - တီးတိန် ကားလမ်းတွင် (၁၁)နေရာ တောင်ပြိုပြီး ကားလမ်းပျက်စီး ပိတ်ဆို့ခြင်း၊ (၂)တီးတိန်မြို့သောက်သုံးရေပိုက်လိုင်းများ၊ ပိုက်များ ပေ (၃၀၀)ခန့် ပျက်စီးခြင်း၊ (၃)ဇလွေးရေအား လျှပ်စစ် သံကူကွန်ကရစ် ရေသွယ်မြောင်း (၁၀၀)ခန့် ကျိုးပဲ့ပျက်စီးခြင်း၊ (၄)တွန်းဇံမြို့ထွေးဆောင်းရေအားလျှပ်စစ် ရေသွယ်မြောင်းပေ (၁၅၀)ခန့် ကျိုးပဲ့ပျက်စီးခြင်း၊ (၅)ကျေးရွာချင်းဆက် ကားလမ်းပေါ်ရှိ တံတားငယ် (၁၀)စင်း ရေနှင့်မျောပါ ပျက်စီးခြင်း၊ (၆)ကျေးရွာပေါင်း၅ ရွာ၌ မြေပြိုခြင်း မြေသားအက်ကွဲခြင်းများကြောင့် အိမ်ခြေ(၃)အိမ် ပျက်စီး၍ ပြောင်းရွှေ့နေရခြင်း(၇)လယ်ဧက (၅၀)ခန့် ရေသွယ်မြောင်းမြေပြိုပျက်စီးခြင်း(၈)ကျေးရွာ (၁၀)ရွာရှိ ကိုယ့်အားကိုယ်ကိုးအသေးစား ရေအားလျှပ်စစ်ရေသွယ်မြောင်းများနှင့် ရေလှောင် ကန်များအား ပဲ့ကျပျက်စီးခြင်းများ ဖြစ်ပါတယ်။ ဤကဲ့သို့ သဘာဝဘေးဒဏ်ကျရောက်ခြင်းအတွက် ချင်းပြည်နယ် ဝန်ကြီးချုပ်နဲ့ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိ ဌာနအကြီးအကဲများသည် အချိန်မီရောက်ရှိလာပြီး အရေးပေါ်စီမံ ဆောင်ရွက်မှုများနဲ့ ဆောင်ရွက်ပေးလျက် ဒေသခံ ပြည်သူများနဲ့ပူးပေါင်းပါဝင်ပြီး သိုင်းငင်းတီးတိန်လမ်းနှင့် တီးတိန် သောက်သုံးရေပိုက် လိုင်းများကို အချိန်မီပြန်လည် ပြုပြင်နိုင်ခဲ့ပါတယ်။ နောက်ပြီး ကျွန်တော်တို့ အထက်ဖော်ပြပါ ပျက်စီးဆုံးရှုံးမှု များထဲမှ ကားလမ်းတို့ မြို့သောက်သုံးရေ ရေအားလျှပ်စစ်တို့က သက်ဆိုင်ရာ ဝန်ကြီးဌာနကနေ

ပြန်လည်ပြုပြင် တည်ဆောက်ပေးမယ်ဆိုတဲ့ အကြောင်းကြားသိရလို့ အထူးဝမ်းမြောက် ဂုဏ်ယူရပါတယ်။ ကျွန်တော် အထူးတင်ပြလိုတာကတော့ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ ကျေးရွာချင်းဆက် ကားလမ်းပေါ် မှာရှိတဲ့ သူတို့ရွာအနေနဲ့ ကိုယ့်အားကိုယ့်ကိုးတည်ဆောက်တဲ့ တံတားငယ် (၁၀)စင်း ပျက်စီးမှုရယ်၊ နောက်ပြီးတော့ ကျေးရွာ (၅)ရွာမှာ မြေပြိုမှုကြောင့် ပြောင်းရွှေ့ နေရတဲ့ ပျက်စီး နေရတဲ့ အိမ်ခြေ (၄၃)အိမ်အတွက်နဲ့ ကျေးရွာရှိလယ်ဧက (၅၀)ခန့်က ရေသွယ်မြောင်းပြို ကျပြီး ပျက်စီးခြင်းနဲ့ ကျေးရွာ(၁၀)ရွာရှိ ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ် ရေသွယ်မြောင်းများ၊ ရေလှောင်ကန်များ ပျက်စီးမှုနဲ့ ဒီကျေးရွာ ကျေးလက်ဒေသများရဲ့ ပျက်စီးဆုံးရှုံးမှုများကို အဓိက ကူညီထောက်ပံ့ပေးရန် ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ အထက်ဖော်ပြပါ သဘာဝဘေးဒဏ်များကြောင့် ပျက်စီး ဆုံးရှုံးမှုများ ပြန်လည်ထူထောင် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ကူညီပံ့ပိုးမှု အထူး လိုအပ်လျက်ရှိပါသဖြင့် ကူညီပံ့ ပိုးပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ ရှိသေလေးစားစွာဖြင့် တင်ပြ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**မြန်မာပြည်တစ်ဝန်း မီးသတ်ဌာနများတွင်ပေးထားသော မီးသတ်ယာဉ်ဟောင်း ကြီးများအား ဖျက်သိမ်းပြီး ခေတ်စနစ်နှင့်လျော် ညီသော မီးသတ်ယာဉ်ဖြင့် ပြောင်းလဲပေးနိုင်ခြ င်း ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၅း၃၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲ ခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးသက်နိုင်ဦးက မြန်မာပြည်တစ်ဝန်း မီးသတ်ဌာနများတွင်ပေးထားသော မီးသတ်ယာဉ်ဟောင်း ကြီးများအား ဖျက်သိမ်းပြီး ခေတ်စနစ်နှင့်လျော်ညီသော မီးသတ်ယာဉ်ဖြင့် ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၆။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ရဲ့ ဒုတိ ယမေးခွန်းကတော့ ၁၉၅၅ -၅၆ ခုနှစ်ကတည်းက နိုင်ငံတော်မှ မြန်မာပြည်တစ်ဝန်း မီးသတ်ဌာနများတွင် ပေးထားတဲ့

(၅၆)နှစ်ကျော်မီးသတ်ယာဥ်ဟောင်းကြီးများကို ဖျက်သိမ်းပြီးတော့ ခေတ်စနစ်နှင့် လျော်ညီသော မီးသတ်ကားဖြင့် ပြောင်းလဲပေးနိုင်ခြင်း ရှိ /မရှိကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသကြီးများမှာ ၁၉၅၅-၅၆ ခုနှစ်ကတည်းက ပေးထားတဲ့ မီးသတ်ကားမော်တော်ယာဥ်ကြီး Ford ခေါင်းတိုသစ်သား ဘော်ဒီယာဥ်ဟောင်းကြီး များဟာဆိုလို့ရှိရင် ဘယ်နေရာ မှ အသုံးမဝင်တော့ပါဘူး။ ပြင်ဆင် သုံးစွဲရတဲ့ ကုန် ကျစရိတ်တွေ လည်း မနည်းတော့ပါဘူး။ နှစ်ပေါင်း (၅၆)နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါ၍ ၎င်းယာဥ်ဟောင်းကြီးများ အစား ခေတ်စနစ်နဲ့ လျော်ညီတဲ့ မီးသတ်ယာဥ်များပြောင်းလဲပေးဖို့ သင့်ပါပြီ။ ထို့အပြင် နိုင်ငံ အတွင်းမှာရှိတဲ့ မြို့နယ်အဆင့် မြို့များကို မီးသတ်ယာဥ်များ ပြောင်းလဲတိုးမြှင့်ပေးခြင်း အပြင် တိုက်နယ်ဒေသအဆင့်မှာရှိတဲ့ မြို့များကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်း ပြောင်းလဲပေးသင့် ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်တွေ့နယ်ပယ်မှာ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) ဖြူးမြို့နယ် ဇေယျဝတီဒေသမှာဆိုလို့ရှိရင် အဲဒီ ကားအဟောင်းကြီးအတွက် ပြုပြင်ခ ကောက်ခံခြင်း၊ ဆီစားလွန်းလို့ ရပ်ကွက်ဆီ ဆိုင်ငယ်များမှ အကြောင်းအမျိုးမျိုးပြပြီး တော့ ဆီ ကောက်ခံခြင်းများကို ပြည်သူများရဲ့ မပြောရဲ မဆိုရဲ အမုန်းမခံရဲတဲ့ဆန္ဒတွေကို ကျွန်တော့်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနထံသို့ အောက်ပါ(၂)ချက်ကို ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ (၁)(၅၆)နှစ်ကြာတဲ့ မီးသတ် ယာဥ်အဟောင်းကြီးကို ဖျက်သိမ်းပြီး ခေတ်စနစ်နဲ့ လျော်ညီတဲ့ မီးသတ်ကားနဲ့ ပြောင်းလဲပေးနိုင် ခြင်းရှိ/မရှိ။(၂) ယာဥ်အသစ်ပြောင်းလဲ တပ်ဆင်ပေးပါက ပြည်သူနဲ့ အစိုးရ ဘယ်လိုကျခံ သုံးစွဲမယ်၊ ဘယ်လိုအချိုးကျ သုံးစွဲမယ်ဆိုတဲ့ အကြောင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိကို သိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊၁၅း၃၉။**

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှ ယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော်ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ ကချင် ပြည်နယ် အမှတ် (၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် တင်ပြခဲ့တဲ့ ကချင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများ ကြောက်လန့်၍ မိမိအိုးအိမ်များ စွန့်ခွာပြီး ထွက်ပြေးတိမ်း ရှောင်လျက်ရှိရာ မိမိအစိုးရအား ယုံကြည်အားကိုး၍ လာရောက်ခိုလှုံနေကြသော ပြည်သူများအား နိုင်ငံတော် အစိုးရအနေဖြင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနိုင် ပါရန် ဆိုတဲ့ ကိစ္စနဲ့ ပတ်သက် ပြီးတော့ ကျွန်တော်ပြန်လည်ရှင်းလင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ဝန်ကြီးဌာနဟာ ဘေးဒုက္ခရောက်နေတဲ့ ပြည်သူများစားဝတ်နေရေး လတ်တလောသက်သာချောင် ချိမှု ရရှိရေးအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း(၆)မျိုးပါ တစ်ယူနစ်စီနှင့် ဆန်ဖိုး၊ ဆောက်လုပ်ရေး ပစ္စည်းဖိုးငွေများကို ကယ်ဆယ်ရေး စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၊ INGO များ၊ ပြည်တွင်း ပြည်ပစေတနာရှင်များနှင့် ပူးပေါင်း ပြီးတော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထိုသို့ အရေးပေါ် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ကျွန်တော်တို့ အနေနဲ့ မီးဘေး၊ လေဘေး၊ ရေဘေး အစရှိတဲ့ သဘာဝဘေး အမျိုးမျိုးအတွက်သာ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နယ်မြေလုံခြုံရေး အခြေအနေအရ ဘေးဒုက္ခရောက်နေကြတဲ့ ပြည်သူလူထုကိုလည်း အလားတူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခု ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ အချို့နေရာတွေမှာ နယ်မြေလုံခြုံရေး အခြေအနေအရ မြစ်ကြီးနားမြို့နယ်မှ အိမ်ထောင်စု (၄၁၇)စု၊

လူဦးရေ (၁၅၉၈)ဦး၊ ဝိုင်းမော်မြို့နယ်မှ အိမ်ထောင်စု (၅၁၀)စု၊ လူဦးရေ (၁၈၅၂)ဦး၊ ဗ န်းမော် မြို့နယ်မှ အိမ်ထောင်စု (၁၁၂)စု၊ လူဦးရေ (၅၁၆)ဦး၊ မိုးမောက်မြို့နယ်မှ အိမ်ထောင်စု (၂၈၄)စု၊ လူဦးရေ (၁၃၇၃)ဦး၊ မန်စီမြို့နယ်မှ အိမ်ထောင်စု (၄)စု၊ လူဦးရေ (၁၆)ဦး၊ ရွှေကူမြို့နယ်မှ အိမ်ထောင်စု (၃၁)စု၊ လူဦးရေ (၁၁၅)ဦး၊ ခေါင်လန်ဖူးမြို့နယ်မှ အိမ်ထောင်စု (၃၃)စု၊ လူဦးရေ (၉၅)ဦး၊ မချမ်းဘောမြို့နယ်မှ အိမ်ထောင်စု (၆)စု၊ လူဦးရေ (၁၅)ဦး စုစုပေါင်း မြို့နယ် (၈)မြို့နယ်မှ အိမ်ထောင်စု (၁၃၉၇)စု၊ လူဦးရေ (၅၅၈၀)ဦးတို့ကို လုံခြုံမှုရှိတဲ့ မြို့ပေါ် ရပ်ကွ က်၊ ကျေးရွာများသို့ ပြောင်းရွှေ့လာကြပါတယ်။ အထက်ပါ နယ်မြေလုံခြုံရေးအရ ပြောင်းရွှေ့လာကြတဲ့ အိမ်ထောင်စု (၁၃၉၇)စုမှ လူဦးရေ (၅၅၈၀)ဦးတို့ဟာ ကချင်ပြည်နယ် အစိုးရအနေနဲ့ နီးစပ်ရာ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဇရပ်များ၊ အသင်းတော်များနှင့် ခန်းမများတွင် နေရာချထားပေးလျက်ရှိရာ ၁၉.၉.၂၀၁၁ ရက်နေ့ အထိ ကယ်ဆယ်ရေးစခန်းပေါင်း(၃၈)ခုဖွင့်လှစ်ပြီးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထို့အပြင် ယာယီမိုးကာတဲများဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ပေးခြင်း စသည်တို့ကိုလည်းပဲ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ ဒုက္ခသည်များ ကျန်းမာရေးအတွက် ကယ်ဆယ်ရေးစခန်း များအလိုက်(၂၄)နာရီ ကျန်းမာရေးဆေးပေးခန်းများ ဖွင့်ပေးခြင်း၊ လိုအပ်ပါကဆေးရုံတင်၍ အခမဲ့ကုသပေးခြင်းများကိုလည်း ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ညှိနှိုင်းပြီးတော့လည်းကောင်း၊ ဒုက္ခသည်များထဲမှ ကျောင်းသား/ကျောင်းသူ (၂၄၂၂)ဦးကိုလည်း ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် သက်ဆို င်ရာ ကယ်ဆယ်ရေးစခန်းများနှင့် အနီး ဆုံး အခြေခံပညာ (မူလတန်း/အလယ်တန်း/အထက်တန်း) ကျောင်းများမှာ လက်ခံစေပြီးတော့ ပညာဆက်လက်သင်ကြားနိုင်ရေးကိုပြည်နယ်ပညာရေးမှူးရုံးနှင့်လည်းကောင်း ညှိနှိုင်းပြီးတော့ ပြည်နယ်အစိုးရ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ဘေးဒုက္ခသည် များကို ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ စေတနာရှင်များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ စုစုပေါင်း ငွေကျပ်(၁၃၂၀၉၈၂၈၆/-)တန်ဖိုးရှိတဲ့ ငွေသားနှင့် စားစရာ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြပါတယ်။ ကချင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း

များနှင့် မြစ်ကြီးနား မြို့မှာ ညှိနှိုင်း၍ ကယ်ဆယ်ရေး စခန်းများရှိ ဘေးဒုက္ခသည်များကို ထပ်မံကူညီနိုင်ဖို့အတွက် စီမံခန့်ခွဲခဲ့ရာ ဆန်အိတ်ပေါင်း (၁၅၀၇)အိတ်၊ ဆီ(၃၁၉၃)ပိဿာ၊ ဆား(၅၂၀) ပိဿာနှင့် ကုလားပဲ(၆၂၄၈)ပိဿာတို့ကိုလည်းပဲ ၂၀-၉-၂၀၁၁ ရက်နေ့ မှစတင်ပြီးတော့ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရမှ ဘေးဒုက္ခရောက်ကြရသော ပြည်သူများအပေါ် ကူညီထောက်ပံ့မှုများ ပေးနေခြင်းဟာ အခိုက်အတန့်မျှသာမဟုတ်ဘဲ လိုအပ်ချက်များ ပြည့်စုံသည့် အနေအထားရောက်သည်အထိ ကူညီသွားမှာဖြစ်ပြီး အခြားတစ်ဖက်မှာလည်း ပြည်သူများဒုက္ခရောက်ရသည့် အခြေခံအကြောင်းတရားများကိုဖြေရှင်းနိုင်ဖို့နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တာနေကြသည့် ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆော င်ရွက်သွားနိုင်ရန် ပြည်ထောင်စု အစိုးရမှ ငြိမ်းချ မ်းရေးတံခါးကိုဖွင့်လှစ်ပြီးမှ ဖိတ်ခေါ်ကြိုဆိုလျ က်ရှိသည်မှာ အားလုံး အသိပင် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိမိတို့ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဘေးဒုက္ခရောက်ကြရသော ပြည်သူလူထု၏ စားဝတ်နေရေး အား လတ်တလောအတွက်သာမဟုတ် ရေရှည်အတွက်ပါ ရည်မှန်း၍ ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အပေါ်မူတည်ပြီး ဆက်လက် ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် တင်ပြတဲ့ မေး ခွန်းနဲ့ စပ်လျဉ်းပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား၊ သိုင်းငင်း-တီးတိန် ကားလမ်း (၁၁) နေရာမှာ တောင်ပြိုပြီး ကားလမ်းပျက်စီးပိတ်ဆို့နေခြင်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁၁)နှင့် တီးတိန်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ စက်ယန္တရားများ၊ လူအင်အားများဖြင့်ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ ၁၇း၅၀နာရီ အချိန်တွင် မြေပြို ပိတ်ဆို့သွားသော သိုင်းငင်း -တီးတိန်ကားလမ်းမှာ ယာဉ်များသွားလာလို့ရအောင် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ တီးတိန်မြို့နယ် သောက်သုံးရေမိုးပေ(၃၀၀)ခန့် ပျက်စီးခဲ့မှုအပေါ်လည်းပဲ ပျက်စီးသွားတဲ့ သောက်သုံးရေပိုက်အား ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနမှ စိစစ်တွက်ချက်

ခဲ့ပြီးတော့ ကျပ် (၂.၉၆၅)သန်း ကုန်ကျမည်ဖြစ်ပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဘိလပ်မြေဖိုး ကျပ်(၀.၄၆)သန်းကိုလည်းကောင်း၊ စည်ပင်သာယာဦးစီးဌာနမှ ထောက်ပံ့ရန်ပုံငွေမှ ထပ်မံလိုအပ် ငွေ (၂.၅)သန်းကိုလည်းကောင်း၊အသီးသီးကျခံပြီးမှ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ရာ တီးတိန်မြို့နယ် မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာ (၂)ရွာအား ၂၀၁၁ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့မှ စတင်ပြီး ရေပေးဝေနိုင်ခဲ့ပါတယ်။ ဇလွီးရေအားလျှပ်စစ် ရေသွယ်မြောင်း သံကူကွန်ကရစ် ပေ (၁၀၀)ခန့် ကျိုးပဲ့ပျက်စီးမှုကိုလည်းပဲ ပြည်နယ်လျှပ်စစ်၊ တီးတိန်မြို့နယ်လျှပ်စစ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ ပျက်စီးသွားသော သံကူကွန်ကရ စ် ရေသွယ်မြောင်းနေရာတွင် သစ်သားရေသွယ်မြောင်းအား ပလပ်စတစ်ခင်း၍ ဆောင်ရွက်ပေးခဲ့ရာ တီးတိန်မြို့အား ၂၀၁၁ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် လျှပ်စစ်မီး ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဆက်လက်၍ ပွင့်လင်း ရာသီသို့ ရောက်ရှိ လာလျှင် ပြန်လည်တိုင်းထွာတွက်ချက်၍ ပြုပြင်ဆောင်ရွက်သွားနိုင်ရန် ကျွမ်းကျင်သူများဖြင့် အသေးစိတ် စီမံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တွန်းဇံမြို့၊ တွီးဆောမ်းရေအား လျှပ်စစ် ရေသွယ်မြောင်းပေ(၁၀၀)ခန့် ကျိုးပဲ့ပျက်စီးမှုမှာလည်းပဲပြည်နယ်လျှပ်စစ်၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူလူထုမှ ပူးပေါင်း၍ ပျက်စီးသွားသော ရေသွယ်မြောင်းအစား သစ်သားရေသွယ်မြောင်းအား ပလပ်စတစ်ခင်းပြီး ဆောင်ရွက်ပေးခဲ့ရာ တွန်းဇံမြို့ပေါ်ရပ်ကွက် များနှင့် ဖိုင်တူ၊ တွီတူးမ် ကျေးရွာများသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက် နေ့မှစတင်ပြီး (၂၄) နာရီ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ပါတယ်။ ပွင့်လင်းရာသီတွင်လည်း အခိုင်အမာနစ်တကျ ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနှင့်မျောပါပျက်စီးသွားခဲ့သော ကျေးရွာချင်းဆက် တံတား(၁၀)စင်းအား ပြင်ဆင်နိုင်ရေးအတွက်မူ တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပျက်စီးမှုအခြေအနေ အသေးစိတ်အား ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်လျှက် ပြင်ဆင်တည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်းအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးလျက် ရှိပါတယ်။ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်အရ မြို့ နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံ ငွေဖြင့် ပြင်ဆင်ရန် လုံလောက်မှု မရှိပါက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှထောက်ပံ့ ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက် ဝင်ဆံ့မှုနှင့်အညီ စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာပေါင်း(၅)ရွာ၌ မြေပြိုခြင်း၊ မြေသားအက်ကွဲခြင်းများကြောင့် အိမ် (၄၃)အိမ်ဖြိုဖျက် ပြောင်းရွှေ့ခြင်းနှင့် စပ်လျဥ်း ၍ ရှင်းလင်းတင်ပြလိုပါတယ်။ တီးတိန်မြို့နယ်မှာ မြေပြိုကျတဲ့အိမ် မရှိပါဘူး။ မြေပြိုမည်ကို စိုးရိမ်ရသည့် ဆွောင်းပီးရွာမှ အိမ် (၁၅)လုံးနှင့် လိုင်ဘုံကျေးရွာမှ အိမ် (၅)လုံးသာရှိပါတယ်။ အဆိုပါပြောင်းရွှေ့ အိမ်များအတွက် လိုအပ်သော ဆန်နှင့်အိမ်သုံးပစ္စည်းများလည်း ပဲ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ လယ်မြေစပါး (၅၀)ဧက ရေသွယ်မြောင်းမြေပြိုပျက်စီးမှုအတွက် ပျက်စီးသွားသောရေသွယ်မြောင်းများကို ပြန်လည်ကောင်းမွန်ပြီး လယ်ဧက (၅၀)အား ရေပေးဝေနိုင်ရန် လယ်ပိုင်ရှင်များမှ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေမှုအပေါ် ပြည်နယ်အစိုး ရအဖွဲ့မှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ကျေးရွာ(၁၀)ရွာရှိ ကိုယ့်အားကိုယ်ကိုးအသေးစားရေအားလျှပ်စစ် ရေသွယ်မြောင်းများ၊ ရေကန်များ ပဲ့ကျပျက်စီးနေခြင်းနှင့် စပ်လျဥ်း၍ ၂၀၁၀ ပြည့်နှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဥ် UNDP ၏ဝေးလံမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး စီမံကိန်းမှ ဆောင်ရွက်ပေးခဲ့သော တီးတိန်မြို့နယ် ပုံးပါကျေးရွာရှိ အသေးစားရေအား လျှပ်စစ်လုပ်ငန်းမှ ရေထိန်းကန်နှင့် ဂျင်နရေတာသို့ ရေဆင်းပိုက်များ ပျက် စီးသွားမှုတို့ကြောင့် လျှပ်စစ် ဓာတ်အား မပေးနိုင်တော့ကြောင်း သိရှိရပါသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်းပြီးတော့မှ ကွင်းဆင်းစစ်ဆေး ပြုပြင်ပေးရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး အသေးစားရေ အားလုပ်ငန်းများမှ ပျက်စီးမှုများအတွက် နယ်စပ် ရေး ရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနမှ အခြေအနေအသေးစိတ်ကို ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော် ကြီး မေးမြန်းခဲ့သော သဘာဝဘေးဒဏ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ အထက်တွင် တင်ပြထားရှိခဲ့သည့်အတိုင်း ကူညီပံ့ပိုးဆောင်ရွက်ပေး ခဲ့ပြီး ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက် နိုင်ဦး တင်ပြသည့် မေးခွန်းနှင့် စပ်လျဥ်းပြီး ပြ န်လည်ရှင်းလင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရမှ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် လို အပ်လျက်ရှိသော

မီးသတ်ယာဉ်များကို ပြည်ပမှဝယ်ယူဖြည့်တင်းပေးခြင်း၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ လှူဒါန်းခြင်း၊ မီးသတ်ဦးစီးဌာနတွင် ပြုပြင်တည်ဆောက် မီးသတ်ယာဉ်များ ထုတ်လုပ်စေခြင်းတို့ဖြင့် ဖြည့်တင်းပေးလျက် ရှိပါတယ်။ ၁၉၉၄ - ၁၉၉၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀ - ၂၀၁၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အထိ (၁၇)နှစ်တာကာလအတွင်း ပြည်ပမှ ဝယ်ယူဖြည့်တင်းပေးသည့် မီးသတ်ယာဉ် (၂၁၄)စီး မီး သတ်ဦးစီးဌာနတွင် ပြုပြင်တည်ဆောက် ထုတ်လုပ်သည့် မီးသတ်ယာဉ် (၃၅၅)စီး၊ စုစုပေါင်း မီးသတ်ယာဉ် (၅၆၉) စီး ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။

မီးသတ်ယာဉ်များကို ဖြည့်တင်းပေးရာတွင် မြို့တော်၊ ပြည်နယ် /တိုင်းဒေသကြီး အသီးသီး၏ မြို့တော်များ၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာစသည်ဖြင့် ဦးစားပေး အစီအစဉ်အတိုင်း ဖြည့်တင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အချို့မြို့နယ်ခွဲ၊ ကျေးရွာများတွင် ကိုယ့်အား ကိုယ်ကိုး အစီအစဉ်ဖြင့်လည်း ဖြည့်တင်းလျ က်ရှိကြပါတယ်။ ယခု လက်ရှိ အခြေအနေအရ နိုင်ငံတော် တစ်ဝန်းလုံးတွင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ မီးသတ်ယာဉ်လုံးဝမရှိသော မြို့နယ်(၅၅) မြို့နယ် ရှိနေပါသေးတယ်။ အဆိုပါ (၅၅) မြို့နယ်အနက် မီးသတ်ဦးစီးဌာန ဖွဲ့စည်းပုံ ခွင့်ပြုပြီး ဖြစ်သော်လည်း မီးသတ်ယာဉ်မရှိသေးတဲ့ မြို့နယ်က(၃၁)မြို့နယ်ဖြစ်ပါတယ်။ အဆိုပါမြို့နယ်များသို့ မီးသတ်ယာဉ်များ အမြန်ဖြည့်တင်းပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကျော် ရှိပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နှစ်တွင် ပြုပြ င်တည်ဆောက် မီးသတ်ယာဉ် (၁၂)စီးအား နိုင်ငံတော်က တစ်ဝက်၊ ပြည်သူက တစ်ဝက်နှုန်းဖြင့် ထုတ် လုပ်ဖြည့်တင်းပေးခဲ့သော်လည်း ယခုနှစ်တွင် နိုင်ငံတော်မှပင် ကုန်ကျစရိတ်အားလုံးကိုကျခံ၍ မီးသတ်ယာဉ်မရှိသေးသည့် မြို့နယ်များ၊ လမ်းပန်း ဆက်သွယ်မှု ခက်ခဲသည့် မြို့နယ်များနှင့် တောင်တန်းဒေသ မြို့နယ်များသို့ မီးသတ်ယာဉ်များ တာဝန်ချထားပေးနိုင်ရေးအတွက် ရေဂါလန်(၁၂၀၀)ဆံ့ မီးသတ်ယာဉ်(၂၈)စီး၊ ရေဂါလန်(၆၀၀)ဆံ့ မီးသတ်ယာဉ်(၁၆)စီး စုစုပေါင်း ပြုပြင်တည်ဆောက် မီးသတ်ယာ ဉ် (၄၄)စီး ထုတ်လုပ်ဖြည့်တင်း ပေးသွားရန် ရန်ပုံငွေ ခွဲဝေချထားပေးခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျာဝတီ အရန်မီးသတ်စခန်းသို့ ဖိုဒ်ဆွန်း မီးသတ်ယာဉ် အား ၁၉၅၄ ခုနှစ်တွင် မီးသတ်ဦးစီးဌာနမှ ထုတ်လုပ်ပေးခဲ့ပြီး လက်ရှိ တွင် အဆိုပါမီးသတ်ယာဉ် အား ဇေယျာဝတီဒေသ အုပ်ချုပ်ရေးမှူးမှ တာဝန်ယူထိန်းသိမ်း၍ ဒေသမီးဘေး လုံခြုံမှုကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ဖြူး မြို့နယ်၊ ဇေယျဝတီဒေသသည် ကျေးရွာ အုပ်စုအဆင့် ဖြစ်သော်လည်းပဲ လူနေထူထပ်ခြင်း၊ စီမံကိန်း ဝင် စက်ရုံ၊ အလုပ်ရုံများ ရှိခြင်းတို့အပြင် အရန် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဒေသမီးဘေးလုံခြုံရေး ကိစ္စများတွင် စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိနေသောကို တွေ့ရှိရတဲ့အတွက် ဂါလန်(၁၂၀၀)ဆံ့ တည်ဆောက် ပြုပြင်မီးသတ်ယာဉ် (၁)စီးကို ယခုဘဏ္ဍာ ရေးနှစ်မကုန်မီ နိုင်ငံတော်အနေဖြင့် ဖြည့်တင်းပေး သွားမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ခင်ဗျား။ ဝန်ကြီး၏ဖြေကြားချက်ကို အကယ်၍ အဆင်မပြေပါက စာနဲ့ပြန်ပြီး မေးဖို့ မေတ္တာရပ်ခံပါတယ်။ လွှတ်တော်မှာ အပြန်အလှန်မေးနေရင်၊ ထမေးရင် တစ်ယောက်က ထဖြေရင် မသင့်တော်မှာမို့လို့ ကျွန်တော် ခွင့်မပြုခြင်းဖြစ်ပ ါတယ်။ အကယ်၍ မရှင်းလင်းတာရှိရင် စာလေးနဲ့မေးပါ။ ကျွန်တော်မေးပေးပါမယ်။

## အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၂၅ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**အချိန်၊ ၁၅း၅၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အမျိုး သားလွှတ်တော် ပုံမှန်အစည်းအ ဝေး ၂၄ ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။]